မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၆)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Omsk မြို့ရှိ JSC Radio Plant သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် Irkutsk လေဆိပ်မှ ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် Omsk မြို့သို့ ရောက်ရှိရာ Russia-ASEAN Business Council ဥက္ကဋ္ဌ Mr. Ivan Polyakov နှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် JSC Radio Plant ပြတိုက်သို့ ရောက်ရှိကြပြီး JSC Radio Plant သမိုင်းကြောင်းနှင့် ဆက်သွယ်ရေးကဏ္ဍ၏ အရေးပါမှု Video အား ကြည့်ရှုကြကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

သတင်းဌာနများနှင့်တွေ့ဆုံ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် MKP-Media International Press Center သို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Information Agency Siberian News၊

စာမျက်နှာ ၃ ကော်လံ ၅ ✻

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Omsk မြို့ရှိ JSC Radio Plant ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၃

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် နောက် ၇၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ထူးခြားသည့် နေ့အပူချိန်များ

၂၃-၅-၂၀၁၉

ချောက်မြို့	၄၆	ဒီဂရီစင်တီဂရိတ်	အောင်လံမြို့	၄၂	ဒီဂရီစင်တီဂရိတ်
ဘော်လခဲမြို့	၄၄	ဒီဂရီစင်တီဂရိတ်	တောင်တွင်းကြီးမြို့	၄၂	ဒီဂရီစင်တီဂရိတ်
ပေါက်မြို့	၄၃	ဒီဂရီစင်တီဂရိတ်	ဆင်ဖြူကျွန်းမြို့	၄၂	ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၂	ဒီဂရီစင်တီဂရိတ်	ကြို့ပင်ကောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၂	ဒီဂရီစင်တီဂရိတ်	ပုသိမ်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂	ဒီဂရီစင်တီဂရိတ်			

မိုး/ဇလ

C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

နောင်တွင် ဤသို့ မဖြစ်ရလေအောင်

မေ ၂၂ ရက် ည သန်းခေါင်ခန့်က ဖားကန့်တွင် ဖြစ်ပွားခဲ့သည့် ကြောက်ခမန်းလိလိဖြစ်ရပ်ကြီးမှာ နိုင်ငံတကာသတင်းဌာနအသီးသီး၏ ဖော်ပြမှုများနှင့်အတူ ကမ္ဘာအနှံ့သို့ သတင်းပြန့်ခဲ့ပြီဖြစ်သည်။ ကောင်းသတင်းထက် ဆိုးသတင်းက လူစိတ်ဝင်စားမှုနှင့် ပျံ့နှံ့မှုအားကောင်းလေ့ရှိကြသည့်သဘာဝအတိုင်းပင် ဖားကန့်၏ ဖြစ်ရပ်ဆိုးက သတင်းထူးတစ်ပုဒ်အဖြစ် ပျံ့နှံ့ခဲ့ရခြင်းပင်ဖြစ်သည်။

နံ့ကန်ပေါက်ကျသည့်ဖြစ်စဉ် ဖြစ်ပွားချိန်သည် ညဥ့်နက်ချိန်ဖြစ်သည့်အလျောက် ကုမ္ပဏီနှစ်ခု၏ ညဆိုင်းအလုပ်သမားများသာရှိနေပြီး ရေမဆေးကျောက်ရှာသမားများနှင့် အခြားလူများ ရှိမနေခြင်းကြောင့်သာ အသေအပျောက်ကိန်းဂဏန်းမှာ လက်ရှိထက် ကြီးမားမသွားရခြင်းဖြစ်သည်ဟု ဝေဖန်ပြောကြားမှုများကိုလည်း ကြားသိရသည်။ သို့တိုင်အောင် လက်ရှိသိထားရသော သေဆုံးပျောက်ဆုံးအရေအတွက်နှင့် ရွှံ့နွံများအောက် ရောက်ရှိသွားသည့် ယာဉ်ယန္တရားများအရေအတွက်တို့သည်ပင် ထိတ်လန့်ဖွယ်ရာဖြစ်နေပေပြီ။ မြေစာပုံပြိုကျမှုအပါအဝင် မတော်တဆဖြစ်ရပ်များကြောင့် လစဉ်ဆိုသလို လူသေဆုံးမှုများ ဖြစ်ပေါ်လေ့ရှိသည့် ဖားကန့်ကျောက်စိမ်းမြေတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့သည့် လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည့် ဖြစ်ရပ်နောက်ပိုင်းတွင် ယခုအကြိမ်သည် လူအသေအပျောက်အများဆုံးဖြစ်ရပ်ဖြစ်လာသည်။

ခြေဗလာလက်ဗလာနှင့်လာသည့် လူသည်ပင်လျှင် ကံကြမ္မာဖေးမပါက နေ့ချင်းညချင်း သူဌေးဘဝသို့ ရောက်နိုင်သည်ဟူသော မျှော်လင့်ချက်အိပ်မက်များနှင့်အတူ ဖားကန့်ဒေသသို့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ရောက်လာသူများမှာ သိန်းနှင့်ချီ၍ ရှိနေကြသည်။ အတိတ်ကာလက ဖားကန့် ဒေသမှာ တစ်ပိုင်တစ်နိုင် သံတိုင်ကိုင်တူးခဲ့ကြသည့် ရိုးရာကျောက်တွင်းများခေတ်တွင် တောတောင်သဘာဝပတ်ဝန်းကျင်တို့ အပျက်အစီးနည်းခဲ့သော်လည်း စက်ယန္တရားကြီးများသုံးပြီး လုပ်ကွက်ကြီးများ၊ ကုမ္ပဏီများဖြင့် ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းများ တွင်ကျယ်ကြီးမားလာခဲ့ပြီးသည့်နောက် တောနှင့်တောင်နှင့် မြစ်ချောင်းများအားလုံးမှာ မိုင်းများ၊ ယမ်းများ၊ စက်ယန္တရားကြီးများဖြင့် ကြိတ်ချေခံရသည့်နှယ် ပြားပြားဝပ်စင်းခဲ့ကြရသည်။ ဖားကန့်ဒေသသို့ ရောက်ရှိလာသည့် မြန်မာနိုင်ငံဒေသအနှံ့အပြားမှ ရွှေ့ပြောင်းအလုပ်သမားအမြောက်အမြားမှာလည်း ဒေသအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာသည့်အလျောက် ၎င်းတို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သက်ဆိုင်ရာတို့က ဆောင်ရွက်ပေးလာရသည်။ တစ်ဖက်တွင်လည်း ကမ္ဘာပေါ်တွင် အကောင်းဆုံးကျောက်စိမ်းကို ထုတ်လုပ်နေသည့် မိမိတို့နိုင်ငံအနေဖြင့် သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲထုတ်လုပ်မှုတို့ တိုးတက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ကျပ်သန်းထောင်ပေါင်း ၇၃၉ ကျော် လျာထားရာမှာ ကျပ်သန်းထောင်ပေါင်း ၁၀၂၈ ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး လျာထားချက်ထက် ၁၃၉ ဒသမ ၀၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများတွင် တာဝန်များနှင့်အတူ အခွင့်အရေးများလည်းရှိရာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်းတို့ကို နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဟူသော ပြဋ္ဌာန်းချက်များလည်း ပါရှိလျက်ရှိသည်။ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူများက ၎င်းတို့ဆောင်ရွက်ရမည့်တာဝန်များ ကျေပွန်စွာဆောင်ရွက်ခြင်း ရှိ မရှိကိုမူ စစ်ဆေးရေးအရာရှိချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် စစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ်ဆေးသွားရမည်ဖြစ်ကြောင်း ဥပဒေပြဋ္ဌာန်းချက်များတွင် တွေ့ရှိရသည်။

တန်ဖိုးကျပ်ငွေ ထရီလီယံနှင့်ချီ၍ ထုတ်လုပ်နေသော ကျောက်မျက်ရတနာလုပ်ငန်းများမှာ လက်ရှိမိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသောကဏ္ဍ၌ ရှိနေသည်။ ယင်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်နေကြသူများတွင်လည်း အောက်ဆုံးအဆင့်မှသည် အပေါ်ဆုံးအဆင့်ထိ အိပ်မက်ကိုယ်စီရှိနေကြသည်။ မည်သို့ပင်ရှိစေကာမူ ယင်းအိပ်မက်များအတွက် လူ့အသက်များနှင့် သဘာဝရေမြေတောတောင်များကိုပါ ရင်းနှီးပေးဆပ်နေကြရသည်ကို အားလုံးက သတိချပ်ကြဖို့လိုသည်ဟု ရှုမြင်မိသည်။ ကျောက်စိမ်းဒေသ စိမ်းလန်းစိုပြည်လှပရေး၊ အနိဋ္ဌာရုံများ ကင်းစင်ရေးအတွက် ပြဋ္ဌာန်းပြီးဖြစ်သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၂၃

ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာ နှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေး စေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် လှူဒါန်းသည့် အလှူငွေများ လက်ခံရယူစဉ်။

အခမ်းအနားတွင် အလှူရှင် ဦးဇော်မိုးခိုင် + ဒေါက်တာစောနေနွယ် (AA Medical Product Ltd. နှင့် Pacific AA Foundation) မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ငွေကျပ်သိန်း ၂၀၀၀၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ် သိန်း ၄၀၀ နှင့် နေပြည်တော်ရှိ ဓမ္မသာလာ နှစ်ထပ်ဆောင် တည်ဆောက်ရေး အတွက် ငွေကျပ်သိန်း ၁၀၀၊ ဦးဝင်းဖေ+ ဒေါ်ရွှေချော၊ သမီး မနီလာ၊ သီဟသုဓမ္မ သိင်္ဂီ မနန်းဝါ မိသားစုက ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ထားကိုးကွယ်ရေး အတွက် ငွေကျပ် သိန်း ၁၀၀၀၊ နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးအတွက် ငွေကျပ် သိန်း ၁၀၀၊ ဦးသိန်းဝင်းဇော် + သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်လတ်မင်း၊ သား မောင်ဝင်းပိုင်ကျော်၊ သမီး မသိမ့်ဝင်းထက် (ရွှေဖျိုင်းဖြူ ကုမ္ပဏီလီမိတက်) မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့်တောင်တန်း ဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် ငွေကျပ်သိန်း ၁၀၀ စီနှင့် ရန်ကုန်မြို့ သာသနာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လျှပ်စစ်မီးတပ်ဆင်ရေး အတွက် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းမှုတို့အတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ **သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၃

(၂၂)ကြိမ်မြောက် ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲနှင့် အလွတ်တန်း ကာတွန်းပြိုင်ပွဲများကို ရန်ကုန်မြို့လသာမြို့နယ် အထက -၂ မြည်လာခန်းမ၌ ဇွန် ၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ပန်းချီ ပြိုင်ပွဲများကို ယင်းနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

အလယ်တန်း၊ အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သတင်းအချက်အလက် နည်းပညာ တက္ကသိုလ် ပါရမီလမ်း (၁၂) ရပ်ကွက် တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲကို ယင်းနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ လသာမြို့နယ် အထက -၂ မြည်လာခန်းမ ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ပုံစံများကို မေ ၁ ရက်မှစတင်၍ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)တွင် အခမဲ့ထုတ်ယူနိုင်ပြီး ဖြည့်စွက်ပုံစံများကို ဇွန် ၆ ရက် နောက်ဆုံးထား၍ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

လှိုင်ကော်မြို့လောပိတကျေးရွာအုပ်စု၌ (၁၆)ခုတင်ဆံ့ လောဓလေးတိုက်နယ်ဆေးရုံဖွင့်လှစ်

လှိုင်ကော် မေ ၂၃

ကယားပြည်နယ် လှိုင်ကော်မြို့ လောပိတကျေးရွာအုပ်စု၌ (၁၆)ခုတင် ဆံ့ လောဓလေးတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်နှင့် ဒေသခံ ရပ်မိရပ်ဖဖြစ်သူ ဦးစောလွင်ဦးတို့က (၁၆)ခုတင်ဆံ့ လောဓလေး တိုက်နယ်ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ က (၁၆)ခုတင်ဆံ့ လောဓလေးတိုက်နယ် ဆေးရုံအဆောက်အအုံသစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အအုံသစ် တည်ဆောက်ခဲ့သည့် အဆောက်အအုံ အထူးအဖွဲ့ (၁၂)မှ တာဝန်ရှိသူက တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များအား ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

လောဓလေးတိုက်နယ်ဆေးရုံကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

“ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၆၅၀ နဲ့ တည်ဆောက်ခဲ့တာ အခု (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ် ပြီးစီးချိန်မှာ ကျပ်သန်း ၅၀၀ ဖြစ်ပြီး ကျန်ကျပ်သန်း ၁၅၀ ကို ဝန်ထမ်းအိမ်ရာ ဆက်လက် ဆောက်လုပ်သွားမှာဖြစ်တယ်။ အခု ဆေးရုံအဆောက်အအုံသစ်ဟာ ဒေသတွင်း ကျေးရွာ ၂၀ မှ လူဦးရေ ၁၅၀၀၀ ကျော်ရဲ့ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်မှု ပေးနိုင်မယ့် ဆေးရုံဖြစ်ပါတယ်။ ဝန်ထမ်းအင်အားဖွဲ့စည်းပုံအရ တိုက်နယ်ဆရာဝန် နှစ်ဦး အပါအဝင် ၂၉ ဦး ဖြစ်ပါတယ်။ ဆေးဝါးပစ္စည်းအနေနဲ့ ၂၀၁၈ - ၂၀၁၉ မှာ လူဦးရေ ၁၅၀၀၀ အတွက် လိုအပ်တဲ့ ဆေးဝါးစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းဖြည့်သွင်းထားပြီးဖြစ်ပါတယ်”ဟု ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ပြောကြားသည်။ **ကိုစိုင်း(လှိုင်ကော်)**

ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေ ဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြားဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၀/၂၀၁၉) ကျင်းပစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၀/ ၂၀၁၉) ကျင်းပ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၀/၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

✾ ရှေ့ဖုံးမှ

Radio Siberia၊ Prodvizhenie TV Channel၊ BRICS TV Channel၊ Information Agency OMSC HERE သတင်းဌာနများနှင့် တွေ့ဆုံ၍ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် Omsk မြို့မှ ဆက်လက်ထွက်ခွာခဲ့ပြီး ညပိုင်းတွင် မော်စကိုမြို့ရှိ Vnukovo-3 လေဆိပ်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုရှိန်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

နောင်ချိုမြို့ရှောင်လမ်း လမ်းအူကြောင်း စတင်ဖောက်လုပ်

နောင်ချို ဧပြီ ၂၃

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြို့ရှောင်လမ်း လမ်းအူကြောင်း ဖောက်လုပ်ရေးအတွက် လမ်းဖောက်လုပ်မည့် တာဝန်ခံကုမ္ပဏီနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၀ ရက်က နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် နောင်ချိုမြို့နယ် မြို့ရှောင်လမ်းစတင်သည့် လုံရုံးကျေးရွာအုပ်စု ကျောက်ကြမ်းကျေးရွာလမ်းခွဲမှ စတင်၍ လမ်းအူကြောင်း စတင်ဖောက်လုပ်ခဲ့ရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး ဦးဆောင်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဒေါက်တာစစ်အောင်လတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လမ်းဖောက်လုပ်ရေးတာဝန်ခံကုမ္ပဏီမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ကြီးကြပ်ခဲ့ကြသည်။

နောင်ချိုမြို့ရှောင်လမ်းပြီးစီးသွားပါက အဝေးပြေးယာဉ်များ မြို့တွင်းသို့ ဖြတ်သန်းသွားလာမှု လျော့နည်းလာပြီး နောင်ချိုမြို့သူ၊ မြို့သားများ ယာဉ်အန္တရာယ်ကင်းဝေးစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

(၂၇)ကြိမ်မြောက် လျှပ်စစ်နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းဆိုင်ရာ ပူးတွဲဆပ်ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၃

(၂၇)ကြိမ်မြောက် လျှပ်စစ်နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းဆိုင်ရာ ပူးတွဲဆပ်ကော်မတီ (JSCEEE) အစည်းအဝေးနှင့် ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးနိုင်က အမှာစကားပြောကြားပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ JBMIA မှ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ASEAN Integration Initiatives နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေ၊ (၂၆) ကြိမ်မြောက် အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များအပေါ် အကောင်အထည်ဖော်နေမှု၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပူးပေါင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ JSCEEE အား တာဝန်ယူဆောင်ရွက်မည့် Focal Points များအား ပြန်လည်အတည်ပြုခြင်းနှင့် နည်းပညာဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ အတွေ့အကြုံဖလှယ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ JSCEEE အစည်းအဝေးများကို အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ်ဖြစ်ပေါ်ရေး၊ ကုန်သွယ်မှုအတားအဆီးဆိုင်ရာ လျှော့ချရေးနှင့် အာဆီယံဒေသတွင်း လျှပ်စစ်နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများဆိုင်ရာ အပြန်အလှန် သဘောတူညီချက်၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများဆိုင်ရာ ထိန်းသိမ်းကွပ်ကဲမှုစနစ် အကောင်အထည်ဖော်ရာတွင် လက်ရှိဆောင်ရွက်မှုများ၊ ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်း ပူးတွဲဆပ်ကော်မတီကို တာဝန်ယူဆောင်ရွက်နေသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်းချင်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထက်ဦးလျှံ၊ ဓာတ်ပုံ-အေးသန်း

ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းအမွေအနှစ်ဒေသ ထိခိုက်မှုမရှိစေရေး ညှိနှိုင်း

နေပြည်တော် မေ ၂၃

ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှု ရှိစေရေး၊ ရှေးဟောင်းအမွေအနှစ်ဒေသ ထိခိုက်မှုမရှိစေရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေး၊ ရှေးဟောင်းအမွေအနှစ်ဒေသ ထိခိုက်မှုမရှိစေရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်ထိ ကျင်းပမည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံ အစည်းအဝေးတွင် ပုဂံဒေသနှင့်ပတ်သက်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကို ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ရာ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် UNESCO သို့ တင်သွင်းထားသည့် မူဘောင်များနှင့်အညီ ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို မထိခိုက်စေနိုင်သည့် လုပ်ငန်းရှင်များနှင့် ဒေသခံ တစ်နိုင်တစ်ပိုင် လုပ်ကိုင်လိုသူများလည်း လုပ်သာကိုင်သာရှိစေရေး နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးနိုင်ပါရန် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ မထိခိုက်စေရေးနှင့် ဒေသတွင်းနှင့် နိုင်ငံသားလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်း

နေပြည်တော် မေ ၂၃

နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နိုင်ငံတကာဈေးကွက်များ၌ ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၈၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၁ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၇၀ မှ ဆန်တန်ချိန် ၈ ဒသမ ၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၈ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း။

နယ်စပ်မှ ဆန်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၅၅ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၅ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၀၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၉ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း။

အာဖရိကသည် ဆန်ကိုစိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုသည် စိုက်ပျိုးထုတ်လုပ်နိုင်မှုထက် များပြားသဖြင့် အာရှဒေသရှိနိုင်ငံများထံမှ ပြန်လည်ဝယ်ယူ တင်သွင်းရပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်နိုင်ငံများတွင် အာဖရိကနိုင်ငံများလည်း အပါအဝင်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများသည် အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေး၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ဆန်တင်သွင်းမှု အများဆုံးနိုင်ငံများမှာ တရုတ်၊ ဘီနင်၊ ဆော်ဒီအာရေးဗီးယား၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများနိုင်ငံ၊ အင်္ဂလန်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံတို့ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်များနှင့် နိုင်ငံတော်ပါ အကျိုးဖြစ်ထွန်းနိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရေး ပိုမိုကြိုးပမ်းလုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း။

မြန်မာ့ဆန်စပါး ကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ် အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများအား အဆင်ပြေချောမွေ့စွာ ကျော်ဖြတ် ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ပါကြောင်း။

အိုင်ဗရီကို့စ်တွင် ဖျက်ဆီးခံရသည့် ဆန်များကို မြန်မာနိုင်ငံက ကုမ္ပဏီသုံးခုထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co.,Ltd. က FOB စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အာဖရိကတိုက် Guinea တွင် ရောင်းရန်ဖြစ်ပါကြောင်း၊ ဆန်တင်သည့် သင်္ဘောသည် မြန်မာနိုင်ငံက ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းက ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် ထွက်ခွာခဲ့ပြီး Guinea ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆန်များကို သင်္ဘောချရာ၌ တန်ချိန် ၄၀၀၀ ချပြီးနောက် ဆန်အလေးချိန် မပြည့်ဆိုသည့် ပြဿနာပေါ်သည်ဟု သိရပါကြောင်း။

အာဖရိကနိုင်ငံများသို့ လှည့်လည်ရောင်းချရာတွင်လည်း လက်မခံနိုင်သည်ဟု သိရပါကြောင်း၊ ဆန်အိတ်များသည် ကီလို ၅၀ ရှိရမည်ဖြစ်၍ ၄၅ ကီလိုသာရှိသည့်အတွက် လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု သိရပါကြောင်း၊ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဝယ်ယူတင်ပို့သည့် ကုမ္ပဏီ၊ ဆန်အရည်အသွေးနှင့် အလေးချိန်စစ်ဆေးသည့် Inspection Agency၊ ဝယ်ယူသူ (Buyer) များ၏ အားနည်းချက်ကြောင့် ဖြစ်သည်ကို ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ ဖြစ်စဉ် နောက်ထပ်မဖြစ်စေရန် စနစ်တကျစီစဉ်ကြပ်မတ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်တင်ပို့သည့် ကုမ္ပဏီကြီးများ၊ အရည်အသွေးစစ်ဆေးသည့် အဖွဲ့အစည်းများမှ အကြံဉာဏ်များ တင်ပြဆွေးနွေးရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများသည်လည်း ဈေးကွက်ရရှိရေးကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများမှ ပိုမိုတွန်းအားပေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း၊ ဆန်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါကြောင်း၊ မည်သည့်ပြဿနာမှ ကြီးကြီးမားမား မပေါ်ပေါက်ခဲ့ပါကြောင်း၊ ယခု အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာနှင့် ပတ်သက်၍ မြန်မာ့ဆန်ပုံရိပ် မကျဆင်းစေရေး၊ ရေရှည်တည်တံ့သည့် ဆန်တင်ပို့မှုစနစ်ဖြစ်ပေါ်ရေး၊ ဆန်စပါးကြိတ်ခွဲမှု အရည်အသွေးပြည့်မီရေး၊ အလေအလွင့်နည်းပါးရေး၊ အလေးတင်းတောင်း မှန်ကန်မှုရှိရေး၊ သယ်ယူပို့ဆောင်မှုကောင်းမွန်ရေး မြန်မာ့ဆန်ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် လိုအပ်သည့်စနစ်နှင့် အဖွဲ့အစည်းများ ထားရှိဆောင်ရွက်နိုင်ရေးကို အဖြေရှာ၍ အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ကိုယ်စားလှယ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ဆန်နှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ စားသုံးသူများ၏ စိုးရိမ်ထိတ်လန့်မှုနှင့် လေ့လာတွေ့ရှိချက်များ၊ အသင်းချုပ်အနေဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ ရှင်းလင်းတင်ပြခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ သင်္ဘောများဖြင့် ဆန်တင်ပို့ခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ ဆန်ကြိတ်ခွဲတင်ပို့မှု လုပ်ငန်းစဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ်စိစစ် လေ့လာသွားမည့် အခြေအနေ၊ အလေးချိန်မှန်ကန်ရေး စနစ်တကျစီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတကာ ဆန်ဈေးကွက်အခြေအနေနှင့် မြန်မာ့ဆန်ပုံရိပ်ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက ဆန်သင်္ဘောတင်ပို့မှုကိစ္စ၊ သင်္ဘောတင်ရန် စစ်ဆေးခြင်းကိစ္စ၊ သယ်ယူပို့ဆောင်သိုလှောင်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပြည်ပသို့ ဆန်တင်ပို့သည့်ကုမ္ပဏီများနှင့် Inspection Agency များမှ ကိုယ်စားလှယ်များ၊ ဆန်စပါးကျွမ်းကျင် ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံ၏ ပထမဆုံးသော တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ တရားဝင်တင်ပို့ရာတွင် မရှိမဖြစ် လုပ်ငန်းစဉ်တစ်ခုဖြစ်သော တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့တွင် ဧပြီ ၂၂ ရက် နံနက်က ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများသည် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ စစ်ဆေးရေးစခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထိုက်သင့်သည့်အကျိုးအမြတ်ရရှိစေရန်

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မွေးမြူသူတောင်သူများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချနိုင်ရန် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ကို ထုတ်ပြန်ပြီး ခွင့်ပြုပေးခဲ့ကြောင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားကို အခြေခံပြီး ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချနိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့်အတူ တစ်ဖက်တွင်လည်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိရစ္ဆာန်များ ကုန်သွယ်မှုပြုလုပ်ရာတွင် နိုင်ငံတကာ စံနှုန်းနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်ပြီး ထိန်းသိမ်းစောင့်ကြည့်သွားခြင်းဖြင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်ရန် လိုအပ်လာသဖြင့် ယခုကဲ့သို့ တိရစ္ဆာန်ရောဂါထိန်းချုပ် စောင့်ကြည့်စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တိရစ္ဆာန်ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားရလေအောင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ရမည့် လုပ်ထုံး၊ လုပ်နည်းနှင့် စည်းမျဉ်း စည်းကမ်းများ ချမှတ်ခြင်း၊ အမှတ်အသား တပ်ဆင်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ စစ်ဆေးပြီးကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊ Animal Quarantine Certificate ထုတ်ပေးခြင်း စသည့် လုပ်ငန်းများကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ Animal Quarantine Station တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

စစ်ဆေးမှုများ ပြုလုပ်သွားမည်

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန်အတွက် ကုန်သွယ်မှုပြုလုပ်နိုင်သော ကျွဲ၊ နွားများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေး စခန်းတွင် ထိန်းသိမ်းထားရှိ၍ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းနောက် Bliss Myanmar International Co., Ltd. မှ တာဝန်ရှိသူများက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေး စခန်းဆိုင်ရာ အဆောက်အအုံများနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်သူများက ဆွေးနွေးတင်ပြကြသည်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

စီမံချက်များ ချမှတ်ဆောင်ရွက်

ယခုဖွင့်လှစ်သည့် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေး စခန်း၊ ကွတ်ခိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ Mini Budget အတွင်း ဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ တိရစ္ဆာန်ရောဂါထိန်းချုပ် စောင့်ကြည့်စစ်ဆေးရေးစခန်းတစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ကျွဲ နွားတင်ပို့မှုများကြောင့် ပြည်တွင်းစားသုံးမှုပမာဏ မထိခိုက်စေရေး၊ နိုင်ငံအတွင်းရှိ အရင်းအမြစ်များ မကုန်ခန်းစေရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် ကျွဲ၊နွားများ တိုးချဲ့မွေးမြူစေရေး၊ မျိုးထိန်းမျိုးမြှင့်ရေး၊ အစာနှင့် စားကျက်လုံလောက်စေရေး၊ မေထုန်မဲ့သားစပ်ခြင်းနှင့် သဘာဝသားစပ်လုပ်ငန်းများ တိုးတက်စေရေး စသည့်လုပ်ငန်းကဏ္ဍများကိုလည်း စနစ်တကျ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများအား ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား လေးမျိုးခွဲခြားသတ်မှတ်ကာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားသူများအား ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့မှ အဆင့်ဆင့်စိစစ်ရွေးချယ်ကာ လူတွေ့မေးမြန်း အကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုပြီး အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ယခုလည်း ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်း အကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်၊ မပြုသင့်ကို ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းတာဝန်ခံတို့က နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် ဗဟိုကော်မတီမှ စိစစ်ပြီးသူများအား လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များက လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်း စတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ နိုင်ငံခြားသား စုစုပေါင်း ၅၉၈ ဦး အမြဲနေထိုင်ခွင့် လျှောက်ထားသည့်အနက် ၄၈၀ အား ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအနက် ၂၇ ဦးအား လူတွေ့မေးမြန်းအကဲဖြတ် အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ၂၀၁၉ ခုနှစ် မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	တိုင်းဒေသကြီး၊ ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	လယ်ဝေး
၂။	ကချင်ပြည်နယ်	တနိုင်း၊ ဖားကန့်
၃။	ကရင်ပြည်နယ်	နန်းကော်တေးကျေးရွာ
၄။	ချင်းပြည်နယ်	ဖလမ်း၊ တီးတိန်
၅။	စစ်ကိုင်းတိုင်းဒေသကြီး	ယင်းမာပင်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကျွန်းလှ၊ မြို့သစ်မြို့ မင်းသာ
၆။	တနင်္သာရီတိုင်းဒေသကြီး	ကံပေါက်တိုက်နယ်၊ ကျွန်းစု၊ ဘုတ်ပြင်း
၇။	ပဲခူးတိုင်းဒေသကြီး	ကျောက်တံခါး၊ ပေါက်ခေါင်း၊ ကျောက်ကြီး၊ ဇီးကုန်း
၈။	မကွေးတိုင်းဒေသကြီး	မြို့သစ်၊ မြိုင်၊ ဆိပ်ဖြူ၊ ပွင့်ဖြူ၊ အောင်လံ
၉။	မန္တလေးတိုင်းဒေသကြီး	ဝမ်းတွင်း၊ ငါန်းဇွန်၊ တံတားဦး၊ မိုးကုတ်
၁၀။	မွန်ပြည်နယ်	ချောင်းဆုံ၊ ကျိုက်ထို
၁၁။	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော
၁၂။	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ၊ တွံတေး
၁၃။	ရှမ်းပြည်နယ်	ရပ်စောက်၊ နမ့်စန်၊ တန့်ယန်း၊ မိုးမိတ်၊ မိုင်းယောင်း
၁၄။	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ဓနုဖြူ၊ မြန်အောင်၊ ကြံခင်း၊ ဒေးဒရဲ

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

မြန်မာနိုင်ငံနှင့် ပရဟိတလုပ်ငန်းများ

တက္ကသိုလ်ဇော်ထူးဦး

"ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူမှုဝန်ထမ်းလုပ်ငန်းများကို အကြမ်းအားဖြင့် လုပ်ငန်းနယ်ပယ် ၁၀ ခု ခွဲကာ အကောင်အထည်ဖော်ခဲ့၏။ ယင်းတို့မှာ ထိခိုက်နာမကျန်းသူများအတွက်လုပ်ငန်း၊ ကလေးသူငယ်များအတွက်လုပ်ငန်း၊ လူငယ်များအတွက်လုပ်ငန်း၊ လူအိုများအတွက်လုပ်ငန်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူများအတွက်လုပ်ငန်း၊ စာရိတ္တချို့ယွင်းသူတို့ အတွက်လုပ်ငန်း၊ လူမှုပညာဖြန့်ချိမှုလုပ်ငန်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ငန်း၊ မိခင်နှင့်ကလေးများအတွက်လုပ်ငန်းနှင့် အထွေထွေလုပ်ငန်းတို့ဖြစ်သည်"

မွန်မြတ်သော လူမှုဝန်ထမ်းအလေ့အထ

တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီထောက်ပံ့ခြင်းဟူသော အညမညသင်္ဂဟလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် ရှေးကပင်ရှိခဲ့၏။ ဤမွန်မြတ်သော လူမှုဝန်ထမ်းအလေ့အထများသည် အထူးသဖြင့်ကျေးလက်တောရွာများတွင် စ၍ရှိခဲ့ရာ ယနေ့တိုင် တွေ့နေရဆဲဖြစ်သည်။

သာရေးနာရေးကိစ္စများတွင် ရွာလုံးကျွတ် မိမိအလုပ်အကိုင်နား၍ ဝိုင်းဝန်းဆောင်ရွက်ပေးခြင်း၊ တစ်အိမ်ထောင်အိုးသစ်အိမ်သစ် ရရှိရေးအတွက် တစ်ရွာလုံးက ဝိုင်းဝန်းကူညီပန္နက်ချ အိမ်တိုင်ထူပေးခြင်း၊ အိမ်မိုးပေးခြင်းစသည့် လူမှုရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ကြသည်မှာ ကျေးလက်မြန်မာ့ဓလေ့ပင်ဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက်က လူမှုဝန်ထမ်းလုပ်ငန်းကို ကုသိုလ်ရေးအနေဖြင့်သာ ဆောင်ရွက်ကြ၏။ မင်းတုန်းမင်းတရား လက်ထက်တွင် လူမှုဝန်ထမ်းလုပ်ငန်းကို စနစ်တကျဖွဲ့စည်းလုပ်ကိုင်ခဲ့ကြ၏။ သာဓကအားဖြင့် လယ်ယာစိုက်ပျိုးရေး တိုးတက်စေရန် ရေတွင်းရေကန် တူးဖော်ခြင်း၊ ဆည်မြောင်းတာတမံဆောက်လုပ်ခြင်း၊ သာသနာရေးတိုးတက်ရန် သံဃာအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်းလုပ်ငန်းအချို့ကို သံဃာအဖွဲ့အစည်းများက ဦးဆောင်ပြုလုပ်လေ့ရှိကြ၏။ သံဃာတော်တို့မှာ လောကီအလုပ်နှင့် မပတ်သက်သော်လည်း လူမှုရေးလုပ်ငန်းများဖြစ်သည့် မကျန်းမာသူများ၊ အိုမင်းမစွမ်းရှိသူများ၊ ဆင်းရဲနွမ်းပါးသူများကို ကယ်ဆယ်မစကာ လက်ခံစောင့်ရှောက်ထားခြင်းကို ဘုန်းတော်ကြီးကျောင်းများတွင် တွေ့ရသည်။

ထို့အပြင် ကလေးသူငယ်နှင့်လူငယ်လူရွယ်များ ပညာသင်ကြားရာကျောင်းအဖြစ်လည်း ဘုန်းတော်ကြီးကျောင်းများကိုပင် အသုံးပြုခဲ့ကြ၏။ ယင်းသည် ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်သွားသည့်တိုင် ကျေးလက်တောရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆက်လက်ဆောင်ရွက်နေခဲ့သည်။

အသင်းအဖွဲ့များအဖြစ် ပေါ်ပေါက်လာ

ဗြိတိသျှအစိုးရလက်ထက်တွင် စီးပွားရေးနှင့် ဆီလျော်သော လူမှုရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ပေးခဲ့ရာ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ပါဝင်ခဲ့၏။ နိုင်ငံအတွင်းသို့ ခရစ်ယာန် သာသနာပြုအဖွဲ့များ ရောက်လာချိန်တွင် ၎င်းတို့ယူဆောင်လာသော အနောက်နိုင်ငံနည်းစနစ်များဖြင့် လူမှုဝန်ထမ်းလုပ်ငန်းများကို လုပ်ကိုင်ကြရာ အောင်မြင်ခဲ့၏။ ယင်းတို့ကို ဗြိတိသျှအစိုးရက ဘဏ္ဍာရေးအားဖြင့် အထောက်အပံ့ပေးမှုများ ရှိခဲ့သည်။

ထို့နောက် နိုင်ငံတော်အတွင်း အမျိုးသားစိတ်ဓာတ်နိုးကြားတက်ကြွလာချိန်တွင် ပြည်သူလူထုတို့မှာ လူမှုဝန်ထမ်းလုပ်ငန်းများကိုလည်း စိတ်ပါဝင်စားလာကြ၏။ လူငယ်ကြီးပွားရေးပြဿနာများ၊ ကလေးနှင့်မိခင်များစောင့်ရှောက်ရေးပြဿနာများကို စေတနာ့ဝန်ထမ်းသဘောသက်သက်ဖြင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူငယ်များကြီးပွားရေးအသင်း၊ ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း စသည့်အသင်းများကို ဖွဲ့၍ဆောင်ရွက်လာခဲ့ကြသည်။

ပညာရေးဘက်တွင်လည်း ရန်ကုန်မြို့တွင် မြို့မတိုင်းရင်းသားကျောင်းဟူ၍လည်းကောင်း၊ နယ်များတွင် အမျိုးသားကျောင်းများဟူ၍လည်းကောင်း ပေါ်ပေါက်လာခဲ့၏။ ထို့နောက် ပိုင်း နှစ်ပေါင်း ၃၀ ကျော်သောအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် အပြည်ပြည်ဆိုင်ရာအသင်းများနှင့် ဆက်သွယ်ခဲ့သော ဝိုင်အမ်စီအေ၊ ဝိုင်ဒဗလျူစီအေ စသည်ဖြင့် မိမိတို့ကိုယ်တိုင် ငွေကြေးများရှာဖွေလျက် ဖွဲ့စည်းတည်ထောင်သည့်အသင်းများ ပေါ်ပေါက်လာခဲ့၏။ ၁၉၃၀ ပြည့်နှစ်ခန့်တွင် ကျေးလက်တောရွာပြုပြင်ရေးအသင်းများ ပေါ်ပေါက်လာသည်။

သမဝါယမအသင်း၊ သမဝါယမဘဏ်များ၊ အိမ်တွင်းမှုလုပ်ငန်းများနှင့် သက်ကြီးပညာသင်ကြားရေးအတွက် ကျောင်းများကိုလည်း ဖွဲ့စည်းတည်ထောင်လာပြီး ဤသို့လူမှုဝန်ထမ်းလုပ်ငန်းများ၊ နိုးကြားတက်ကြွစွာ ပေါ်ပေါက်လုပ်ဆောင်နေကြစဉ်တွင် ဒုတိယကမ္ဘာစစ်ကြီး ဝင်ရောက်ဖိစီးနှိပ်စက်ခဲ့သဖြင့် လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းရပ်များ ဆုတ်ယုတ်ပျက်စီးခဲ့ရ၏။ စစ်ကြောင့် နိုင်ငံအတွင်း အလုပ်လက်မဲ့ပြဿနာများ၊ အိုးအိမ်မဲ့ပြဿနာများ၊ စစ်ပြေးဒုက္ခသည်များနှင့် ပညာသင်ကြားရေးပြဿနာများ ပေါ်ပေါက်လာခဲ့ရာ လူမှုဝန်ထမ်းလုပ်ငန်းများမှာလည်း ပျောက်ကွယ်လုမတတ်ဖြစ်ခဲ့သည်။

ဂျပန်ခေတ် လူမှုဝန်ထမ်းလုပ်ငန်း

သို့ရာတွင် ဂျပန်ခေတ်တွင် ဗမာ့ဝန်ထမ်းဌာနဟူသော အမည်ဖြင့် မြန်မာအမျိုးသားတို့၏ ကူညီတတ်သော ယဉ်ကျေးမှုတိမ်ကောပပျောက်ခြင်း မရှိစေရန် အမျိုးသားကာကွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရန် ဂျပန်အုပ်ချုပ်ရေးနှင့် သီးခြားဖြစ်သော အဖွဲ့ကြီးတစ်ဖွဲ့ ပေါ်ပေါက်လာခဲ့သည်။

ယင်းဗမာ့ဝန်ထမ်းဌာနကို ကျေးလက်တောရွာများတွင်လည်း အနှံ့အပြားဖွဲ့စည်းထားရှိရာ ဝန်ထမ်းတပ်များသည် ကျေးရွာလူထုကောင်းစားရေးနှင့် အမျိုးသားကာကွယ်ရေးလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ဂျပန်ခေတ်တွင် မြန်မာတို့သည် လူမှုဝန်ထမ်းလုပ်ငန်းများကို တတ်အားသမျှကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ အင်္ဂလိပ်များ ပြန်လည်ဝင်လာချိန်တွင် ပြည်သူလူထုကြီးတစ်ရပ်လုံးမှာ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေရ၍လည်းကောင်း၊ စီးပွားရေး၊ လူမှုရေးတို့မှာလည်း ဖရိုဖရဲပျက်စီးနေမှုကြောင့်လည်းကောင်း၊ လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ရှိသလောက် အကောင်အထည်မဖော်နိုင်ခဲ့ဘဲ ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များဖြင့်သာ အချိန်ကုန်ခဲ့ကြသည်။

လူမှုဝန်ထမ်းစိတ်ဓာတ်နှင့် အလေ့အထများသည် မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် ထွန်းကားခဲ့သော်လည်း ခေတ်ကာလအလျောက် ပြဟ္မစိုရ်တရားနည်းပါး ဆုတ်ယုတ်လာပြီး လူမှုရေးလုပ်ငန်းများကို လျစ်လျူရှုသူများ တဖြည်းဖြည်းများလာခဲ့၏။ ထို့ကြောင့်နိုင်ငံတော်အစိုးရက ဤမွန်မြတ်သော စိတ်ဓာတ်နှင့် အလေ့အထများကို စနစ်တကျပြန်လည်ပျိုးထောင်ကာ လူမှုရေးရာပြဿနာအရပ်ရပ်ကို ကြိုးပမ်းဖြေရှင်းနိုင်ရန် လူမှုရေးစီမံကိန်းကော်မရှင် နိုင်ငံတော်လူမှုဝန်ထမ်းကောင်စီ စသည်တို့ကို ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လူမှုဝန်ထမ်းလုပ်ငန်းများကို အကြမ်းအားဖြင့် လုပ်ငန်းနယ်ပယ် ၁၀ ခု ခွဲကာ အကောင်အထည်ဖော်ခဲ့၏။ ယင်းတို့မှာ ထိခိုက်နာမကျန်းသူများအတွက်လုပ်ငန်း၊ ကလေးသူငယ်များအတွက်လုပ်ငန်း၊ လူငယ်များအတွက်လုပ်ငန်း၊ လူအိုများအတွက်လုပ်ငန်း၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူများအတွက်လုပ်ငန်း၊ စာရိတ္တချို့ယွင်းသူတို့အတွက်လုပ်ငန်း၊ လူမှုပညာဖြန့်ချိမှုလုပ်ငန်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ငန်း၊ မိခင်နှင့်ကလေးများအတွက်လုပ်ငန်းနှင့် အထွေထွေလုပ်ငန်းတို့ဖြစ်သည်။

၁၉၅၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ပြည်ထောင်စုလူမှုဝန်ထမ်းကောင်စီကို ဖွဲ့စည်းခဲ့၏။ ထိုကောင်စီ ပေါ်ပေါက်ချိန်တွင် မြန်မာနိုင်ငံတွင် ပြည်ထောင်စုလူငယ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာကြည့်တိုက်နှင့် စာဖတ်အသင်းများအဖွဲ့ချုပ်၊ ဗမာပြည်လွတ်လပ်ရေး အမျိုးသမီးများအစည်းအရုံးဌာနချုပ်၊ လက်နက်ကိုင်တပ်ပေါင်းစုံချီးမြှင့်ရေး အမျိုးသမီးအဖွဲ့ချုပ်၊ ပြည်သူ့သူနာပြုတပ်မတော်ဌာနချုပ်၊ မြန်မာပြည်ကင်းထောက်ဌာနချုပ်၊ ဗမာနိုင်ငံလုံးဆိုင်ရာဗမာ မွတ်စလင်အမျိုးသမီးများအဖွဲ့ချုပ်၊ ဝိုင်အမ်စီအေ၊ ဗမာနိုင်ငံလူငယ်များအစည်းအရုံးဌာနချုပ်၊ ဝိုင်အမ်ဒဗလျူစီအေ၊ မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးများအဖွဲ့ချုပ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီ စသည့်အဖွဲ့ချုပ်များ တည်ရှိကြပြီးဖြစ်သည်။

၁၉၅၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်နေ့အထိ ပထမအကြိမ် ပြည်ထောင်စုလူမှုဝန်ထမ်းညီလာခံကြီးကို ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းလုံးမှ လူမှုရေးအသင်းအဖွဲ့များ၊ ဂေဟာများ၊ ဌာနများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူ ၃၀၀ ခန့် တက်ရောက်ခဲ့၏။ ယင်းညီလာခံ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုလူမှုဝန်ထမ်း ကောင်စီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဒီဇင် ဘာလတွင် ဒုတိယအကြိမ်ညီလာခံနှင့် ၁၉၅၅ ခုနှစ် ဒီဇင်ဘာလတွင် တတိယအကြိမ်ညီလာခံများကို အသီးသီး ကျင်းပခဲ့သည်။

ဌာနတစ်ခုအဖြစ် ဖွဲ့စည်း

ပထမညီလာခံကြီး ကျင်းပနေစဉ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့၏။ ၁၉၅၆ ခုနှစ်တွင် အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအဖွဲ့ချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် ကိုယ်ကျင့်တရားမြှင့်တင်ရေးအဖွဲ့ချုပ်အမည်ဖြင့် ဖွဲ့စည်းခဲ့၏။ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရက အမျိုးသမီးနှင့် ကလေးများတိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့၏။ ၁၉၄၉ ခုနှစ်တွင် ထိုအဖွဲ့အား အမျိုးသမီးများနှင့် ကလေးများစောင့်ရှောက်ရေးဌာနအဖြစ် အစိုးရက တိုက်ရိုက်အုပ်ချုပ်သောဌာနတစ်ခုအဖြစ် ပြောင်းလဲခဲ့သည်။ ၁၉၅၄ ခုနှစ် ဧပြီ ၁ ရက်နေ့မှစ၍ အမျိုး သမီးများစောင့်ရှောက်ရေးဌာန၏ လုပ်ငန်းအချို့ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် လူမှုရေးရာကြီးပွားရေးဌာနဟု ဌာနသစ်အဖြစ် ဖွဲ့စည်းခဲ့သည်။

လူမှုရေးရာကြီးပွားရေးဌာနသည် စတင်ဖွဲ့စည်းစဉ်က ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ခံဖြစ်ပြီး ၁၉၅၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှစတင်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်သို့ ရောက်ရှိခဲ့၏။ ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လူမှုရေးရာ ကြီးပွားရေးဌာနအမည်မှ လူမှုဝန်ထမ်းဌာနဟု ပြောင်းလဲခေါ် တွင်ခဲ့၏။ ယခင်က လူမှုဝန်ထမ်းလုပ်ငန်းများကို စာရိတ္တပြုပြင် ပေးရန်ဟူသော လူမှုရေးသဘောထားအခြေခံဖြင့် ကုသိုလ်ရေးသက်သက် ဆောင်ရွက်ခဲ့ရာမှ နောင်တွင်စီးပွားရေးကြောင့် လူမှုရေးအခက်အခဲများကို ဖြေရှင်းပေးရန်ရည်ရွယ်ကာ ပုံစံ အမျိုးမျိုးဖြင့် ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်။ ။

နှစ်ပေါင်း ၁၆၀ ကျော်ရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း ရှေးမူမပျက်ပြန်လည်ပြုပြင်

ရမည်းသင်း ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေကူရပ်ကွက်အတွင်းရှိ ရွှေကူတောင်ကျောင်း ဘုန်းတော်ကြီးကျောင်းကို ၁၈၅၇ ခုနှစ်က ရမည်းသင်းမြို့ ပန်းတိမ်ရပ်ကွက်နေ ကျောင်းဒါယကာ ဦးအောင်သာ - ဒေါ်မှန်တို့က (ယနေ့ ခေတ်လူကြီးတစ်ဖက်စာခန့်ရှိ) ကျွန်းတိုင် ၆၃ လုံးပါရှိသည့် ရှေးမူလက်ရာများဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း၊ ယခုအခါ သက်တမ်းနှစ်ပေါင်း ၁၆၀ ကျော် ကြာလာပြီဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တက္ကန္ဒောဘာသထံမှ သိရသည်။

ယခုအခါတွင် ရာသီဥတုဒဏ်နှင့် နှစ်ကြာမြင့်လာသဖြင့် ဘုန်းတော်ကြီးကျောင်းကြီးသည် ယိမ်းယိုင်လာပြီး တိုင်အခြေများ ပျက်စီးစပြုလာပြီဖြစ်သောကြောင့် ၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၆ ရက်မှ စတင်ပြီးကျောင်းတော်ကြီးကျောင်းကို ရှေးမူမပျက်ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်းအား မူလအလှူရှင်၏ မြေးများက ဆက်လက်ပြင်ဆင်လှူဒါန်းကြောင်း သိရသည်။

ယင်းဘုန်းတော်ကြီးကျောင်းမှာ ရှေးယခင် ကျွန်းတိုင်ကြီးများဖြင့် ဘုံသုံးဆင့်ပါရှိပြီး ပေ (၉၀ × ၅၆)၊ အမြင့် ၃၄ ပေရှိကြောင်း သိရသည်။

ဇော်ဝင်းအောင် (ရမည်းသင်း)

ရှေးမူမပျက် ပြန်လည်ပြုပြင်နေသော ရမည်းသင်းမြို့နယ်က ဘုန်းတော်ကြီးကျောင်း။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့တွင် ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ် (People's Liberation Army-PLA Navy)၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် International Fleet Review- IFR အခမ်းအနားနှင့် China- ASEAN Joint Maritime Exercise သို့ တက်ရောက်ရန်အတွက် ဗိုလ်မှူးချုပ် ဇွဲဝင်းမြင့် ဦးဆောင်သည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် မေ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ် (၃) ရေတပ်ဆိပ်ခံ တံတားမှ ထွက်ခွာခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်ဆိပ်ကမ်းသို့ ရောက်ရှိကြောင်း သိရသည်။

လက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်

စစ်ရေယာဉ် (ဆင်ဖြူရှင်) သည် ရန်ကုန်ဆိပ်ကမ်းမှ ချင်းတောင် ဆိပ်ကမ်းသို့ ရေမိုင်ပေါင်း ၃၈၀၀ ကျော်အား ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံရေပြင်များနှင့် အက်ဒမန်ပင်လယ်၊ မလက္ကာရေလက်ကြား၊ တောင်တရုတ် ပင်လယ်၊ ထိုင်ဝမ်ရေလက်ကြား၊ အရှေ့တရုတ်ပင်လယ်နှင့် ပင်လယ်ဝါတို့အား ဖြတ်သန်းမောင်းနှင်ခဲ့ပြီး လမ်းခရီးတစ်လျှောက် ရေယာဉ်ပေါ်လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့သည်။

ပါဝင်တက်ရောက်မည်

အဆိုပါ စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် ချင်းတောင်ဆိပ်ကမ်းသို့ ရောက်ရှိစဉ် ယနေ့၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ် (People's Liberation Army-PLA Navy)၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် International Fleet Review - IFR အခမ်းအနားသို့ ပါဝင်တက်ရောက်မည်ဖြစ်ပြီး မေ ၂၄ ရက်မှ ၂၆ ရက်အထိ အခမ်းအနားသို့ တက်ရောက်လာသည့် စစ်ရေယာဉ်များ အပြန်အလှန်လေ့လာခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ချင်းတောင်မြို့တွင်းလေ့လာရေးခရီးသွားရောက်ခြင်းနှင့် ချင်းတောင်မြို့အနီး ပင်လယ်ပြင်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ရေတပ်နှင့် အာဆီယံနိုင်ငံများမှ စစ်ရေယာဉ်များနှင့်အတူ China-ASEAN Joint Maritime Exercise ပြုလုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

China-ASEAN Joint Maritime Exercise တွင် ပုံပြမောင်းနှင်ခြင်း လေ့ကျင့်ခန်းများ၊ ရေယာဉ်ပေါ်တက်ရောက်ရှာဖွေ စီးနင်းသိမ်းပိုက်ခြင်း လေ့ကျင့်ခန်းများ၊ ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ခန်းများ၊ ရဟတ်ယာဉ်များ အပြန်အလှန်ဆင်းသက်ခြင်း လေ့ကျင့်ခန်းများ၊ ဆက်သွယ်ရေးလေ့ကျင့်ခန်းများနှင့် ဒဏ်ရာရလူနာများ သယ်ယူရွှေ့ပြောင်းခြင်းနှင့် ကုသမှုလေ့ကျင့်ခန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်) တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်ဆိပ်ကမ်းသို့ ရောက်ရှိလာစဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

"ကျွန်ုပ်တို့၏ ပိုးလမ်းမ" ဓာတ်ပုံပြပွဲဖွင့်ပွဲနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပထမဦးဆုံး ပူးပေါင်းရိုက်ကူးမည့် "ပုဂံရတနာသိုက်"ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်

ရန်ကုန် မေ ၂၃

"ကျွန်ုပ်တို့၏ ပိုးလမ်းမ"ဓာတ်ပုံပြပွဲ ဖွင့်ပွဲနှင့် မြန်မာနှင့် တရုတ်နှစ်နိုင်ငံ ပထမဦးဆုံးပူးပေါင်းရိုက်ကူးသည့် "ပုဂံရတနာသိုက်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

တရုတ်- မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံမှုထူထောင်ခြင်း ၂၀၂၀ ခုနှစ်တွင် နှစ် ၇၀ ပြည့် အထိမ်းအမှတ်နှင့် ဒုတိယအကြိမ် "Belt and Road Initiative" ထိပ်သီးအစည်းအဝေး ပေကျင်းမြို့၌ ကျင်းပခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အဆိုပါ အခမ်းအနားကို ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး "ကျွန်ုပ်တို့၏ ပိုးလမ်းမ" ဓာတ်ပုံပြပွဲကို တရုတ်ယဉ်ကျေးမှုစင်တာ၌ ယနေ့မှစတင်ကာ မေလလယ်အထိ ချိတ်ဆွဲပြသသွားမည် ဖြစ်သည်။

ယင်းဓာတ်ပုံပြပွဲတွင် ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဓာတ်ပုံပြပွဲ ကြီး၏ ဓာတ်ပုံဆရာ ၃၃၀ ကျော်တို့ ရိုက်ထားသော ထူးခြားပြောင်မြောက်လှသည့် ဓာတ်ပုံပေါင်း ၈၀၀၀ ကျော်အနက်မှ ဓာတ်ပုံ ၆၀ ကိုရွေးချယ်ပြသထားခြင်းဖြစ်ကာ ယင်းတို့အနက် မြန်မာနိုင်ငံမှ ဓာတ်ပုံလေးပုံပါဝင်ကြောင်း သိရသည်။

ပြပွဲတွင်ပြသထားသော ဓာတ်ပုံများသည် ပိုးလမ်းမကြီးပေါ်ရှိ မတူညီသော နိုင်ငံနှင့် လူမျိုးစုများ၏ သဘာဝရှုခင်း၊ လူမှုယဉ်ကျေးမှုနှင့် ချမ်းမြေ့သာယာဖွယ်ကောင်းသော ဘဝအတွက် ကြိုးပမ်းအားထုတ်မှုများကို ဖော်ပြထားခြင်းဖြစ်ရာ မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့အတူ မြန်မာ- တရုတ်နှစ်နိုင်ငံ ပထမဦးဆုံးပူးပေါင်းရိုက်ကူးမည့် " ပုဂံရတနာသိုက် " ရုပ်ရှင်ဇာတ်ကားကို ခြောက်လခန့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် မြန်မာနိုင်ငံတွင် စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံမှ Brave Empire Entertainment နှင့် တရုတ်နိုင်ငံ Beijing Trawind Division ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ရိုက်ကူးသွားမည်ဖြစ်ပြီး နှစ်နိုင်ငံမှ ထူးချွန်ပြောင်မြောက်သော ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာအဖွဲ့များ အတူတကွပူးပေါင်းရိုက်ကူးသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် မြန်မာနိုင်ငံမှ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်း၊ ဝတ်မှုံရွှေရည်၊ ဟောင်ကောင်မှ ဝါရင့်သရုပ်ဆောင် Billy Lau၊ တရုတ်နိုင်ငံမှ သရုပ်ဆောင်သစ် Anqi Fu- He တို့နှင့်အတူ နှစ်နိုင်ငံ သရုပ်ဆောင်များပါဝင်မည်ဖြစ်ပြီး ယင်းဇာတ်ကားကို တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့်အခြား အရှေ့တောင်အာရှနိုင်ငံများတွင် ရုံတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်းအကျဉ်းမှာ တရုတ်လူငယ်တစ်ဦး မြန်မာနိုင်ငံတွင် ရတနာသိုက်များ လာရောက်ရှာဖွေချိန်တွင် မြန်မာနှင့် တရုတ်လူငယ်များ အတူတကွရင်ဆိုင်ရသည့် ဟာသဇာတ်လမ်းနှင့် စိတ်လှုပ်ရှားရသည့် အတွေ့အကြုံများကို ရိုက်ကူးထားခြင်းဖြစ် သည်။

ဇာတ်လမ်းစီစဉ်သူ Jackie Ran ပြောကြားချက်အရ ဇာတ်ကွက်များ ပြသသည့် တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ လှပသော နိုင်ငံပုံရိပ်၊ ကြွယ်ဝလှသောယဉ်ကျေးမှု သမိုင်းကြောင်း၊ ရိုးသားဖြူစင်လှသော ပြည်သူများနှင့် ပေါ်များစုံလင်လှသော ခရီးသွားအရင်းအမြစ်များကိုပါ ပုံဖော်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရုပ်ရှင်ပူးပေါင်းဆောင်ရွက်မှုတစ်ခုသာမက ရုပ်ရှင်မှတစ်ဆင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာအပေါ် သက်ရောက်မှုကိုပါ မြှင့်တင်ပေးနိုင်ကာ မြန်မာနှင့် တရုတ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

◆ကျောဖုံးမှ

" ဒီအစီအစဉ်ကို လုပ်တဲ့အခါမှာ ကျွန်တော်တို့ဘက်ကနေ ဒီဇိုင်းဆွဲပေးတာမျိုးမဟုတ်ဘဲနဲ့ ဒီနေရာကို အနာဂတ်မှာ ဘယ်လိုပုံစံမျိုးရှိစေချင်လဲ။ ဒီနေရာရဲ့ အားသာချက်တွေက ဘာလဲ၊ ဒီနေရာမှာ ဘယ်လိုအပိုင်းလေးတွေ ပါဝင်ရင် ကောင်းမလဲဆိုတာကို ကျွန်တော်တို့က ရပ်ကွက်မှာနေတဲ့၊ အနီးပတ်ဝန်းကျင်မှာနေတဲ့သူတွေနဲ့ ဆွေးနွေးပွဲလေးတွေ လုပ်ပြီးတော့မှ တစ်ဆင့်ချင်းသွားတာမျိုးပါ။ နောက်ဆုံးဒီဇိုင်းလေး ရလာတော့မှ အဲဒီဒီဇိုင်းကို အကောင်အထည်ဖော်ဖြစ်တာပါ" ဟု ဒို့အိမ်လူထုဆက်ဆံရေးနှင့် ဆက်သွယ်ရေးအရာရှိ ကိုကျော်စည်သူက ပြောသည်။

ယခုဖွင့်လှစ်မည့် နောက်ဖေးလမ်းကြား ဥယျာဉ်အစီအစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပုံရိပ်များ ပါအောင်ပြုလုပ်ထားပြီး မြန်မာနိုင်ငံရှိ မတူညီသည့် ပထဝီဝင်မြေပြင် အနေအထားများဖြစ်သော တောင်တန်းပုံများ၊ ပင်လယ်ပုံများ၊ တောအုပ်ပုံများအပြင် အဓိကထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော ဇရာဝတီလင်းပိုင်၊ လိပ်များ၊ အာရှဆင်၊ ကျားပုံကို ရောင်စုံပန်းချီများဖြင့် လှလှပပဖန်တီးထားမည်ဖြစ်ကြောင်း သိရသည်။

ခုနစ်ခုမြောက် နောက်ဖေးလမ်းကြားဥယျာဉ် အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ကိုကျော်စည်သူက "ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် တခြားကမ္ဘာနိုင်ငံတွေမှာမရှိတဲ့ ဇီဝမျိုးစိတ်တွေ တွေ့နိုင်တယ်။ မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အနေအထားဆိုရင် တစ်နေရာနဲ့တစ်နေရာ လုံးဝကွဲပြားတယ်။ တချို့နေရာတွေမှာ တောင်တန်းတွေရှိတယ်။ တချို့နေရာတွေမှာ ပင်လယ်တွေ၊ မြစ်ချောင်းတွေ၊ တောအုပ်တွေ အစုံပဲရှိတဲ့အတွက်ကြောင့် ဒါတွေကို လူတွေ ပိုပြီးသိမြင်လာပြီး တန်ဖိုးထားတတ်ဖို့ ဆိုတဲ့ သဘောမျိုးနဲ့ပါ" ဟု ပြောကြားခဲ့သည်။

ဒို့အိမ်အနေဖြင့် ရန်ကုန်မြို့ပြ အမွေအနှစ် အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် အများပြည်သူဆိုင်ရာနေရာများ ဖန်တီးရေးတို့ကို အဓိကထားလုပ်ဆောင်လျက်ရှိသော လူမှုအကျိုးပြုအဖွဲ့အစည်းတစ်ခုဖြစ်သည်။ စတင်စဉ်က ရန်ကုန်မြို့လယ်ကောင်ဧရိယာအတွင်း အဓိကထားလုပ်ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရန်ကင်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင်ပါ လူမှုအကျိုးပြုအစီအစဉ်များ လုပ်ဆောင်လာခဲ့ပြီး လှိုင်မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များသို့ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒို့အိမ်၏ ရှစ်ခုမြောက် နောက်ဖေးလမ်းကြားဥယျာဉ်အစီအစဉ်ကို လမ်း ၃၀ နှင့် ဗိုလ်ဆွန်ပက်လမ်း (အထက်ဘလောက်)တွင် ပြုလုပ်သွားမည်ဖြစ်ပြီး မေလ ၂၀ ရက်ခန့်တွင် ဖွင့်လှစ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါနေရာတွင် လူငယ်များအတွက် စုစည်းရာနေရာတစ်ခုအဖြစ် ဖန်တီးသွားရန် စီစဉ်ထားပြီး လူငယ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် အနုပညာ၊ ဂီတ၊ အားကစား စသောတက်ကြွလှုပ်ရှားမှုကို ဦးစားပေးသည့် နေရာတစ်ခုအဖြစ် ဖန်တီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ ထင်ပေါ်ဝင်း(ကမာရွတ်)

အရည်အသွေးပြည့်ဝ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ၏ အခန်းကဏ္ဍသည် အဓိကအရေးကြီး

နေပြည်တော် မေ ၂၃

ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၁၉) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဘွဲ့လွန်ဆေးပညာ သင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနရှိ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များ၏ အခန်းကဏ္ဍသည် အဓိကအရေးကြီးပါကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရန်အတွက် သင်ကြားလေ့ကျင့်ပေးမည့် ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်သည်လည်း ကောင်းမွန်မြင့်မားရန်လိုအပ်ပါကြောင်း၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များတွင် ဆရာ ဆရာမများကို ဘာသာရပ်ဆိုင်ရာ၊ သင်ကြားသင်ယူမှုနည်းစနစ်ဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် သုတေသနပိုင်းဆိုင်ရာ မွမ်းမံသင်တန်းများ ပေးအပ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ခွဲစိတ်ကုသမှုများပါဝင်သော ဆေးပညာရပ်များနှင့် အခြားဆေးပညာရပ်များအသီးသီးမှ ပညာရှင်များအနေဖြင့်လည်း သင်ကြားမှုနည်း စနစ်များနှင့် အတွေ့အကြုံများကို ဝေမျှခြင်းဖြင့် သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မဟာဗျူဟာ (၂၀၁၈-၂၀၂၂)တွင် ပါဝင်သော လုပ်ငန်းစဉ်များကို ဦးစားပေးသတ်မှတ်၍ လက်တွေ့ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များရှိ ဆေးပညာသင်ကြားရေးဌာနများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် သင်ကြားသင်ယူမှု အထောက်အကူပြုသည့် ပတ်ဝန်းကျင်ကောင်းများရရှိစေရန်ကိုလည်း အထူးအလေးပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊

ဘွဲ့လွန် ဆေးပညာသင်တန်းများ တက်ရောက်သည့် ဆရာဝန်များအနေဖြင့် အလုပ်သင်ဆရာဝန်များနှင့် ဆရာဝန်များကို အတွေ့အကြုံဝေမျှခြင်းနှင့် သင်ကြားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားမှုဆိုင်ရာ အတွေ့အကြုံများလည်း ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ဆီးချိုသွေးချိုရောဂါ အပါအဝင် မကူးစက်တတ်သော ရောဂါများ ကုသရာတွင် အရေးကြီးသည့် အာဟာရပညာရှင်များ စတင်မွေးထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်သွား စေလိုပါကြောင်း၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များတွင် သုတေသနစိစစ်အကဲဖြတ်ရေးအဖွဲ့များ အရေအတွက် ပိုမိုတိုးမြှင့်ဖွဲ့စည်းစေလိုပြီး အဆိုပါ သုတေသန စိစစ်အကဲဖြတ်ရေးအဖွဲ့များမှ အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် တိုးမြှင့်စေရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ဆေးသုတေသနမှတ်ပုံတင်မှတ်တမ်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်အားလုံးမှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့စာတမ်းများကို ချိတ်ဆက် မှတ်တမ်းတင်ထားရမည် ဖြစ်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) တွင် သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့် Certificate သင်တန်းများ ပြုလုပ်လျက်ရှိရာ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ဆရာ ဆရာမများလည်း တက်ရောက်ကြရမည်ဖြစ်ပါကြောင်း။

ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ စုပေါင်း၍ အဆိုပါ တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းသားများ ဆောင်ရွက်ထားသည့် သုတေသနစာတမ်းများကို ထည့်သွင်းဖော်ပြနိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ သုတေသနဂျာနယ်ထုတ်ဝေသွားနိုင်ရေး အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်တွင် သုတေသနလုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၃၀၀၀ လျာထားပါသဖြင့် ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခများ၊ ဆရာ ဆရာမများအနေဖြင့် သုတေသနများ ပိုမိုလုပ်ဆောင်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၀၁၉-၂၀၂၀) ခုနှစ်တွင် ဒီပလိုမာဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများခေါ်ယူမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ် ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လေပြင်းတိုက်မှုကြောင့် ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်အတွင်းရှိ လေဘေးသင့်အိမ်ခြေများအား ကြည့်ရှုအားပေး

လယ်ဝေး မေ ၂၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် လယ်ဝေးမြို့နယ်တွင် ယမန်နေ့ညနေက လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်၊ ကျေးရွာများရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ဘုန်းကြီးကျောင်း၊ အားကစားရုံနှင့် အခြားအဆောက်အဦများ အမိုးလန်ခြင်းပျက်စီးမှုများကို ယနေ့နံနက် ၁၀ နာရီက လာရောက်ကြည့်ရှုသည်။

ကြည့်ရှုအားပေး

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်း၊ နေပြည်တော် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ မှန်တောကျေးရွာနှင့် သက္ကယ်ချင်းကျေးရွာများရှိ လေဘေးသင့်အိမ်ခြေများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကျွန်းစုမြို့နယ်၌ ချိန်ခါမဟုတ်လေပြင်းတိုက်၍ နေအိမ်နှစ်လုံးပြိုကျ

ကျွန်းစု မေ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စု မိုင်းတွေးကျေးရွာ၌ မေ ၂၂ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၃၀ ခန့်က အချိန်အခါမဟုတ် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်နှစ်လုံးပြိုကျခဲ့ပြီး လူနေအိမ်အချို့နှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်းတို့ အမိုးများလန် ပျက်စီးခြင်းများ ဖြစ်ခဲ့သည်။

ကျွန်းစုမြို့၏ တောင်ဘက် ရေမိုင် ၄၀ ခန့်အကွာ ပင်လယ်ပြင် ကျွန်းရွာဖြစ်သည့် ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စု မိုင်းတွေးကျေးရွာ၌ မေ ၂၂ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၃၀ ခန့်က အချိန်အခါမဟုတ် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် ကျေးရွာရှိ ဦးမျိုးကျော် (၄၅ နှစ်) ပိုင် နေအိမ်နှင့် ဦးစိုးလွယ် (၃၅ နှစ်) ပိုင် နေအိမ်တို့ ပြိုကျပျက်စီးခဲ့ပြီး နေအိမ်ငါးလုံး အမိုးလန်ပျက်စီးမှုဖြစ်ခဲ့သည်။ ထို့ပြင် ဘုန်းတော်ကြီးကျောင်း အမိုးအုတ်ကြွပ် အချပ် ၅၀ ခန့်နှင့် အခြေခံပညာအလယ်တန်းကျောင်းမှ အမိုးအုပ်ကြွပ် အချပ် ၅၀ ခန့် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းတွေးကျေးရွာတွင် နေအိမ်များ ပြိုကျပျက်စီးမှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာ မရှိကြောင်းနှင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်များမှ မိသားစုဝင်များသည် ၎င်းကျေးရွာရှိ ဆွေမျိုးတော်စပ်သူများ၏ နေအိမ်များ၌ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး နေအိမ်အပျက်အစီးများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာသူ/ကျေးရွာသားများက ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၃

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) အား ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သူ (အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဦးဝင်းနိုင်ထွန်း (ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန) နှင့် လုပ်ငန်းကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးမှ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သူက လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီဖွဲ့စည်းရခြင်း၏ အဓိကအကြောင်းရင်းများကို ရှင်းပြပြီး ကုလသမဂ္ဂဘက်မှ အဆိုပြုသည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်းနှင့် ကလေးသူငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခြင်းတို့အား အဆုံးသတ်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်(၂)ရပ်မူကြမ်းအား ရှင်းလင်းကာ သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် ပါဝင်ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဝင်းနိုင်ထွန်းက လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီကို ဇန်နဝါရီ ၇ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစီးသော အဆိုပါကော်မတီအစည်းအဝေး ပထမအကြိမ် ကျင်းပခဲ့ကြောင်း၊ ကာကွယ်တားဆီးရေး ကော်မတီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ထပ်မံထည့်သွင်း ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ CTFMR (Country Task Force on Monitoring and Reporting) မှ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရန် ကမ်းလှမ်းမှုများ ရှိနေကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို တားဆီးကာကွယ်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီတို့တွင် ထပ်မံထည့်သွင်းနိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

မေလဆန်းတွင် သက်ဆိုင်ရာဌာနများမှ ကုလသမဂ္ဂဘက်မှ အဆိုပြုသည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်းနှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်းတို့အား အဆုံးသတ်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်(၂)ရပ်မူကြမ်းတို့အပေါ် လေ့လာတွေ့ရှိချက်များ ပြန်လည်တင်ပြကြရမည်ဖြစ်ပြီး မေလအတွင်း ဒုတိယအကြိမ် အစည်းအဝေး ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေ လိုအပ်ချက်များအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် သောက်သုံးရေလှူဒါန်းခြင်းကို ၂၀၁၉ ခုနှစ်၊ မေလအတွင်း ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ဇေယျာသီရိ မြို့နယ် စက်ကုန်းကျေးရွာရှိ လူဦးရေ ၄၀၂ ဦးအတွက် သောက်သုံးရေ ဂါလန် ၃၀၀၀၊ ရေသန့်တစ်လီတာဘူး ၈၁၀၊ ရေသန့်ဆေးပြား ၃၀၀၀ လှူဒါန်းခဲ့ပြီး ပြည်သူလူထုနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ဆွေးနွေးမေးမြန်းကာ ဖြည့်ဆည်းပေးနိုင်ရေးကို နေပြည်တော်ကောင်စီနှင့်အတူ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များမှ ခန့်မှန်းခဲ့သည်။ ယင်းဖြစ်စဉ်၏ အကျိုးသက်ရောက်မှုသည် မြန်မာနိုင်ငံသို့လည်း ရောက်ရှိနိုင်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစ၍ ရေရှည်စီမံချက်အဖြစ် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရေတွင်းတူးဖော်ခြင်း၊ အုတ်ရေကန်/မြေသားရေကန်များ တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ရေသွယ်ယူမှု၊ ရေကန်ပေါင်အား မြေထိန်းနံရံရေတားတမံတည်ဆောက်ပေးမှုများ ဆောင်ရွက်ပေးခြင်း၊ ရေစက်ရုံနှင့် ရေစင်များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းကျပ်သန်း ၆၇၂ ဒသမ ၃၁၉ သုံးစွဲထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သောက်သုံးရေလိုအပ်နေသည့် ကျေးရွာများ၌ ရေဖြန့်ဝေပေးမှုကို ကြည့်ရှုစဉ်။

အလားတူ ၂၀၁၉ ခုနှစ် နွေရာသီကာလအတွင်း အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့ရနိုင်သည့် ဒေသများအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ စာရင်းကောက်ယူခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၂၀၁၉ ခုနှစ် မတ်လမှစ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် လူဦးရေ ၉၉၀၀ ခန့်အတွက် ရေဂါလန် ၉၁၂၀၀၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်တွင် လူဦးရေ ၂၆၀ အတွက် ရေဂါလန် ၁၂၈၀၀၊ ကယားပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် လူဦးရေ ၈၂၀၀ ခန့်အတွက် ရေဂါလန် ၇၀၂၀၀ ကို လှူဒါန်းခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေရသည့် ဒေသများအား စုံစမ်းသတင်းရယူ၍ ဆက်လက်လှူဒါန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် သောက်သုံးရေ လိုအပ်ချက်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများ ဖြစ်သော ၀၆၇-၃၄၀၄၆၆၆နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ် မြန်မာနိုင်ငံအမျိုးသားအဆင့်အစီရင်ခံစာပြုစုရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒုတိယအကြိမ် မြန်မာနိုင်ငံ အမျိုးသားအဆင့် အစီရင်ခံစာပြုစုရေးဆွဲရေးစီမံကိန်း လုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းကောက်ယူခြင်း၊ စွန့်ပစ်ပစ္စည်း ကဏ္ဍဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် အချက်အလက်များအပေါ် ဆန်းစစ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မောင်းကွတ်ဘုရင့်တက္ကသိုလ်နှင့် ပူးပေါင်း၍ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းကောက်ယူခြင်း၊ စွန့်ပစ်ပစ္စည်းကဏ္ဍဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် အချက်အလက်များအပေါ် ဆန်းစစ်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

ကတိကဝတ်များ သဘောတူ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဘောင် ကွန်ဗင်းရှင်း (United Nations Framework for Climate Change Convention-UNFCCC) အဖွဲ့ဝင် နိုင်ငံများသည်မှန်လုံအိမ်ဓာတ်ငွေ့များဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုဒ် ဓာတ်ငွေ့အပါအဝင် ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်နှင့် ဟိုက်ဒရိုဖလူရို ကာဗွန်ဓာတ်ငွေ့များကို စွမ်းအင်၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်အခြားမြေအသုံးချမှုနှင့် စွန့်ပစ်ပစ္စည်းကဏ္ဍများတွင် စစ်တမ်းကောက်ယူပြီး UNFCCC ကို လေးနှစ်တစ်ကြိမ်မှန်မှန် တင်ပြကြရန် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာကတိကဝတ်များအဖြစ် သဘောတူ ဆောင်ရွက်လျက်ရှိကြကြောင်း။

အကြံပြုချက်များ ရရှိနိုင်

မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၄ ခုနှစ်တွင် UNFCCC ၏ အဖွဲ့ဝင် နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကနဦး အမျိုးသားအဆင့်အစီရင်ခံစာကို ၂၀၁၂ ခုနှစ်တွင် UNFCCC အတွင်းရေးမှူးရုံးသို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယခုပြင်ဆင်ရေးသားနေသော ဒုတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ စစ်တမ်းကောက်ယူ ခန့်မှန်းတွက်ချက်မှုများကို ပြုစုဆောင်ရွက်လျက်ရှိရာ တွက်ချက်မှုအဆင့်ဆင့်၊ နည်းလမ်းအမျိုးမျိုးနှင့် မှန်ကန်မှုရှိ/ မရှိကို ပြင်ပပညာရှင်/အဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး လေ့လာသုံးသပ်စိစစ်ရန်၊ ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များ ရရှိနိုင်ရန် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ National Communication အစီရင်ခံစာသည် မှန်လုံအိမ်ဓာတ်ငွေ့စစ်တမ်းများကို စဉ်ဆက်မပြတ် ကောက်ယူဆန်းစစ်ကာ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို ပါရီသဘောတူညီချက်၏ ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပြီး အစီရင်ခံစာများမှ ရရှိလာမည့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှင့် စုပ်ယူမှုပမာဏ၊ လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းစဉ်များသည် ပါရီသဘောတူညီချက်အရ မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ရမည့် နိုင်ငံအခြေအနေနှင့် သင့်လျော်သည့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်း အစီအစဉ်ပြင်ဆင်ရေးဆွဲရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ King Mongkut's University of Technology Thonburi (KMUTT)၊ Joint Graduate School of Energy and Environment (JGSEE) မှ တွဲဖက်ပါမောက္ခ Dr. Sirintornthep Towprayoon အပါအဝင် အခြားပါမောက္ခများ၊ မာစတာနှင့် ပါရဂူကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး အလုပ်ရုံ ဆွေးနွေးပွဲကို မေ ၂၆ ရက်အထိ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဓာတ်အားလိုင်း တည်ဆောက်ပါက ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ ဓာတ်အားတိုးချဲ့ပေးပို့နိုင်ကြောင်း သိရ

မြစ်ကြီးနား မေ ၂၃

ကချင်ပြည်နယ် ချီဖွေမြို့နယ်ရှိ ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားလိုင်းသို့ ပေးပို့လျက်ရှိပြီး စက်စွမ်းအားပြည့်မောင်းနှင်၍ တိုးချဲ့ပေးပို့ရန်အတွက် အခက်အခဲရှိနေကြောင်း သိရသည်။

ကချင်ပြည်နယ် ချီဖွေမြို့နှင့် ၁၅ ကီလိုမီတာအကွာတွင် တည်ရှိပြီး ချီဖွေချောင်းမှ ရေအားရယူလည်ပတ်နေသော ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အား ၂၇ မဂ္ဂါဝပ်ထုတ်လုပ်လျက်ရှိပြီး ချီဖွေမြို့၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် မြစ်ကြီးနားမြို့သို့ ပေးပို့လျက်ရှိသည်။

လက်ရှိတွင် လျှပ်စစ်ထုတ်တာဘိုင်စက်နှစ်လုံး လည်ပတ်လျက်ရှိကြောင်း၊ စက်ရုံတွင် တပ်ဆင်ထားသော တာဘိုင်စက်သုံးလုံးရှိရာ စက်စွမ်းအားပြည့် လည်ပတ်ပါက ၉၉ မဂ္ဂါဝပ် (ကီလိုဝပ်နာရီ ၅၉၉ သန်း) ထုတ်လုပ်နိုင်ကြောင်း သိရသည်။

စက်စွမ်းအားပြည့် လည်ပတ်၍ စွမ်းအင်လိုအပ်သော နေရာများသို့ ဓာတ်အားပေးပို့နိုင်ရန် ကချင်ပြည်နယ် ဝိုင်းမော်မြို့နှင့် နဘားမြို့သို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဆွဲရန် လိုအပ်နေကြောင်း၊ ဓာတ်အားလိုင်းတည်ဆောက်နိုင်ပါက ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ နိုင်ငံတော်အခွန်ဘဏ္ဍာတိုးမည်ဖြစ်ကြောင်း ချီဖွေငယ် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ ဒုတိယမန်နေဂျာချုပ် Mr. Chen Feng က ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ယခုချိန်ထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းမှ နိုင်ငံတော်သို့ အခွန်ငွေကျပ် ၂ ဒသမ ၇၂ ဘီလီယံပေးဆောင်ပြီးဖြစ်ကြောင်း သိရသည်။

ကိုကိုနေ

ချီဖွေငယ် ရေအားလျှပ်စစ်

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ သထုံမြို့သို့ ပင့်ဆောင်ပူဇော်

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ဓမ္မသဘင် ကျင်းပစဉ်။

သထုံ ဧပြီ ၂၃

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပင့်ဆောင်အပူဇော်ခံလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့မှ မွန်ပြည်နယ် သထုံမြို့သို့ ပင့်ဆောင်ပူဇော်သည်။

ရှေးဦးစွာ စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်များအား ဘားအံမြို့ သေဋ္ဌမာန်အောင်ဘုရားကြီး ယာယီစံကျောင်းတွင် ဆရာတော် သံဃာတော်များက ဘုရားအနေကဇာတင်ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ဘားအံမြို့မှ ပြန်လည်ပင့်ဆောင်ပူဇော်သည်။

ထို့နောက် မွန်ပြည်နယ် သထုံမြို့နယ်သို့ရောက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက သထုံမြို့ ရွှေစာရံစေတီတော်သို့ ကြိုဆိုပင့်ဆောင်ကြကာ လမ်းတစ်လျှောက်တွင် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ရေး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ယနေ့ည ၇ နာရီခွဲတွင် သထုံမြို့ ရွှေစာရံစေတီ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်၌ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ တရားတော်ကို ဟောကြားချီးမြှင့်ရာ ဒေသခံတရားချစ်ခင် သူတော်စင်များက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် အဖြစ် ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများကို ဧပြီ ၂၄ ရက်တွင် ပဲခူးမြို့၊ ဧပြီ ၂၅ ရက်တွင် ပုသိမ်မြို့၊ ဧပြီ ၂၆ ရက်တွင် ဟင်္သာတမြို့၊ ဧပြီ ၂၇ ရက်တွင် ပြည်မြို့၊ ဧပြီ ၂၈ ရက်တွင် မကွေးမြို့၊ ဧပြီ ၂၉ ရက်တွင် ပုဂံမြို့၊ မေ ၁ ရက်တွင် မုံရွာမြို့၊ မေ ၃ ရက်တွင် မန္တလေးမြို့၊ မေ ၇ ရက်တွင် ကျောက်ဆည်မြို့၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)မြို့၊ မေ ၉ ရက်တွင် တောင်ကြီးမြို့၊ မေ ၁၀ ရက်တွင် လွိုင်ကော်မြို့နှင့် မေ ၁၁ ရက်တွင် တောင်ငူမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ **ဟန်လင်းနိုင်**

တောင်ငူ ပြဟ္မစိုရ် လူမှုရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲကျင်းပ

တောင်ငူ ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပြဟ္မစိုရ် မေတ္တာနှင့် စေတနာလူမှုရေးကူညီမှု အသင်းသို့ ကျန်းမာရေး ကူညီ စောင့်ရှောက်မှုလုပ်ငန်းနှင့် နာရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အတွက် အလှူငွေကျပ်သိန်း ၂၀ ကို ရန်ကုန်မြို့နေ ဦးကြည်လှိုင် (ဒုတိယ အင်ဂျင်နီယာချုပ်၊ လမ်းတံတား) ရွှေတောင်ကုမ္ပဏီ မိသားစုက ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာခန်းမ၌ ပေးအပ်လှူဒါန်းရာ **(ဝဲအောက်ပုံ)** သွေးအလှူရှင်အသင်းဥက္ကဋ္ဌ ဦးယဉ်ဌေး (မိဘမေတ္တာ ဆန်ပွဲရုံ)နှင့် အမှုဆောင် ဒေါ်ကျင်မေ (ရွှေစင်မေစတိုး) တို့က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာကို အလှူရှင် မိသားစုသို့ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် အလှူရှင် ဦးကြည်လှိုင်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြဟ္မစိုရ် အသင်းဥက္ကဋ္ဌ ဦးယဉ်ဌေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။အခမ်းအနားသို့ မေတ္တာနှင့် စေတနာလူမှုရေး ကူညီမှုအသင်းနာယက ဦးကျော်လှ (သမာဓိ)၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဝ၄ရ

(၁၂)ကြိမ်မြောက် တရားစခန်းသိမ်းအောင်ပွဲ ကျင်းပ

ပျဉ်းမနား ဧပြီ ၂၃

နေပြည်တော် ပျဉ်းမနားမြို့ ဘုရားကြီးတောရကျောင်းတိုက် ရွှေပြည်အေး မဟာစည်သာသနာ့ရိပ်သာ၌ (၁၂)ကြိမ်မြောက် စုပေါင်း ဒုလ္လဘရဟန်းခံပွဲ၊ သာသနာ့နွယ်ဝင် သီလရှင်ဝတ်ပွဲ၊ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားစခန်းအောင်ပွဲကို ဧပြီ ၂၂ ရက် နံနက် ၇ နာရီတွင် အောင်မြင်စွာ ပြီးဆုံးသွားသည်။

ထိုတရားစခန်းပွဲကြီး၌ ရဟန်းယောဂီ ၃၁ ပါး၊ သီလရှင် ယောဂီ ၁၅ ပါး၊ အမျိုးသမီး ယောဂီ ၅၉ ပါး တရားအားထုတ်ကြ၍ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မပါလထံမှ အနုမောဒနာ နာယူ၍ တရားစခန်းသိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

AMI နည်းပညာသုံး မီတာဖတ်စနစ်နှင့် ဓာတ်အားခငွေကောက်ခံမှုကို ရန်ကုန်မြို့အတွင်း မြို့နယ်နှစ်ခုတွင် တရားဝင်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၃

အရှေ့တောင်အာရှတွင် ပထမဆုံးအသုံးပြုသော AMI နည်းပညာသုံး မီတာဖတ်စနစ်နှင့် ဓာတ်အားခငွေကောက်ခံမှုကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ်နှစ်ခုဖြစ်သော ပန်းဘဲတန်းမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် ယနေ့မှစတင်ကာ တရားဝင်စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)မှ သိရသည်။

အဆိုပါ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အမှုဆောင်အရာရှိများ၊ Ever မီတာထုတ်လုပ်သူဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

“ဒီနေ့မှာ စတင်ဖွင့်လှစ်လိုက်တဲ့ အဝေးထိန်းစနစ်နဲ့ မီတာယူနစ်ဖတ်ပြီး ဓာတ်အားခကျသင့်ငွေကို ကောက်ခံနိုင်မယ့် Advance Metering Infrastructuer (AMI)စနစ်ဟာ အများပြည်သူတွေအနေနဲ့ သူတို့ရဲ့လက်ကိုင်ဖုန်းကနေတစ်ဆင့် သူတို့ရဲ့ဓာတ်အားသုံးစွဲမှုနဲ့ ဓာတ်အားခကျသင့်မှုကို သိရှိနိုင်တဲ့ဝန်ဆောင်မှုကို အသိအမှတ်ပြု ဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒီစနစ်က အရှေ့တောင်အာရှမှာဆိုရင် မြန်မာနိုင်ငံတစ်ခုတည်းမှာပဲ ပထမဆုံး စသုံးတာပါ။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်း၊ စင်ကာပူတို့မှာတောင် မီတာကို အဝေးကနေလှမ်းဖတ်တဲ့ AMR စနစ်ကိုပဲသုံးတာပေါ့။ ပြည်သူတွေနေနဲ့လည်း နောက်ပိုင်းကာလတွေမှာ လွယ်ကူချောမွေ့စွာ MeBill app ကနေ ဖုန်းနဲ့ ဓာတ်အားခပေးဆောင်နိုင်တဲ့အဆင့်ကို တရားဝင်ဆောင်ရွက်နိုင်ပါပြီ” ဟု ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ဦးက ပြောသည်။

ယခုအခါတွင် AMI နည်းပညာသုံး မီတာဖတ်စနစ်ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)အနေဖြင့် ပိုက်လော့ပရောဂျက်အဖြစ် ပန်းဘဲတန်းမြို့နယ်တွင် မီတာအလုံး ၁၅၀၀၀ ခန့်နှင့် ဒေါပုံမြို့နယ်တွင် မီတာအလုံး ၂၀၀၀၀ ကျော်ခန့်ရှိကာ စုစုပေါင်း AMI နည်းပညာသုံး မီတာအလုံး ၃၅၀၀၀ ကျော်ကို ဝန်ဆောင်မှု စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မီးသုံးစွဲသူ အိမ်ထောင်စုပေါင်း ၁၃၇၀၀၀၀ ခန့် ရှိကြောင်း သိရသည်။ ထပ်မံ၍ တောင်ဥက္ကလာပမြို့နယ်တွင် ထို AMI နည်းပညာ စနစ်ကို လာမည့်ခြောက်လအတွင်း ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

အများပြည်သူများအနေဖြင့် AMI စနစ်ကိုအသုံးပြုနိုင်ရန် Android ဖုန်းများ၏ PlayStore မှတစ်ဆင့် MeBill app ကို ဒေါင်းလုပ် လုပ်ပြီး အသုံးပြုနိုင်ပြီဖြစ်သည်။ မိမိအိမ်တွင် ကျသင့်သောဓာတ်အားခ၊ လက်ရှိအချိန်တွင် သုံးစွဲပြီးသောဓာတ်အားခ၊ ဓာတ်အားကို လမကုန်မီခွဲတာနိုင်ရန်နှင့် ယူနစ်သုံးစွဲမှုများကို အချိန်နှင့်တစ်ပြေးညီ

ဖုန်းအင်တာနက်ဖွင့်ကာကြည့်ရှုနိုင်ပြီး ဓာတ်အားခကျသင့်ငွေကို ဖုန်းမှတစ်ဆင့် လွှဲဆောင်နိုင်ကြောင်း သိရသည်။ ထို့အပြင် ဓာတ်အားပျောက်ဆုံးနေမှု၊ လျှပ်စစ်မီး ခိုးသုံးစွဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်စင်တာမှသိရှိကာ အရေးယူမှုများ၊ လျှပ်စစ်မီးဖြတ်တောက်မှုများ ချက်ချင်းဆောင်ရွက်နိုင်သည့်စနစ်ဖြစ်သောကြောင့် ဓာတ်အားပျောက်ဆုံးမှု သိသိသာသာလျော့ကျလာမည်ဖြစ်ကြောင်း သိရသည်။

“ Ever AMI စနစ်က e - Government စနစ်ကိုသွားတဲ့ အခြေခံစနစ် ဖြစ်ပါတယ်။ ဒါကို နည်းပညာပိုင်းမှာ ကမ္ဘာ့အဆင့်ရှိတဲ့ အစ္စရေးနိုင်ငံရဲ့ နည်းပညာ၊ ကိုရီးယားနည်းပညာတွေနဲ့ ကျွန်တော်တို့ရေးဆွဲထားတဲ့ System ပါ။ ဒီစနစ်က ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့စနစ်ကိုရေးဆွဲပြီး ကျွန်တော့်အနေနဲ့ (YESC) ကို လှူလိုက်တာ ဖြစ်ပါတယ်။ ပျောက်ဆုံးယူနစ်တွေကိုလည်း ပြန်လည်ဖော်ထုတ်နိုင်သလို မီတာဘေဆောင်ရတဲ့ကိစ္စတွေ၊ ကျသင့်ငွေနဲ့ဓာတ်အားသုံးစွဲမှုပမာဏတွေကို ဖုန်းနဲ့ ၂၄ နာရီ ကြည့်ရှုပြီး လျင်လျင်မြန်မြန် တိတိကျကျ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်”ဟု Ever မီတာထုတ်လုပ်သူဥက္ကဋ္ဌ ဦးမျိုးအောင်က ပြောသည်။

ယခုအခါတွင် မီတာစာရေးတစ်ဦးသည် မီတာသုံးစွဲသူ ၁၀၀၀ ကို ငါးရက်အတွင်း အပြီးဖတ်ရကြောင်း၊ ယင်းကြောင့် တစ်နေ့လျှင် မီတာအလုံး ၂၀၀ ကို မဖြစ်မနေ ဖတ်ရကြောင်း၊ အချို့နေရာများတွင် အိမ်ရှင်များမှခရီးထွက်၍ တံခါးပိတ်ထားသည့် ကိစ္စများ၊ မီတာကိုကြည့်မရသည့်ကိစ္စများအပေါ် မှန်းပြီး ယူနစ်ထည့်လိုက်ရသည်များ ရှိကြောင်း၊ နောက်လတွင် အမှန်မီတာ တကယ်ဖတ်ရသည့်အပေါ် ယူနစ်အတိအကျ ရှိရန် လိုတိုး-ပိုလျှော့များ ပြုလုပ်ရသောကြောင့် ပြည်သူနှင့် မီတာဖတ်စာရေးတို့ အကြားတွင် ဓာတ်အားသုံးစွဲမှု များသည်၊ နည်းသည်ဆိုသည့်ပြဿနာများ ဖြစ်ပေါ်နေမှု များရှိကြောင်း၊ ယခု စတင်ဖွင့်လှစ်ပေးလိုက်သော AMI နည်းပညာသည် ယင်းအခက်အခဲများကိုကျော်လွှားကာ ပြည်သူများအနေဖြင့် အချိန်ပြည့် မီတာကျသင့်မှုကို သိရှိနိုင်သည့် နည်းစနစ်ကောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း၊ ဓာတ်ပုံ- မျိုးကြီး

ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန် မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော်နာယကရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ခ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့် အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများသည် နေ့စဉ် တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသောအမှုများကို တရားသူကြီး တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

လူမှုကွန်ရက်တွင် ဆေးခြောက်ပင်များစိုက်ပျိုးသည်ဟုပြောဆိုနေသည့် မြို့သာစက်မှုဇုန်ဥယျာဉ်အား သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေး

စိုက်ပျိုးထားသောအပင်များအား တာဝန်ရှိသူများ လာရောက်စစ်ဆေးစဉ်။

မြို့သာ မေ ၂၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြို့သာစက်မှုဇုန်ဥယျာဉ်၌ လူမှုကွန်ရက်တွင် ဆေးခြောက်ပင်များ စိုက်ပျိုးသည်ဟု ပြောဆိုနေသည့်နေရာအား မန္တလေးတိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးတို့အဖွဲ့ မေ ၂၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ယင်းနေ့ နံနက် ၉ နာရီခွဲခန့်တွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ ငါန်းဇွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးဆန်းဝင်း၊ မူးယစ်တပ်စု(၁၈)မှ တပ်စုမှူး ရဲမှူး ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့သာတိုက်နယ်ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ပြည့်ဖြိုးအောင်၊ ငါန်းဇွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးမင်းထက် ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စက်မှုဥယျာဉ်လုပ်ကွက် (၂) အတွင်းရှိ M Global Nutraceutical Company မှ ၎င်းတို့ပိုင်မြေဧက ၆၀ အတွင်းမှ ဧက ၂၀ ခန့်အား စမ်းသပ်စိုက်ပျိုးထားသော Industrial Hemp ချဉ်ပေါင်လျှော်ဖြူ (Venak) အပင်များအား မူးယစ်ဆေးဝါး(ဆေးခြောက်ပင်များ) ဟုတ်၊ မဟုတ် စစ်ဆေးခဲ့ရာ ယင်းအပင်ပေါင်း ၃၄၉၂၉၀ ပင်ခန့်ရှိပြီး အတည်ပြုနိုင်ရန် ဓာတုဗေဒဝန်ရုံးသို့ ဓာတ်ခွဲစစ်ဆေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အပင်များမှာ ၂၀၁၈ ခုနှစ် ဇွန်လခန့်က စိုက်ပျိုးထားခြင်းဖြစ်ပြီး အပင်သက်တမ်း ၁၀ လခန့်ရှိပြီဖြစ်ကာ မျိုးစေ့နှင့် တစ်လသားအရွယ်ခန့် အပင်များဖြစ်ကြောင်း၊ အဆိုပါ ကုမ္ပဏီပိုင်ရှင်မှာ ဂျပန်လူမျိုး အမေရိကန်နိုင်ငံသား Mr. John Fredric နှင့် Mr. Alexander တို့ နှစ်ဦးဖြစ်ပြီး စိုက်ခင်းတာဝန်ခံ မန်နေဂျာအဖြစ် မြန်မာနိုင်ငံသား ရှိန်းလတ် ကို ခန့်ထားကာ အလုပ်သမား ၂၀၀ ခန့်ဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ယင်းနေ့ညနေ ၅ နာရီခွဲခန့်တွင် မြို့သာစက်မှုဇုန်ရှိ ဆေးခြောက်ပင်များဟု သံသယရှိရာသို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦး၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး သိန်းကိုကို၊ မူးယစ်ခရိုင်တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး မျိုးအောင်၊ တိုင်း FDA ညွှန်ကြားရေးမှူး ဒေါက်တာ နီနီအေး၊ ဓာတုဗေဒဝန် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန်းသန်းကြူနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်တို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ခြံစိုက်ခင်းတာဝန်ခံ မန်နေဂျာ ရှိန်းလတ်အား ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့က စိုက်ပျိုးထားမှုအခြေအနေများ လိုက်လံပြသစေပြီး စစ်ဆေးရန် နမူနာအပင်များကို ယူဆောင်သွားကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

လေပြင်းတိုက်၊ မိုးသည်းထန်ခြင်းကြောင့် အိုးအိမ်များ ပျက်စီးမှုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၃

ပဲခူးတိုင်းဒေသကြီးအတွင်း၌ မေ ၂၀ ရက်တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပွားခဲ့ရာ ကျောက်တံခါးမြို့နယ်တွင် နေအိမ် ၂၂ လုံးပြိုကျခဲ့ပြီး နေအိမ် အလုံး ၂၂၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံနှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ မေ ၂၂ ရက်တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပွားခဲ့ရာ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိနှင့် လယ်ဝေးမြို့နယ်တို့တွင် နေအိမ် ၂၃ လုံး ပြိုကျခဲ့ပြီး နေအိမ် အလုံး ၂၇၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေဘေးကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် လေဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးမှူးရုံးများနှင့် ခရိုင်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အမြန်ဆုံးထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ နွေရာသီကာလ မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ လေပြင်းများတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့ဖြစ်ပွားတတ်သဖြင့် အထူးသတိပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တာချီလိတ်၌ လေပြင်းတိုက်၊ မိုးသီးကြွေမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်

တာချီလိတ် မေ ၂၃

တာချီလိတ်မြို့နယ်အတွင်း မေ ၂၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မိုးသီးကြွေမှုကြောင့် အဆောက်အအုံ အချို့နှင့် မော်တော်ယာဉ်၊ ဆိုင်ကယ်အချို့ ပျက်စီးခဲ့သည်။

"တစ်နေ့လုံး ရာသီဥတုက တော်တော်ပူနေရာကနေ ညနေ ၅ နာရီခွဲလောက်မှာ လေစတိုက်လာတာပါ။ လေက တော်တော်ကြမ်းတယ်။ လွယ်တော်ခမ်းဘက်က အိမ် ၁၅ လုံးလောက် အိမ်ခေါင်တွေ လန်ကုန်တယ်။ ပါလျှံဝန်ထမ်းအိမ်ရာနားက မိကျောင်းဝပ်ရှော့ဆို အမိုးပါပြိုကျတယ်။ မြို့မဈေးနားမှာလည်း သစ်ပင်ကျိုးကျတာ လူတွေတော့မထိခိုက်ဘူး။ ဒါပေမယ့် လျှပ်စစ်ကြိုးတွေ ပြတ်တောက်သွားလို့ ဝန်ထမ်းကုန်းနဲ့ မင်္ဂလာလမ်းဘက် မီးပျက်သွားပါတယ်။ ညနေ ၅ နာရီ ၄၅ မိနစ်လောက်မှာတော့ မိုးသီးတွေပါ ကျလာတယ်။ အရွယ်အစား တော်တော်ကြီးတယ်။ အချိန်လည်း တော်တော်ကြာကြာကို မိုးသီးကျတာပဲ။ တာချီလိတ်မြို့မှာတော့ ဒီလောက်အချိန်ကြာကြာ အရွယ်အစားကြီးကြီး မိုးသီးကျတာ ဒါပထမဆုံးပါပဲ" ဟု မကာဟိုခမ်းရပ်နေ ကိုမျိုးကျော်စိုးက ပြောသည်။

"ဒီတစ်ခါတိုက်တဲ့လေက ကြမ်းသလို မိုးသီးကလည်း တော်တော်ကြီးတယ်။ အိမ်ခေါင်မိုးပေါက်သူတွေ၊ သစ်ကိုင်းကျိုးကျလို့ ခေါင်မိုးပျက်စီးသွားတဲ့အိမ်တွေရှိတယ်။ ကချင်ရွာအဝင်နားမှာဆို ဆိုင်ကယ်မောင်းလာရင်း သစ်ကိုင်းကျိုးကျလို့ ထိခိုက်ဒဏ်ရာရသွားသူရှိသလို မေဖလားဝါးကွင်းထဲက လက်ဖက်ရည်ဆိုင် တစ်ဆိုင်လည်း ခေါင်မိုးတွေ ပေါက်ပြဲကုန်တယ်လို့ သိရတယ်။ တာချီလိတ်လေဆိပ် အပေါ် အဝင် နေရာအချို့မှာ လျှပ်စစ်မီးတွေ ပျက်ကုန်တယ်" ဟု ဝမ်ကောင်းရပ်နေ ကိုကျော်ဝင်းစိန်ကလည်း ပြောသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် တာချီလိတ် ရွှေတိဂုံစေတီတော်ရှိ အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ လွယ်တော်ခမ်းကျေးရွာအုပ်စု ဆန်းလုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ခေါင်မိုးများ ပျက်စီးကာ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းတံတားအနီးတွင် ဖွင့်လှစ်ထားသည့် ဂိလာန အဘိုး အဘွားနှင့် ကလေးများ ဂေဟာ အဆောက်အအုံမှာလည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး အဆိုပါ ဂေဟာနေ အဘိုးအဘွားနှင့် ကလေးငယ် ၅၀ခန့်မှာ အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်းနှင့် သက်ဆိုင်ရာမှ ပျက်စီးဆုံးရှုံးမှုများအား ဆက်လက် စာရင်းကောက်ခံလျက်ရှိကြောင်း သိရှိရသည်။ **မောင်ယဉ်ကျေး**

မောင်တောမြို့နယ်၌ ARSA အဖွဲ့ မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်နေရာတစ်ဝိုက်မှ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိ

မောင်တော မေ ၂၃

မောင်တောမြို့နယ်၊ တောင်ပြို(ယာ) နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ လုံခြုံရေးလိုက်ပါဆောင်ရွက်သည့် ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်တစ်စီးအား မေ ၂၂ ရက် နံနက်ပိုင်းတွင် ဇီးပင်ချောင်းလမ်းဆုံနှင့် လိပ်ရလမ်းဆုံကြား၌ ARSA အဖွဲ့နှစ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ယာဉ်မောင်း ရဲဒုတပ်ကြပ် ရှိုင်းထက်အောင်၏ ယာမျက်လုံး ယမ်းငွေ့ရိုက်သည့်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် အဆိုပါနေရာအား တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းရှင်းလင်းလျက်ရှိကြောင်း မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းရှာဖွေရာ တိုက်ပွဲဖြစ်ပွားသည့်နေရာ၏ အရှေ့တောင်ဘက် မီတာ ၅၀ ခန့်အကွာရှိ မိုင်းဆွဲသည့်တောင်ကုန်းနေရာမှ ၅ ဒသမ ၅၆ နှင့် ၇ ဒသမ ၆၂ ကျည်ခွံများ၊ လက်လုပ်မိုင်းတစ်လုံးတို့ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တစ်ဖက်ပိတ်သံပိုက်အတွင်း ဘောစိနှင့် ယမ်းများထည့်သွင်းထားသော ကိုက် ၅၀ ခန့်ရှိ ဝိုင်ယာကြိုး တပ်ဆင်ထားသည့် အချင်း သုံးလက်မ၊ အရှည် သုံးပေခန့်ရှိ သံပိုက်လုံး တစ်လုံး၊ ဘက်ထရီအိုးဟောင်း သုံးလုံးတို့ကိုလည်းကောင်း၊ တိုက်ပွဲဖြစ်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ တောင်ကုန်းပေါ်၌ ထမင်းထုပ်၊ ရေသန့်ဘူးခွံ၊ အန္တေးထည် တစ်ထည်၊ သံတူရွင်း တစ်ချောင်းနှင့် ကျည်ခွံများအားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ မိုင်းထောင်ဖောက်ခွဲသူများအား ကြိမ်ချောင်းရဲစခန်း၌ အမှုဖွင့်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်



မောင်တောမြို့နယ် နယ်မြေ(၄) ဇီးပင်ချောင်းလမ်းဆုံနှင့် လိပ်ရလမ်းဆုံကြား၌ ARSA အဖွဲ့က မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့် နေရာပြမြေပုံ။

ရည်ညွှန်းချက်
ထိတွေ့မှုဖြစ်ပွားသည့်နေရာ

ARSA အဖွဲ့က မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် မော်တော်ယာဉ်တစ်စီး ပျက်စီးနေမှုကို တွေ့ရစဉ်။

ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

ဟောင်ကောင် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

မြန်မာ ယူ-၁၈ အသင်းသည် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အိမ်ရှင် ဟောင်ကောင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျပြီး ခုနစ်မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇန်နဝါရီတွင် နည်းပြချုပ်အဖြစ် ခန့်အပ်ခံရသည့် ဦးစိုးမြတ်မင်း လက်ထက်တွင် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲ၌ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဦးစိုးမြတ်မင်းအနေဖြင့်လည်း လူငယ်လက်ရွေးစင်အသင်း နည်းပြဘဝ၌ ပထမဆုံး အောင်မြင်မှုရခဲ့ခြင်း ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

အောင်ပွဲရမြန်မာ ယူ - ၁၈ အသင်းနှင့် တာဝန်ရှိသူများအား တွေ့ရစဉ်။

✪ *ကျောဖုံးမှ*

လာရောက်လျှောက်ထားသူ ၅၅ ဦးကို သုံးလကျော် အချိန်ယူလေ့လာကာ အဆင့်ဆင့် ရွေးချယ်မှုပြုလုပ်ကာ ရာဒူလိုဗစ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ်သစ် ရာဒူလိုဗစ်က "မြန်မာအသင်းနည်းပြချုပ်ဖြစ်လာတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာအသင်းနဲ့ ရင်ဆိုင်ဖူးသလို မြန်မာ့ဘောလုံးအကြောင်းကိုလည်း လေ့လာထားပါတယ်။ မြန်မာအသင်းအတွက် နည်းပြခေါ်တဲ့အချိန်မှာ လျှောက်ထားခဲ့သလို ခန့်အပ်ခံခဲ့တဲ့အတွက်လည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ။ အခုအချိန်မှာ ကျွန်တော်ပြောနိုင်တာက မြန်မာအသင်းကို အကောင်းဆုံးအနေအထားရအောင် တည်ဆောက်သွားမှာပါ။ ဘယ်လိုအောင်မြင်မှုရယူပေးမလဲဆိုတာထက် အကောင်းဆုံး အနေအထားတစ်ခုရောက်အောင် တည်ဆောက်သွားမှာပါ။ ဒါပေမယ့် အချိန်တစ်ခုတော့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ဖလား၊ အာရှဖလားခြေစစ်ပွဲ၊ ၂၀၂၀ ဆူဇူကီး ဖလားပြိုင်ပွဲတို့အတွက် ပြင်ဆင်ရမှာဖြစ်ပြီး ခြေစမ်းပွဲများများကစားပြီး လိုအပ်တာတွေ၊ အားနည်းတာတွေကို ပြင်ဆင်သွားမှာပါ။ ဒါကြောင့် ခြေစမ်းပွဲတွေ များများကစားခွင့်ရဖို့ တောင်းဆိုထားပါတယ်။ ကျွန်တော့်နည်းပြအဖွဲ့ဝင်၊ ကစားသမားတွေ၊ အဖွဲ့ချုပ်ကသူတွေ အားလုံးပူးပေါင်းလုပ်ဆောင်ရင် အတိုင်းအတာတစ်ခုအထိ တိုးတက်လာမှာပါ" ဟု ပြောကြားခဲ့သည်။

ညီမြတ်သော်တာ

❍ *ကျောဖုံးမှ*

၂၀၁၆ ခုနှစ်၌ နှစ်ပွဲ၊ ၂၀၁၇ ခုနှစ်၌ တစ်ပွဲတွေ့ဆုံခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ တွေ့ဆုံခဲ့ခြင်းမရှိဘဲ ယခုနှစ်မှသာ ပြန်လည်ကစားခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လက စင်ကာပူနိုင်ငံ၌ ကစားခဲ့သည့် ခြေစမ်းပွဲတွင် စင်ကာပူအသင်းက နှစ်ဂိုး-တစ်ဂိုး၊ ဇွန်လတွင် ရန်ကုန်မြို့၌ ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် တစ်ဂိုး-ဂိုးမရှိတို့ဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံ၌ကစားသည့် ခြေစမ်းပွဲတွင်မူ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဇွန်လတွင် မြန်မာ့လက်ရွေးစင်အသင်း နောက်ထပ်ခြေစမ်းပွဲ တစ်ပွဲကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး ဇွန်လပထမပတ်တွင် ကစားမည့်ခြေစမ်းပွဲအတွက် အသင်းညှိနှိုင်းလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲအတွက် လက်ဘန္ဓနိလက်ရွေးစင်အသင်းနှင့် ညှိနှိုင်းလျက်ရှိသည်။မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ရာဒူလိုဗစ်မှာလည်း စက်တင်ဘာလတွင် ကစားရမည့် ကမ္ဘာ့ဖလားနှင့် အာရှဖလားခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားခွင့်ရရန် တောင်းဆိုထားပြီး ဇွန်လတွင် ခြေစမ်းပွဲနှစ်ပွဲ ကစားခွင့်ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားသည်။

ညီမြတ်သော်တာ

ဖားကန့်မြို့နယ်၌ နွံကန်ပေါက်ကျမှုကြောင့် အလုပ်သမား ၅၀ ကျော်နှင့် ဘက်ဟိုးယာဉ် ၁၅ စီးကျော် နွံများအတွင်း နစ်မြုပ်ပျောက်ဆုံး

ဖားကန့် ဧပြီ ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ဧပြီ ၂၃ ရက် နံနက်စောစောပိုင်းက ကျောက်မျက်တူးဖော်ရေး လုပ်ကွက်အဟောင်း၏ နွံကန်ပေါက်ကျခဲ့၍ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်တွင် ညဆိုင်းအလုပ်ဆင်းသူ ၅၀ ကျော်နှင့် ဘက်ဟိုးယာဉ် ၁၅ စီးကျော် နွံများအတွင်း နစ်မြုပ်ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၃ ရက် နံနက် ၀၀ နာရီ ၂၀ မိနစ်ခန့်က ဖားကန့်မြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ မော်ဝမ်းကျေးရွာအုပ်စု၊ မော်ဝမ်းကလေးကျေးရွာအနီးရှိ ပန်းမြတ်နိုးယွန်း၊ ကျောက်စိမ်းပဒေသာ၊ ကံစိမ်းပွင့်၊ မလိခဂျွန်းစတုန်း ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကချင်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ(KNDCP)နှင့် မြန်မာသူရကုမ္ပဏီတို့ ပူးပေါင်းတူးဖော်နေသည့် လုပ်ကွက်နှင့် ရွှေနဂါးကိုးကောင်ကုမ္ပဏီ (မော်ဝမ်းကလေးလုပ်ကွက် ၇၉) လုပ်ကွက်များအတွင်းသို့ ၎င်းတို့အထက်ဘက်တွင်ရှိသည့် ယူနတီကုမ္ပဏီလုပ်ကွက်အဟောင်း၏ အနက်ပေ ၁၀၀ ခန့်၊ အကျယ် ငါးဧကခန့်ရှိ နွံကန်ကျိုးပေါက်ကာ နွံများစီးဝင်ခဲ့သည်။ (ဓါတ်ပုံ)

ကယ်ဆယ်ရေးများ ဆောင်ရွက်

အဆိုပါ နွံများစီးဝင်ခဲ့မှုကြောင့် ရွှေနဂါးကိုးကောင်ကုမ္ပဏီမှ လုပ်သားဝန်ထမ်း ၂၆ ဦး၊ ဘက်ဟိုးယာဉ် ၅ စီး၊ မြေသယ်ယာဉ် ကိုးစီး၊ မြန်မာသူရကုမ္ပဏီမှ လုပ်သားဝန်ထမ်း ၂၈ ဦး၊ ဘက်ဟိုးယာဉ် ၁၁ စီး၊ မြေသယ်ယာဉ် ၁၀ စီး၊ မိုင်းဖောက်စက် ငါးစီး နွံများဖုံးလွှမ်း ပျောက်ဆုံးနေကြောင်းနှင့် တာဝန်ရှိသူများက ဆက်လက်ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းအောင်၊ ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

" ဖြစ်တာက ည ၁၂ နာရီ ပတ်ဝန်းကျင်မှာဖြစ်တာပါ။ ကုမ္ပဏီမှာက အလုပ်ချိန်ကို နေ့ဆိုင်းနဲ့ ညဆိုင်းခွဲထားတာပါ။ အခုဖြစ်တာက ညဆိုင်းသမားတွေဖြစ်သွားတာ။ ဖြစ်ဖြစ်ချင်းကျွန်တော်တို့ သွားကြည့်ပါတယ်။ အော်သံတွေလည်း ဆူညံနေတယ်။ ကယ်တဲ့သူတွေလည်း ကယ်နေကြတယ်။ ညကြီးဆိုတော့ ရေမဆေးသမားတွေမရှိဘူး။ ရေမဆေး သမားတွေ ဝင်ရမယ့်အချိန်လည်း မဟုတ်တော့ ကုမ္ပဏီကလူတွေပဲ ရှိကြတာပါ။ မနက်လင်းတော့ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကယ်ဆယ်ရေး လုပ်နေတာ တွေ့ရပါတယ်။ ကျွန်တော် တို့ ကုမ္ပဏီကတော့ ပျောက်ဆုံးသူ ၂၈ ဦး ရှိတယ်လို့ စာရင်းထုတ်ပြန်ထားတယ်လို့ သိရပါတယ်" ဟု မြန်မာသူရ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ မြေသယ် ယာဉ်မောင်းနှင်သူ ကိုမင်းသိန်းထွန်းက ပြောသည်။

" ကြိုးစားပြီးတော့ ရှာနေကြပါတယ်။ ကျွန်တော့်အမြင်ကတော့ ရှာဖွေဖို့ တော်တော်ခက်ပါလိမ့်မယ်။ ဒါပေမယ့် လူသားချင်း စာနာထောက်ထားတဲ့ အနေနဲ့တော့ အားစိုက်ပြီးရှာဖွေကြမှာပါ။ ကျွန်တော်တို့ သင်္ဂဟလူမှုကူညီရေးအသင်း (ဆိပ်မူ) ကတော့ ကားခြောက်စီးနဲ့ လူအင်အားခြောက်ဆယ်လောက် ရှာဖွေကယ်ဆယ်ရေးတွေ ဝိုင်းကူလုပ်ပေးနေကြပါတယ်" ဟု သင်္ဂဟလူမှုကူညီရေးအသင်း(ဆိပ်မူ) ဥက္ကဋ္ဌ ဦးခင်မောင်က ပြောသည်။

ရှာဖွေနေ

"နွံကန်ပြိုကျရာမှာ အမှန်တကယ်ပျောက်ဆုံးနေတာက ၅၄ ဦးပါ။ မနက်ပိုင်းမှာ သေဆုံးနေတဲ့ ရုပ်အလောင်း နှစ်လောင်းရှာဖွေတွေ့ရှိတယ်။ ညနေပိုင်းမှာ ရုပ်အလောင်း တစ်လောင်း ထပ်ပြီးပြန်တွေ့ပါတယ်။ ရှာဖွေတွေ့ရှိတာ သုံးလောင်းဆိုတော့ ၅၁ ဦး ပျောက်ဆုံးနေဆဲပါ။ ရှာဖွေကယ်ဆယ်ဖို့အတွက်တော့ ကုမ္ပဏီစက်ယန္တရားတွေနဲ့ ရှာဖွေနေကြပါတယ်၊ နွံကန်အတွင်းထဲလည်း ဝင်လို့မရဘူး။ အတွင်းထဲမှာ ပေတစ်ရာကျော်လောက် အနက်ရှိမယ် ထင်တယ်။ ဒါကြောင့် ကျင်းနှုတ်ခမ်းဝနဲ့ ပြိုကျသွားတဲ့ ကန်ပတ်လည်က ဆက်ပြီးတော့ ပြိုကျလာဖို့ အလားအလာရှိတဲ့နေရာ အနီးတစ်ဝိုက်ကို ရှင်းလင်းနေပါတယ်" ဟု ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်က ပြောသည်။

ဧပြီ ၂၃ ရက် ည ၇ နာရီအထိ နွံကန်ပြိုကျရာတွင် သေဆုံးလျက်ရှာဖွေတွေ့ရှိသူ မြန်မာသူရကုမ္ပဏီမှ ဝင်းထွန်းဦးနှင့် လှိုင်မိုးမင်း၊ ရွှေနဂါးကိုးကောင်ကုမ္ပဏီမှ ငွန်ဇာကမ်တို့သုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားပြီး ကျန်ရှိသည့် ၅၁ ဦးအား ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)
ဓာတ်ပုံ-မင်းသိန်းထွန်း(ဖားကန့်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန" "ရန်ကုန်တိုင်းဒေသကြီး"
၉း၅၀ - ဂုဏ်ယူဝင့်ကြွား တို့လယ်သမား "ပထမဆုံး GAP လက်မှတ်ရ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ"
၁၁း၃၀ - ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချဆေးနည်းတိုများ" (အပိုင်း - ၂၄)
၁၁း၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မဟူရာရုပ်ရှင်ရုံ"

ညပိုင်း

၁၆း၃၅ - People Talk "ပို့ဆောင်မြန်ဆန်လွယ်ကူရေး မီးရထားလမ်းများ ပြုပြင်ပေး"
၁၇း၁၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပြုံးရွှင်ရေ ပျော်ရဲ့လား"
၁၇း၃၅ - MRTV Travelogue
၁၉း၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း - ၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထဲရေးဝန်ကြီးဌာန" "ဧရာဝတီတိုင်းဒေသကြီး (ပုသိမ်)"
- "တံခါးမှူးဒွတ္တသို့ တမ်းချင်း" (ချမ်းသာ (သစ္စာမေတ္တာ ရွှေမန်းသဘင်နှင့်အဖွဲ့သူ အဖွဲ့သားများ))
- နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း - ၂၇)

ရန်ကုန်-ပုသိမ် ကားလမ်း၌ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး မီးလောင်မှုဖြစ်

ကန်ကြီးထောင့် ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ငှက်ကြီးသိုက်ကျေးရွာ (ရန်ကုန်-ပုသိမ် ကားလမ်း) တွင် ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ် ကားလမ်းအတိုင်း ပုသိမ်ဘက်မှ ငါးသိုင်းချောင်းဘက်သို့ ခရီးသည် ၄၅ ဦးကို တင်ဆောင်ကာ ယာဉ်မောင်း ကျော်မင်းလှိုင် (၄၅ နှစ်) မောင်းနှင်လာသော ပုသိမ်-ငါးသိုင်းချောင်း ပြေးဆွဲနေသည့် ယောနသံ ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် ၁၉/၂ နှင့် ၁၉/၃ ကြားအရောက်တွင် ကားဦးခေါင်းဝဲဘက်အခြမ်းမှ မီးခိုးများထွက်ကာ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင်လောင်ခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လေးမြင့်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးတို့ ဦးဆောင်သော သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး ခရီးသည်များထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ကားမီးလောင်ကျွမ်းမှုကြောင့် ယာဉ်မောင်း ကျော်မင်းလှိုင်ကို ကန်ကြီးထောင့်မြို့မရဲစခန်းက ဆက်လက်အရေးယူ ဆောင်ရွက်ထားကြောင်းသိရသည်။ **နန်းထိုက်**

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၃

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် ရွှေကူမြို့နယ်၊ လိပ်စင်း-ကသာသွား ကားလမ်းတွင် မမြဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန် (အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက်၊ မဥ္ဇူလမ်းနေ ကျော်ဝင်းဟန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၌ မျိုးကိုကို မောင်းနှင်ပြီး စိန်မိုးဝင်း လိုက်ပါလာသည့် Crown Saloon အမျိုးအစား မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၅ ပြား၊ အိုက်စ် ၃ ဒသမ ၅ ဂရမ်၊ စိန်မိုးဝင်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅ ပြား၊ အိုက်စ် ၂၄ ဂရမ်နှင့် လက်ကိုင်ဖုန်း လေးလုံး တို့ကိုလည်းကောင်း။

မမြဦးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ်၊ အိုရီယမ်တယ်တိုးဂိတ်အနီးမူဆယ်-မန္တလေးသွားပြည်ထောင်စု ကားလမ်းတွင် အောင်ခေး(ခ)အိုက်လန် မောင်းနှင်ပြီး နော်ခမ်းနှင့် ထွန်းဟန်တို့ လိုက်ပါလာသည့် Mitsubishi Pajero အမျိုးအစား မော်တော်ယာဉ်ကို X-Rays စက်ဖြင့် ရပ်တန့်စစ်ဆေးရှာဖွေရာ အဲကွန်းပိုက်လိုင်း အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ ငွေကျပ်၄၅၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တပ်ကုန်းမြို့နယ်၌ လိုက်ထရပ်ယာဉ်တစ်စီး အရှိန်လွန် တံတားပေါင်တိုက်မိရာ ကိုးဦး ဒဏ်ရာရ

တပ်ကုန်း ဧပြီ ၂၃

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအနီး ရန်ကုန် - မန္တလေးကားလမ်းဟောင်းတွင် ယနေ့နံနက် ၉ နာရီခွဲခန့်က ပျဉ်းမနားမြို့ဘက်မှ တပ်ကုန်းမြို့ဘက်သို့ ပျဉ်းမနားမြို့နေ ယာဉ်မောင်း ကိုရဲ(၂၅နှစ်) မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် အရှိန်လွန်၍ လမ်းယာဘက်ခြမ်းရှိ တံတားပေါင်ကို တိုက်မိမှုဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် လိုက်ထရပ်ယာဉ်မောင်း ကိုရဲ (၂၅နှစ်)နှင့် ယာဉ်ပေါ်ပါ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦးတို့မှာ ဒဏ်ရာများရရှိခဲ့ပြီး တပ်ကုန်းမြို့ခုတင် ၁၀၀ ဆေးရုံတွင်(မစိုးရိမ်ရ) ဆေးကုသမှုခံယူနေကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

အမ်းမြို့နယ်၌ နယ်မြေလုံခြုံရေးလှည့်ကင်းဆောင်ရွက်နေစဉ် လက်နက်သယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

အမ်း ဧပြီ ၂၃

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကဇုကိုင်းအုပ်စု ကဇုကိုင်းကျေးရွာအနီး အမ်း-စစ်တွေကားလမ်းတွင် တရားမဝင်လက်နက် သယ်ဆောင်လာသူတစ်ဦးကို ဧပြီ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကဇုကိုင်း ရဲကင်းမှူး ရဲအုပ်မောင်မောင်နိုင် ဦးစီးသောအဖွဲ့၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီး မိုးသူအောင် ဦးစီးသောအဖွဲ့နှင့် တာဝန်ရှိသူများသည် နယ်မြေလုံခြုံရေး လှည့်ကင်းဆောင်ရွက်နေစဉ် အမ်းမြို့မှ ကဇုကိုင်းကျေးရွာဘက်သို့ ဦးညီပု(ခ) စောဝင်းမောင် အသက်(၃၅နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တူမီး(သေနတ်) အမျိုးအစား၊ အရှည် ၄ ပေ ၆ လက်မ နှင့် ဆက်စပ်ပစ္စည်းများ၊ သစ်ခုတ်ဓားမ တစ်ချောင်း၊ စာအုပ်တစ်အုပ်ကို ရှာဖွေတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တွန်းဇံမြို့နယ်၌ လိုင်စင်မဲ့ အရက်များ ရောင်းချနေသူကို ဖမ်းဆီးအရေးယူ

တွန်းဇံ ဧပြီ ၂၃

ချင်းပြည်နယ် တွန်းဇံမြို့နယ် ဖိုင်တူကျေးရွာရှိ လိုင်စင်မဲ့ အရက်ရောင်းချသူအား သက်ဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၂၂ ရက် နံနက် ၉ နာရီတွင် ဖမ်းဆီးအရေးယူထားကြောင်းသိရသည်။ ဖြစ်စဉ်မှာ တွန်းဇံမြို့နယ် ဖိုင်တူကျေးရွာနေ ဦးဟန်လျှန်မာန်သည် နေအိမ်တွင် လိုင်စင်မဲ့အရက်များ ရောင်းချနေကြောင်း သတင်းအရ တွန်းဇံမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး စန်းယု ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ၎င်းနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ Gold တံဆိပ်ပါ ကော်ဘူးအဖြူအတွင်း ထည့်ထားသော အရက်ဖြူပုလင်း ၃၀ကို တွေ့ရှိသိမ်းဆည်းရမိပြီး တွန်းဇံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

သီရိလင်္ကာအကြမ်းဖက်တိုက်ဖျက်ရေး အမေရိကန်ပူးပေါင်းပါဝင်မည်

ကိုလံဘို ဧပြီ ၂၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် အနီးဝန်းကျင်နေရာများတွင် ဧပြီ ၂၁ ရက်က အီစတာပွဲတော်ကျင်းပနေချိန်တွင် ဘုရားရှိခိုးကျောင်းများနှင့် ဟိုတယ်များတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူရာချီ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ အများအပြား ရှိခဲ့သည်။

ထိုကဲ့သို့ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝမ်းနည်းကြောင်း သီရိလင်္ကာဝန်ကြီးချုပ်ထံ ဖုန်းဆက်ပြောကြားခဲ့သည်။ သေဆုံးသူ နိုင်ငံခြားသားများထဲတွင် အမေရိကန်နိုင်ငံသားများလည်း ပါဝင်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါအကြမ်းဖက်မှု ဖြစ်ပွားသည့်ကိစ္စကို သီရိလင်္ကာနှင့် အမေရိကန်တို့ ပူးပေါင်းပြီး အဖြေရှာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက မကြာသေးမီတွင် ပြောကြားလိုက်သည်။

ဗုံးကွဲမှုကြောင့် ပျက်စီးသွားသော ဘုရားကျောင်းကို တွေ့ရစဉ်။

အဆိုပါ ဗုံးဖောက်ခွဲမှုများတွင် ဒေသခံ အကြမ်းဖက်အုပ်စုတစ်စုဖြစ်သည့် အစ္စလမ်မစ် အစွန်းရောက် အကြမ်းဖက်အုပ်စုတစ်စု ဖြစ်သော National Thowfeek Jamaath (NTJ) အဖွဲ့ကို သံသယဖြစ်နေကြောင်း သိရသည်။ ၎င်းအဖွဲ့သည် နိုင်ငံခြား အကြမ်းဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိမရှိ သီရိလင်္ကာအစိုးရက စုံစမ်းစစ်ဆေးလျက်ရှိသည်။

လတ်တလောတွင် သံသယရှိသူ ၂၀ ကျော်ကို သီရိလင်္ကာနိုင်ငံ အာဏာပိုင်များက ဖမ်းဆီးထားပြီး နိုင်ငံတော်အရေးပေါ် ကြေညာချက်ကိုလည်း ထုတ်ပြန်ထားသည်။ ဖောက်ခွဲမှုဖြစ်စဉ်တွင် NTJ မှ အသေခံဗုံးခွဲသမား ခုနစ်ဦးပါဝင်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။ ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေးအတွက် အပူတပြင်း ကြိုးပမ်းဆောင်ရွက်နေကြောင်း သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဒိုင်နန်တရာ ရှဝမ် ဝီဂျီဝါဒမ်က ပြောသည်။

လတ်တလောတွင် ဖမ်းဆီးရမိထားသူများကို စစ်ဆေးမှုများ စတင်လုပ်ဆောင်လျက်ရှိပြီး မကြာမီ ကွင်းဆက်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိမည်ဟု ယုံကြည်ကြောင်း၊ အချက်အလက်များ တိကျပြီဆိုသည်နှင့် တစ်ပြိုင်နက် အမြန်ဆုံး အရေးယူနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်ခိုက်မှုတွင် တာဝန်ရှိသူများကို ဥပဒေအရအရေးယူရန် ကြိုးပမ်းဆောင်ရွက်မှုကို အမေရိကန်နိုင်ငံက ထောက်ခံကြောင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကတိပြုပြောကြားခဲ့ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးက ယမန်နေ့တွင် ပြောသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးများကို အခိုင်အမာ လုပ်ဆောင်သွားကြရန် ခေါင်းဆောင်နှစ်ဦးက ထပ်မံအတည်ပြုပြောကြားခဲ့ကြောင်းလည်း သိရသည်။

ယခုကဲ့သို့ သီရိလင်္ကာနိုင်ငံကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့်အတွက် အလွန်ဝမ်းနည်း ကြေကွဲရကြောင်း၊ ထိခိုက်သေဆုံးသွားသည့် မိသားစုများနှင့်အတူ မိမိတို့လည်း ဝမ်းနည်းကြောင်း၊ သေဆုံးသူများတွင် အမေရိကန် နိုင်ငံသားများပါဝင်ကြောင်း၊ ယခုအကြမ်းဖက် တိုက်ဖျက်မှုကို အမေရိကန်နိုင်ငံကလည်း ပူးပေါင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးက ပြောသည်။

ယခုတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နောက်ဆက်တွဲတိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်လာနိုင်သောကြောင့် စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။ ထို့ကြောင့် သီရိလင်္ကာ နိုင်ငံတကာ လေဆိပ်အပါအဝင် အရေးကြီး အဆောက်အအုံနေရာ အတော်များများတွင် လုံခြုံရေးတင်းကျပ်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

အေအက်ဖ်ပီ

ဖိလစ်ပိုင်၌ ငလျင်လှုပ်ခတ်အပြီး အသက်ရှင်ကျန်ရစ်သူများကို ဆက်လက်ရှာဖွေ

မနီလာ ဧပြီ ၂၃

ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းတွင် ဧပြီ ၂၂ ရက်က အင်အားပြင်း ၆ ဒသမ ၁ မဂ္ဂနီကျူ ငလျင်တစ်ခုလှုပ်ခဲ့ရာ မနီလာမြို့အနီး အဆောက်အအုံ အပျက်အစီးများအောက် လူပေါင်း နှစ်ဒါဇင်ခန့် ရောက်ခဲ့ရသည်။

ယခုအခါ ဖိလစ်ပိုင်ကယ်ဆယ်ရေးသမားများသည် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေး အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ ငလျင်လှုပ်မှုအပြီး နောက်ထပ်ငလျင်တစ်ခု ဗစ်စရက်ဒေသတွင် လှုပ်ခဲ့ရာ ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိပြီး တနင်္လာနေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ထက် ပြင်းအားများကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာရေးက ပြောသည်။

နောက်ဆုံးလှုပ်ခဲ့သည့် ငလျင်ကြောင့် လူများသည် ကြောက်လန့်တကြား လမ်းမများပေါ်သို့ ထွက်ပြေးခဲ့သည့်ပုံများ လူမှုကွန်ရက်မီဒီယာများတွင် တွေ့ရသည်။ တနင်္လာနေ့က လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၁၆ ဦးအထိ ရှိလာခဲ့သည်။ ငလျင်ကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၁၀၀ ခန့်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်ဆောင်နေမှုများကို တွေ့ရစဉ်။

ကယ်ဆယ်ရေး သတင်းအရင်းအမြစ်များအရ ပရိုရေ့စ်မြို့တွင် ငလျင်ကြောင့် လေးထပ်အဆောက်အအုံ ပြိုကျခဲ့ပြီး ၂၄ ဦးစာရင်းပျောက်လျက်ရှိရာ ထိုသူများကို ရှာဖွေနိုင်ရေး ကယ်ဆယ်ရေးသမားများ အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ကယ်ဆယ်ရေးအတွက် မိနစ်တိုင်း စက္ကန့်တိုင်းတွင် အရေးကြီးကြောင်း စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေး ခေါင်းဆောင် ခရစ်ပါလ်လေ့စ်က ပြောသည်။ အချိန်က အလွန်ကိုအရေးကြီးကြောင်း၊ အပျက်အစီးအောက်ရောက်နေသည့် လူများကို ကယ်တင်ရန် အရေးကြီးကြောင်း ၎င်းက ဆက်ပြောသည်။

အေအက်ဖ်ပီ

ကွန်မြူနစ်သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ခြောက်ဦးကျဆုံး

မနီလာ ဧပြီ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် ကွန်မြူနစ်သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် အင်္ဂါနေ့က ဖိလစ်ပိုင် တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် နိုင်ငံအတွင်းရှိ နှစ် ၅၀ ကြာမြင့်ခဲ့ပြီဖြစ်သည့် မော်ဝါဒီသူပုန်အဖွဲ့က လုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုများအနက် အသေအပျောက်အများဆုံးတိုက်ခိုက်မှုတစ်ခု ဖြစ်ကြောင်းသိရသည်။ New People's Army (NPA)အဖွဲ့ဝင်များသည် အလယ်ပိုင်း ဆမားကျွန်းရှိ တောင်တန်းထူထပ်သည့်ဧရိယာတစ်လျှောက် စုဝေးနေကြသည့် တပ်ဖွဲ့ဝင်များကို အရဏ်တက်ချိန်မတိုင်မီ ဗုံးများထောင်ကာ ချုံခိုတိုက်ခိုက်ခဲ့ရာ လေးနာရီကြာ သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

သူပုန်များဘက်မှ သေဆုံးဒဏ်ရာရမှုနှင့်ပတ်သက်၍ မသိရှိရသေးပေ။ သို့သော် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ သေဆုံးမှုကို ဗိုလ်မှူးကြီး ရေမွန် ဇာဂလာက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဧပြီ ၂၃ ရက်နေ့ကဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုသည် မော်ဝါဒီသူပုန်အဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို သမ္မတဒူတာတေးကရပ်ဆိုင်းလိုက်ချိန်ဖြစ်သည့် ၂၀၁၇ခုနှစ် နှစ်လယ်လောက်မှစတင်ကာ NPA အဖွဲ့က လုပ်ဆောင်ခဲ့သည့် အသေအပျောက်အများဆုံးတိုက်ခိုက်မှုများအနက် တစ်ခုဖြစ်သည်။

အေအက်ဖ်ပီ

ဆီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်း အယ်ရုခ်ဘန် စခန်းမှ လူပေါင်း ၁၀၀၀ ခန့် ထွက်ခွာ

ဒမတ်စကတ် ဧပြီ ၂၂

ဆီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်း အယ်ရုခ်ဘန်စခန်းမှ လူပေါင်း ၁၀၀၀ ခန့်မှာ ဧပြီ ၂၂ ရက်နေ့တွင် အစိုးရထိန်းချုပ်ရာ ဒေသသို့ပြောင်းရွှေ့သွားကြောင်း စစ်ပွဲစောင့်ကြည့်ရေးအုပ်စုက ပြောသည်။

ယခုအစောပိုင်းတွင် ဒုက္ခသည်စခန်းမှလူများကို ကယ်ဆယ်မှုများပြုလုပ်ပြီးနောက် သူပုန်များထိန်းချုပ်ထားရာစခန်းမှ လူများနေရာရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရာ ယခုတစ်ကြိမ်သည် အများဆုံးပင်ဖြစ်ကြောင်းသိရသည်။

နောက်ထပ် ရွှေ့ပြောင်းမှုနှင့် ပေါင်းလျှင် သူပုန်များထိန်းချုပ်ထားသည့် စခန်းမှ အစိုးရထိန်းချုပ်ရာဒေသရှိ ဟွန်းစ်ပြည်နယ်သို့ ရွှေ့ပြောင်းခဲ့သူအရေအတွက်မှာ ၃၁၀၀ ခန့် ရှိပြီဖြစ်ကြောင်း ယူကေအခြေစိုက်စောင့်ကြည့်ရေးအုပ်စုက ပြောသည်။

အယ်ရုခ်ဘန်စခန်းမှာ ဆီးရီးယားပြည်တွင်း၌ပင် ပြောင်းရွှေ့နေထိုင်သူ ငါးသောင်းခန့်၏ ခိုလှုံရာဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဆိုးရွားသည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ ရာသီဥတုပြင်းထန်မှုနှင့် ထောက်ပံ့ရေးပစ္စည်းများပြတ်လပ်မှုကြောင့် ဒုက္ခတွေ့နေရခြင်းလည်းဖြစ်သည်။

ဆင်ဟွာ

ပျောက်ဆုံးနေသည့် အက်ဖ်-၃၅ ဂျက်လေယာဉ်ရှာဖွေမှုတွင် သုတေသနသင်္ဘော ပါဝင်မည်

တိုကျို ဧပြီ ၂၃

ပျောက်ဆုံးနေသည့် အက်ဖ် - ၃၅ ဂျက်လေယာဉ်ကို ဂျပန်နိုင်ငံမြောက်ပိုင်း၌ ရှာဖွေရာ ပင်လယ်သမုဒ္ဒရာ သုတေသနသင်္ဘော Kaimei အတူပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်ဖ်-၃၅ ဂျက်လေယာဉ်သည် ဧပြီ ၉ ရက်နေ့က အိုမိုရီ စီရင်စုရှိ ရေပိုင်နက်အတွင်းသို့ ပျက်ကျသွားခဲ့သည်။ အဆိုပါဧရိယာအတွင်းရှိ သမုဒ္ဒရာအနက်မှာ ၁၅၀၀ မီတာအထက်ရှိသည်ဖြစ်ရာ ပျောက်ဆုံးနေသည့် လေယာဉ်မှူးနှင့် ပျက်ကျလေယာဉ်ကို ရှာဖွေရေးဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ဂျပန်ရေကြောင်းသိပ္ပံနှင့်နည်းပညာ အေဂျင်စီမှ သုတေသနသင်္ဘောသည် သမုဒ္ဒရာကြမ်းပြင် တိုင်းတာမှုပြုလုပ်နိုင်သည့် သင်္ဘောဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး တာကီရှီ အီဝါယာက ဧပြီ ၂၃ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ယင်းသင်္ဘောအကူအညီဖြင့် ပျောက်ဆုံးလေယာဉ်ကို အမြန်ဆုံးရှာတွေ့နိုင်ရန် မျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

Kaimei သုတေသနသင်္ဘောကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုသည်လည်း ရှာဖွေရေးအတွက် အထောက်အကူဖြစ်စေမည့် သင်္ဘောတစ်စင်းကို ယခုလကုန်ပိုင်းလောက်တွင် ပေးပို့သွားရန် စီစဉ်နေကြောင်းသိရသည်။ အက်ဖ်-၃၅ ဂျက်လေယာဉ်၌ အသုံးပြုထားသည့် လျှို့ဝှက်နည်းပညာရပ်မှာ အလွန်အဆင့်မြင့်ပြီး နှစ်နိုင်ငံသည် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ဆုံးဖြတ်နိုင်ရန် အတူတကွ လုပ်ဆောင်နေကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

နိုင်ငံတကာ သတင်းတိုထွာ

ရီယိုဒီဂျနေးရိုးအနောက်ပိုင်းတွင် အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူ ၂၄ ဦးရှိ

ရီယိုဒီဂျနေးရိုး ဧပြီ ၂၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့အနောက်ပိုင်းရှိ မူဇီမာ ဖာဘီလာ လူနေအဆောက်အအုံနှစ်လုံး ပြိုကျမှုကြောင့် သေဆုံးသူအရေအတွက် ၂၄ ဦးအထိ မြင့်တက်လာကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယမန်နေ့တွင် ပြောသည်။

သေဆုံးသူ ၂၄ ဦးတွင် အသက်နှစ်နှစ် မှ ၁၅ နှစ်အထိ အရွယ်မရောက်သေးသူ ကိုးဦး ပါဝင်ကြောင်း သိရသည်။ ယင်းပြိုကျမှုတွင် နောက်ဆုံး ပျောက်ဆုံးနေသူ တစ်ဦး၏ ရုပ်အလောင်းကို ထုတ်ယူခဲ့ပြီးနောက် ရှာဖွေမှုကို အဆုံးသတ်လိုက်ကြောင်း သိရသည်။

အဆောက်အအုံပြိုကျခြင်းသည် အရည်အသွေးမပြည့်မီသည့် တည်ဆောက်မှုများကြောင့် ဖြစ်ကြောင်းနှင့် ယင်းအဆောက်အအုံ တည်ဆောက်သူများသည် ခတ်ငွေ့ရောင်းချခြင်း၊ တီဗွီကြိုးနှင့် အင်တာနက်ဝန်ဆောင်မှုများ၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လုံခြုံရေးတာဝန်ခံခြင်း ကဲ့သို့သော လုပ်ငန်းများကို လက်ဝါးကြီး အုပ်ထားကြောင်း သိရသည်။

အဆောက်အအုံ တည်ဆောက်မှုများတွင် ကြီးကြပ်ရေးအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များပါဝင်မှုမရှိသော်လည်း အဆိုပါအဆောက်အအုံများသည် တန်ဖိုးအလွန်နည်းသောကြောင့် ဆင်းရဲနွမ်းပါးသူများအတွက် ဆွဲဆောင်မှုရှိနေကြောင်းသိရသည်။ ပြိုကျသွားသော အဆောက်အအုံများ တည်ဆောက်မှုအတွက် တာဝန်ရှိသည်ဟု ယူဆရသော လူသုံးဦးအား ရဲတပ်ဖွဲ့မှ ဖမ်းဝရမ်းထုတ်ထားသည်။

ဆင်ဟွာ

မြောက်ကိုရီးယားခေါင်းဆောင် ရုရှားသို့သွားမည်

မော်စကို ဧပြီ ၂၃

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းသည် ရုရှားနိုင်ငံသို့ မကြာမီ သွားရောက်မည်ဖြစ်ကြောင်း ကိုရီးယား ဗဟိုသတင်းအေဂျင်စီက ဧပြီ ၂၃ ရက်တွင် ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ သွားရောက်မည့် အဆိုပါခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုခရီးစဉ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံခြားအကူအညီရရှိရန်အတွက် ကင်၏ ကြိုးစားလုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း တချို့မီဒီယာများတွင် ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သော အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် နျူကလီးယား လုံးဝကင်းစင်ဖို့အရေး မြောက်ကိုရီးယားအပေါ် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး ညှိနှိုင်းမရသည့် အခြေအနေဖြင့် ပြီးဆုံးခဲ့ပြီးနောက် ယခုလို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့် ရုရှားနိုင်ငံသို့ သွားရောက်ရန် သတင်း ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့က ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေတာလား

ထွန်းသစ်စ

ကမ္ဘာမြေနေ့ကို ကျင်းပခဲ့တာ မကြာသေးပါဘူး။ ဆိုးရွားလာတဲ့အခြေအနေတွေ ကြုံတွေ့လာရတာ၊ ရှားပါးမျိုးစိတ်တွေ ပျောက်ကွယ်သွားတာ၊ တချို့မျိုးစိတ်တွေ မရှိတော့တာ။ သစ်တောတွေ ပြုန်းတီးလာတာ၊ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်ပေါ်လာတာ၊ ကာဗွန်ဒိုင်အောက်ဆိုက်စတဲ့ အလားတူဓာတ်ငွေ့ထုတ်လွှတ်မှုတွေ မြင့်တက်လာတာစတဲ့ အလုံးစုံသော အခြေအနေတွေကို လျှော့ချစေဖို့ ရည်ရွယ်ပြီး ထိုနေ့ကို ကျင်းပခဲ့တာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့လေထုအတွင်း အပူချိန်ကိုမြင့်တက်စေတဲ့ အဓိကအကြောင်းရင်းတစ်ချက်ကတော့ ကာဗွန်ဒိုင်အောက်ဆိုက်စတဲ့ အလားတူ ဓာတ်ငွေ့တွေရဲ့ပမာဏဟာ စံချိန်သစ်တင်မြင့်တက်လျက်ရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီလိုမျိုးသာ ဆက်လက်မြင့်တက်နေမယ်ဆိုပါက ကမ္ဘာကြီးမှာ မှီတင်းနေထိုင်တဲ့ ကမ္ဘာ့လူသားတွေအနေနဲ့ ပိုပူတဲ့အခြေအနေကို ရင်ဆိုင်ရနိုင်ပြီး အခက်တွေ့ရချည်ရဲ့ ဆိုပြီးတော့လည်း ကျွမ်းကျင်ပညာရှင်တွေက သတိပေးလိုက်ပါတယ်။

ကမ္ဘာကြီးပိုမိုပူနွေးလာမှုကို ကိုယ်စားပြုဖော်ပြထားသည့် ပုံ

လေးစားလိုက်နာ

ပိုလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ရာသီဥတုဆိုင်ရာ ညီလာခံ (COP 24) မတိုင်မီ သက်ဆိုင်ရာအစိုးရတွေအနေနဲ့ လေထုရဲ့ အပူချိန်ကိုမြင့်တက်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်စတဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂ ဒီဂရီ ဆဲလ်စီးယက်စ်ထက် လျှော့ချသတ်မှတ်ရေးလိုက်နာဆောင်ရွက်ဖို့အတွက် ကုလသမဂ္ဂ ထိပ်တန်းအရာရှိတွေက တစ်ခုခုကြိုးစားလုပ်ဆောင်ကြရမှာပဲဖြစ်ပါတယ်။ ဒါမှလည်း ၂၀၁၅ ခုနှစ် ပါရီ သဘောတူညီချက်ကို လေးစားလိုက်နာရာရောက်မှာပဲ ဖြစ်ပါတယ်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေနဲ့ အခြား ဖန်လုံအိမ် သဘာဝဓာတ်ငွေ့တွေကို လျင်မြန်စွာ လျှော့ချဖြတ်တောက်မှု မလုပ်ဘူးဆိုရင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေဟာ အခုထက် ပိုဆိုးလာပြီး ကမ္ဘာကြီးမှာ မှီတင်းနေထိုင်ကြတဲ့ လူသားတွေအပြင် အားလုံးသော သက်ရှိတွေအတွက် ဆိုးကျိုးများလျင်မြန်စွာ ဖြစ်ပေါ်လာစေနိုင်တယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးမှ ခေါင်းဆောင်ဖြစ်သူ ပက်တာရီတာလက်စ်က ကြေညာချက်မှာပြောခဲ့ပါတယ်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေနဲ့ အခြားဖန်လုံအိမ် သဘာဝဓာတ်ငွေ့တွေကို လျင်မြန်စွာ လျှော့ချဖြတ်တောက်ဖို့ အခွင့်အရေးတံခါးပေါက်တွေဟာ ပိတ်လုနီးပါးဖြစ်နေတယ်လို့လည်း သူကဆက်လက်ပြောခဲ့ပါတယ်။

ရပ်တန့်သွားနိုင်

ထို့အပြင် ပါရီ သဘောတူညီချက်တွေကို အကောင်အထည်မဖော်နိုင်ပါက တစ်ကမ္ဘာလုံး၊ ဂေဟစနစ်အားလုံး၊ လူသားတွေအားလုံးနဲ့ အသက်ရှင်နေထိုင်မှုပုံစံအားလုံး လုံးဝရပ်တန့်သွားနိုင်ကြောင်း မီရှယ်ဘာချလတ်က ဆက်လက်ပြောခဲ့တယ်။

ပါရီညီလာခံမှ ထွက်ခွာသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရဟာ ရာသီဥတုဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်တွေအပေါ် ယုံကြည်မှုနည်းနေသလိုပါပဲ။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဟာ အမေရိကန်ခေါင်းဆောင်ပိုင်းကိုတော့ တိုက်ရိုက်စိန်ခေါ်မှုရှိမှာမဟုတ်ပါဘူးလို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးမှ ဒုတိယခေါင်းဆောင်ဖြစ်သူ အယ်လ်လီနာ မနန်ကိုဗာက ပြောပါတယ်။

COP 24 ညီလာခံမတိုင်မီ နိုင်ငံအားလုံးသို့ ပေးပို့ထားတဲ့ အိတ်ဖွင့်ပေးစာမှာ အကယ်၍ ကမ္ဘာကြီးအနေနဲ့ အပူချိန်မြင့်မားမှုကို ထိန်းသိမ်းမှုမရှိဘူးဆိုပါက ရုတ်တရက်ကျရောက်တဲ့ သဘာဝကပ်ဆိုးကြီးတွေနဲ့ ရင်ဆိုင်ရနိုင်ကြောင်း ကုလသမဂ္ဂအခွင့်အရေးကောင်စီမှ အကြီးအကဲဖြစ်သူ မီရှယ်ဘာချလတ်က ပြောခဲ့ပါတယ်။

ကုလသမဂ္ဂရာသီဥတုအေဂျင်စီရဲ့ နှစ်စဉ် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ ထုတ်ပြန်ချက်မှာ လေထုထဲ အန္တရာယ်ဖြစ်စေတဲ့ ဓာတ်ငွေ့ပါဝင်မှုဟာ လွန်ခဲ့တဲ့ ၁၇၅၀ ပြည့်နှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။

တဖြည်းဖြည်းများပြား

လွန်ခဲ့တဲ့ ၂၀၁၇ခုနှစ် ဖြစ်စဉ်ကို အခြေခံပြီး တွက်ချက်ထားတဲ့ ၂၀၁၈ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်ပြန်ချက်မှာ လေထုထဲ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုဟာ ၄၀၅ ဒသမ ၅ ပီပီအမ် ပါဝင်နေပြီလို့ ထုတ်ပြန်ခဲ့ပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ကျိန်းသေတာကတော့ ၂၀၁၈ ခုနှစ်ထက် ပိုပိုများပြားလာမယ်ဆိုတာပဲဖြစ်ပါတယ်။

ဒါဟာ ၂၀၁၅ ခုနှစ်မှာ လေထုထဲ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုဟာ ၄၀၀ ဒသမ ၁ ပီပီအမ်မှသည် ၂၀၁၆ခုနှစ်မှာ လေထုထဲ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုဟာ ၄၀၃ ဒသမ ၃ ပီပီအမ် အထိရောက်ရှိလာပါတယ်။ တစ်နှစ်ထက်တစ်နှစ် လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှု တဖြည်းဖြည်းများပြားလာတာကို တွေ့ရမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်သန်းပေါင်း ၃သန်းမှ ၅ သန်းလောက်ကတော့ ကမ္ဘာကြီးမှာ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု အနည်းအကျဉ်းလောက်ရှိခဲ့ပြီး အပူချိန်ဟာ ၂ ဒီဂရီ ဆဲစီးယက်စ်မှ ၃ ဒီဂရီဆဲစီးယက်စ်အထိပူနွေးလာခဲ့ပါတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးမှ ခေါင်းဆောင်ဖြစ်သူ ပက်တာရီတာလက်စ်က ပြောခဲ့ပါတယ်။

ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုအပြင် မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုက်၊ အိုဇုန်းလွှာပေါက်ယိုယွင်းစေသော CFC-11 ဟုခေါ်သော အခြား ဓာတ်ငွေ့ပါဝင်မှုဟာလည်း မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောပါတယ်။ အဲဒီလို အလုံးစုံသော ဓာတ်ငွေ့တွေရဲ့ပါဝင်မှုဟာ တဖြည်းဖြည်းမြင့်တက်လာတဲ့အခါ အကျိုးဆက်အားဖြင့် ကမ္ဘာကြီးပိုမိုပူနွေးလာပြီး လူသားတွေ ဆိုးကျိုးပိုမိုရရှိနိုင်ပါတယ်။

ဆောင်ကြဉ်းလာမယ်

ဒါဟာ မျက်လှည့်ပြလိုက်တာမဟုတ်ပါဘူး။ တဖြည်းဖြည်းနဲ့ လူတွေ သတိမထားမိခင်မှာဘဲ မြင့်တက်လာခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် လူသားတွေသိတဲ့အတိုင်း ကမ္ဘာကြီးပူနွေးလာမှုကို လူသားတွေ ခံစားနေကြရပါပြီ။ ဒါတွေကို အချိန်မီ လျှော့ချမှုတွေ မလုပ်ဆောင်ဘူးဆိုရင် ယနေ့ ကျွန်တော်တို့ မှီတင်းနေထိုင်တဲ့ ကမ္ဘာကြီးဟာ ကျွန်တော်တို့ အတွက် ဆိုးကျိုးတွေကို မဝေးတော့တဲ့ အနာဂတ်မှာ ဆောင်ကြဉ်းလာတော့မှာဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂက အစိုးရအချင်းချင်း ဆွေးနွေးပွဲအဖွဲ့က လေထုအပူချိန် ၁ ဒသမ ၅ ဒီဂရီဆဲဆီးယက်စ်အထိ ထိန်းသိမ်းထားရန်အတွက် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လုပ်မှုဟာ သုညရာခိုင်နှုန်း ရှိရမှာဖြစ်တယ်လို့ ပြောခဲ့သည်။ ဆိုလိုတာကတော့ လေထုထဲကိုထုတ်လိုက်တဲ့ ဓာတ်ငွေ့တွေနဲ့ လေထုထဲက ဖယ်ထုတ်လိုက်တဲ့ ဓာတ်ငွေ့တွေဟာ အညီအမျှဖြစ်နေရမယ်လို့ ဆိုလိုတာပဲဖြစ်ပါတယ်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ ဒုတိယအကြီးအကဲ အယ်လီနာက လေထုထဲနဲ့ သမုဒ္ဒရာထဲမှာနှစ်ပေါင်းရာချီကြာမြင့်စွာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ ကျန်ရှိတုန်းပဲလို့ ဆိုပါတယ်။ လတ်တလော လေထုထဲမှာရှိတဲ့ ပိုလျှံနေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို မှော်တုတ်တံလိုအစွမ်းနဲ့ ချက်ချင်းဖျောက်ဖျက်ပစ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးလို့ ၎င်းက ဆက်လက်ပြောခဲ့ပါတယ်။

ထို့ကြောင့် ယနေ့ ကမ္ဘာမှာ မှီတင်းနေထိုင်နေကြတဲ့လူသားတွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်လို တခြားဓာတ်ငွေ့ပါဝင်မှုတွေကို လျှော့ချဖို့ နည်းလမ်းရှာရမှာပဲဖြစ်ပါတယ်။ ထိုသို့မဟုတ်ပါက ကျွန်တော်တို့ မှီတင်းနေထိုင်တဲ့ ကမ္ဘာကြီးဟာ ကျွန်တော်တို့ကြောင့်ပဲ ဖောက်ပြန်ပြီး ပိုပြီးဆိုးကျိုးတွေ ခံစားနေရတာ မလွဲဧကန်ပါပဲ။ ဓာတ်ငွေ့လျှော့ချဖို့ သက်ဆိုင်ရာနိုင်ငံများနဲ့ အစိုးရတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ဟာ အဓိကဖြစ်ပြီး တခြားအရပ်ဘက်အဖွဲ့အစည်းတွေ၊ တခြားစေတနာရှင် အဖွဲ့အစည်းတွေအနေနဲ့ ပေါင်းစပ်လုပ်ကိုင်မှသာ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်မှာပဲဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

> **"မျက်လှည့်ပြလိုက်တာ မဟုတ်ပါဘူး။ တဖြည်းဖြည်းနဲ့ လူတွေသတိမထားမိခင်မှာဘဲ မြင့်တက်လာခဲ့တာပဲဖြစ်ပါတယ်။ အခုဆိုရင် လူသားတွေသိတဲ့အတိုင်း ကမ္ဘာကြီးပူနွေးလာမှုကို လူသားတွေ ခံစားနေကြရပါပြီ"**

ရေတာရှည်မြို့နယ် ဝဲဒေါင့်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးများဆောင်ရွက်နိုင်ရေး ဝန်ကြီးချုပ်ဦးဝင်းသိန်း ပြည်သူများနှင့် တွေ့ဆုံ

ရေတာရှည် ဧပြီ ၂၃
ရေတာရှည်မြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာ ကျောင်းကုန်းဘုန်းတော်ကြီးကျောင်း၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကျေးရွာပြည်သူလူထုတွေ့ဆုံပွဲကို ယနေ့နံနက်က ကျင်းပသည်။

ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အတ္တကိုအခြေခံပြီးဆောင်ရွက်ပါက တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဘာသာနှင့် တစ်ဘာသာ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ပွတ်တိုက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး ယုံကြည်မှုများလည်း လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း၊ ယုံကြည်မှုမရှိပါက အတူယှဉ်တွဲနေထိုင်သော်လည်း ရေရှည်တွင် ပဋိပက္ခအသွင်ကို အချိန်မရွေး ဖြစ်ပေါ်စေနိုင်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာဖြစ်သော လမ်းတံတား၊ လျှပ်စစ်မီး၊ အဆောက်အအုံများကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ရသော်လည်း စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ပါက ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အချိန်မရွေးပျက်စီးသွားနိုင်ကြောင်း၊ ထို့ကြောင့် ပထမဦးစွာ ယုံကြည်မှုများ တည်ဆောက်ရာတွင် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး အတူပူးပေါင်းဆောင်ရွက်ခြင်းကသာ ယဉ်ကျေးသော၊ စည်းကမ်းရှိသော၊ တည်ငြိမ်အေးချမ်းသော၊ လူ့အခွင့်အရေးကို အခြေခံသော ဒီမိုကရက်တစ် လူ့အသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်တို့က ပြည်သူလူထုနှင့် လာရောက်တွေ့ဆုံရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ဝန်ကြီးချုပ်ဦးဝင်းသိန်း ရေတာရှည်မြို့နယ် ဒေသခံများနှင့် တွေ့ဆုံစဉ်။

ထို့နောက် ဝဲဒေါင့်ကျေးရွာသားတစ်ဦးက ဝဲဒေါင့်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လမ်းခင်းထားပြီးဖြစ်၍ အစိုးရမှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာချင်းဆက်လမ်းပေ ၄၀၀၀ အား တိုင်းတာပြီးဖြစ်၍ ဘတ်ဂျက်နှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ လက်ပံခုန်းကျေးရွာသားတစ်ဦးက လက်ပံခုန်းကျေးရွာနှင့် သာဂရမြို့ ဆက်သွယ်ထားသော ကျေးလက်လမ်းပေါ်တွင် ရေထွက်ပေါက်တံတားများ ဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် ဝန်ကြီးချုပ်က မြေပြင်အခြေအနေအား သက်ဆိုင်ရာအင်ဂျင်နီယာအဖွဲ့များဖြင့် ကွင်းဆင်းတိုင်းတာ၍ လိုအပ်သည့်နေရာများတွင် ရေထွက်ပေါက်တံတားများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားသည်။ ဆက်လက်၍ ဒေသခံများက ကျေးရွာအုပ်စုအတွင်း မှတ်ပုံတင်ကွင်းဆင်းဆောင်ရွက်ပေးရန် ကျေးလက်လမ်း / တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ဆွာချောင်းရေပို လွှဲကျိုးပေါက်မှုဖြစ်စဉ်ကြောင့် ပျက်စီးသွားသည့် ကျေးလက်လမ်းအား ပြန်လည်ပြင်ဆင်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများဆောင်ရွက်ပေးရန်၊ ဝဲဒေါင့်-ကျောင်းကုန်း စစ်တောင်းမြစ်ကူးတံတားအား ကျေးရွာအစီအစဉ်ဖြင့် တည်ဆောက်နေမှုအပေါ် အစိုးရအဖွဲ့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တင်ပြပြီး ဝန်ကြီးချုပ်က မြစ်ကူးတံတားတစ်စင်း တည်ဆောက်ရာတွင် သက်ဆိုင်ရာ ရေမြစ်ဖြိုး၊ ဆည်မြောင်း၊ တံတားဦးစီးဌာနတို့မှ ကျွမ်းကျင်သောပညာရှင်များဖြင့် ကွင်းဆင်းတိုင်းတာခြင်း၊ ရေစီးရေလာ အနှောင့်အယှက်မဖြစ်စေရေး၊ တံတားရေရှည်တည်တံ့ခိုင်မြဲနိုင်ရေး စသည့်အချက်အလက်များဖြင့် ပေါင်းစပ်တည်ဆောက်ရခြင်း၊ ယခုလို ပြည်သူများက မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုသည် မှားယွင်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးနိုင်ပြီး စစ်တောင်းမြစ်အတွက်လည်း ရေစီးရေလာအဟန့်အတားဖြစ်စေနိုင်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ စစ်တောင်းမြစ်ကူးတံတားနှင့်ပတ်သက်၍ လွှတ်တော်တွင်တင်ပြထားပြီးဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

မြေယာကွင်းဆင်းတိုင်းတာ၍ ပုံစံ (၇) ရရှိနိုင်ရေး၊ ခရစ်ယာန်ဘာသာရေးအဆောက်အအုံ ဆောက်လုပ်ပေးရန်၊ သာဂရမြို့ ဝဲဒေါင့်ကွင်းနှင့် လက်စွက်ကျကွင်းရှိ စိုက်ပျိုးမြေဧက ၆၀၀ ခန့်သည် နှစ်စဉ်ရေကြီး နစ်မြုပ်မှုကြောင့် စိုက်ပျိုးရေးအခက်အခဲများ ဖြစ်ပေါ်နေမှုလျော့နည်းစေရန်၊ မူလွန်ကျောင်းတွင် ကျောင်းဆောင်သစ် တိုးချဲ့တည်ဆောက်ပေးရန်၊ ဆရာ ဆရာမ ဦးရေ ထပ်မံချထားပေးရန်နှင့် တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန်၊ မြေယာကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်မီးလိုအပ်ချက် တင်ပြခဲ့ရာ ဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

ဟားခါး၌ လေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၉) သင်တန်းဖွင့်

ဟားခါး ဧပြီ ၂၃
ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော လေကြောင်းလူငယ် ဟားခါးစခန်း၏ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၉)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့စစ်ဗျူဟာအဖွဲ့(အခြေချ) ဟားခါးသင်တန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိများ၊ နည်းပြများ၊ စစ်ဗျူဟာအဖွဲ့(အခြေချ) ဟားခါးစစ် ဗျူဟာမှူး ဗိုလ်မှူးကြီး နေမျိုးဇော်နှင့် အရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ ပြသထားသော သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုနေစဉ်။

ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့် စစ်ဗျူဟာအဖွဲ့(အခြေချ) ဟားခါး စစ်ဗျူဟာမှူးတို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြသည်။

သင်တန်းသို့ ချင်းပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

လွိုင်ကော်မြို့၌ ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်း ဖွင့်

လွိုင်ကော် ဧပြီ ၂၃
ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် မျိုးသန့်နိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ရေကြောင်းလူငယ်အခြေခံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၄၂၇၅၀၀၀၊ လေကြောင်းလူငယ်အခြေခံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၄၃၃၀၀၀၀ ပေးအပ်ပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ရေကြောင်းလူငယ်အခြေခံသင်တန်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ လေကြောင်းလူငယ်အခြေခံသင်တန်းအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်ခဲ့သည်။

ယင်းသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၁၇ ရက်အထိ စနေရုံးပိတ်ရက်များအပါအဝင် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်ခန်းစာများကို သင်တန်းကာလပထမသုံးပတ်တွင် သင်ကြားပေးသွားမည်ဖြစ်ကာ ကယားပြည်နယ်အတွင်းရှိ ဒေသခံကျောင်းသား ကျောင်းသူလူငယ်မောင်မယ်များမှ ရေကြောင်းသင်တန်းတွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၂ ဦး၊ လေကြောင်းသင်တန်းတွင် အမျိုးသား ၂၀၊ အမျိုးသမီး ၂၀ တက်ရောက်ကြပြီး ရေကြောင်းလူငယ်အခြေခံသင်တန်းကို ပထမဆုံးအကြိမ်ဖွင့်လှစ်ရခြင်းဖြစ်ပြီး လေကြောင်းလူငယ်အခြေခံသင်တန်းကို တတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုစိုင်း (လွိုင်ကော်)

တာချီလိတ်၌ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းထားသော အိမ်ရာများကို လိုက်လံစစ်ဆေး

တာချီလိတ် ဧပြီ ၂၃
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်းရှိ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းထားသော အိမ်ရာများတွင် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရန်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးမှုအပါအဝင် အခြားအမှုများကြောင့် မြေနှင့် အဆောက်အအုံများအား ငွေကြေးနှင့် ပစ္စည်းများထိန်း ဗဟိုထိန်းချုပ်ရေးအဖွဲ့က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ရုံးအဆောက်အအုံ၊ ကျောင်းအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာစသည့် အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၂၁ ရက်တွင် လိုက်လံစစ်ဆေးသည်။

"ဘဏ္ဍာသိမ်းပစ္စည်းတွေဖြစ်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ အိမ်၊ ခြံမြေတွေ၊ ရွှေ့ပြောင်းနိုင်တဲ့ မော်တော်ယာဉ်စတဲ့ ပစ္စည်းတွေကို ကိစ္စပြီးပြတ်သွားလို့ ဘဏ္ဍာသိမ်းပစ္စည်း ဖြစ်သွားရင်တော့ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ အစိုးရကစီမံခန့်ခွဲနိုင်တဲ့ ပစ္စည်းဖြစ်တဲ့အတွက် အချို့လည်း ပြုပြင်ထိန်းသိမ်းရတာရှိတယ်။ အချို့လည်း ထုခွဲရောင်းချရတာရှိပါတယ်။ တာချီလိတ်မှာ ဒီနေ့စစ်ဆေးချက်အရတော့ အချို့လည်း ရုံးအသစ်ဖွင့်တဲ့ နေရာတွေလည်းရှိတယ်။ ရုံးဖွင့်ပြီးသား ဌာနဆိုင်ရာအတော်များများက တာချီလိတ်လို လူနေမှုစရိတ်ကြီးတဲ့မြို့မှာ လာနေတဲ့အချိန် ပေးထားတဲ့ လခနဲ့ အပြင်မှာအိမ်ငှားနေရပြီး အခက်အခဲဖြစ်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ အတော်များများရှိပါတယ်။ အဲဒါတွေအတွက်လည်း အများကြီးနေရာချပေးဖို့ ရှိပါတယ်"ဟု ဝန်ကြီးက ပြောသည်။

ထို့နောက် တာဝန်ရှိသူများနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက တာချီလိတ်မြို့နယ် အတွင်းရှိ မူးယစ်ဆေးဝါးမှုအပါအဝင် အခြားအမှုများကြောင့် ထိန်းသိမ်းထားရှိသည့်နေရာ ၂၀ ခန့်ကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ် (တာချီလိတ်)

တာချီလိတ်၌ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းထားသော အိမ်ရာများကို လိုက်လံစစ်ဆေးစဉ်။

သင်္ကြန်ကာလအပြီး မန္တလေးမြို့ ကျောက်စိမ်းဈေးကွက် အေးနေ

မန္တလေး ဧပြီ ၂၃

မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းတွင် မဟာသင်္ကြန်ကာလအပြီး ကျောက်စိမ်းအချောထည်လုပ်ငန်းပြုလုပ်သူများသာ လာရောက်ဝယ်ယူသဖြင့် ကုန်ကြမ်းကျောက်စိမ်းအရိုင်းများသာ အဝယ်ရှိသည်ဟု သိရသည်။

မဟာသင်္ကြန်ကာလ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ပိတ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ကျောက်စိမ်းအချောထည်ဝယ်လက်များ၊ ကျောက်စိမ်းအပွင့်၊ လက်ကောက်ဝယ်ယူမည့် ဝယ်လက်များ နေရပ်သို့ ခေတ္တပြန်သွားကြသဖြင့် ဈေးကွက်အေးလျက်ရှိသည်ဟု ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောသည်။

ဈေးကွက်အတွင်းရှိ ကျောက်စိမ်းအကြမ်းထည်များကို တွေ့ရစဉ်။

မဟာအောင်မြေမြို့နယ် ၈၇ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အတစ်စဝိုင်း၊ လွှာချပ်ဝိုင်း၊ ခဲဝိုင်း၊ ဂွင်းဝိုင်းတို့တွင်လည်း ဖားကန့်ဒေသမှော်များမှ ကျောက်စိမ်းအကြမ်းထည်များ ရောက်ရှိမလာခြင်းနှင့်အတူ ရောင်းချမှုနည်းပါးပြီး အရောင်းအဝယ်အေးနေကြောင်း၊ သင်္ကြန်အပြီး တရုတ်ငွေဈေး အတက်အကျမရှိသော်လည်း ငွေဖော်လိုသူများ ပြည်တွင်းကျောက်စိမ်းဝယ်လက်များထံ လျှော့ဈေးဖြင့် ရောင်းချနေရကြောင်း၊ ကျောက်မျက်ရတနာ ဈေးပတ်လည်ရှိသွေးခုံ၊ ဖြတ်ခုံလုပ်ငန်းရှင်များလည်း လုပ်သားများနေရပ်သို့ ပြန်နေကြသဖြင့် လုပ်ငန်းများ အေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ရာသီမရွေး သောက်သုံးရေ ဖူလုံစေရေး ရည်ရွယ်ကာ ကန်ရွာကျေးရွာရှိ ရေကန်အား တိုးချဲ့တူးဖော်

မန္တလေး ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် နွေရာသီ၌ သောက်သုံးရေရှားပါးလေ့ရှိသော ကျေးရွာ ရှစ်ရွာခန့်ရှိပြီး အဆိုပါကျေးရွာများအနက် ကန်ရွာကျေးရွာအား ရာသီမရွေးသောက်သုံးရေ ရှားပါးမှုမှ ကင်းဝေး၍ သောက်သုံးရေ ပြည့်စုံစေရန် နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာနေ သန္တာရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ မဟာသဒ္ဓမ္မဇောတိကဓဇမှ အလှူရှင်၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

မလှိုင်မြို့ကန်ရွာသည် နွေရာသီ၌ သောက်သုံးရေ နှစ်စဉ်ရှားပါးမှုကြုံတွေ့နေပြီး ထိုရေရှားပါးမှုကို မလှိုင်မြို့ရှိ ဗလငါးတန် လူမှုကူညီရေးအသင်းမှ ရေအလှူရှင်တို့၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ရေလှူဒါန်းခဲ့ရာမှ ယခုအခါ ရန်ကုန်မြို့နေ အလှူရှင်တစ်ဦးနှင့် ချိတ်ဆက်မိကာ အလှူဖြစ်မြောက်သွားခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

ကန်ရွာကျေးရွာရှိ ရေကန်အား ကန်ပေါင် နှစ်ပေခန့် မြှင့်တင်ပေးခြင်း၊ ကန်ပေါင်ချဲ့ခြင်း၊ ကန်ဖော်ပေးခြင်းများကို ဧပြီ ၆ ရက်တွင် စတင်ခဲ့ပြီး ဧပြီ ၂၁ ရက်က ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့သည်။ ရေကန်မှာ ပေ ၆၀၀ × ၂၀၀ ကျယ်ဝန်းပြီး ရေကန်အမြင့် ပိုတက်လာသဖြင့် ယခင် ရရှိနေသော ရေဂါလန်ထက် ရေဂါလန် တစ်သိန်းခွဲကျော် သိုလှောင်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူတို့ တစ်နှစ်ပတ်လုံး သုံးစွဲရန် ရေဖူလုံတော့မည်ဖြစ်ကြောင်း သိရသည်။

ကန်ရွာကျေးရွာအတွင်း ယခုပြန်လည်ပြုပြင်သော ရေကန်မှတစ်ဆင့် ကျေးရွာအတွင်း ဒေသခံတို့၏ နေအိမ်အထိ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အလားတူကဲ့သို့ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကူခွဲကျေးရွာရှိ ခန်းခြောက်၍ ပြုပြင်ရန်လိုအပ်နေသည့် သောက်ရေကန်ကိုလည်း ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကူခွဲကျေးရွာရှိ ရေကန်မှာ ပေ ၃၀၀ ပတ်လည်ကျယ်ဝန်းပြီး အဆိုပါ သောက်ရေကန်အား တူးဖော်၍ သောက်သုံးရေ စုဆောင်းထားနိုင်ပါက ကျေးရွာတွင်း တစ်နှစ်ပတ်လုံး သောက်သုံးရေအဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

ဆင်းပဒေသာမြေပဲ အထွက်နှုန်းကောင်းသော်လည်း အရင်းများခဲ့၍ တောင်သူများ တွက်ခြေမကိုက်

ညောင်ဦး ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းမြေပဲစိုက်ပျိုးရာသီကာလတွင် သူကောင်းတည်မြစ်ရေတင်စိုက်ကွင်း တောင်သူ ကိုးဦးပိုင်ဆိုင်သည့် ဧက ၃၀ ဒသမ ၅၀ မြေကွက်ပေါ်၌ မြန်မာနိုင်ငံ ဆီစက် ပိုင်ရှင်များအသင်းနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ရာ မြေပဲအတောင့်တင်း ၉၀၀ ကျော် ထွက်ရှိခဲ့သော်လည်း စိုက်ပျိုးသည့် တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း ယင်းမြေပဲ မျိုးစိုက်တောင်သူများထံမှ သိရသည်။

အဆိုပါဆင်းပဒေသာ ၁၁ မျိုးမြေပဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ စိုက်ပျိုးခဲ့ရာ ဧပြီ ၁ ရက်မှ ၈ ရက်အထိ စိုက်ပျိုးချိန် လေးလကျော်ကြာမြင့်ပြီး ရိတ်သိမ်းခဲ့ကြခြင်းဖြစ်သည်။ "ဒီဆင်းပဒေသာ ၁၁ ပဲမျိုးက အလွန်ရှားပါတယ်။ ဒီပဲမျိုးကို စိုက်ချင်လွန်းလို့ ဒီအသင်းကို ကျွန်တော်ကိုယ်တိုင် ချိတ်ဆက်ရှာဖွေခဲ့တာပါ။ အခုလိုစိုက်ပျိုးခွင့်ရရှိတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီပဲမျိုးက သွင်းအားစုတွေအတွက် ကုန်ကျစရိတ်က အတော်များတယ်။ သွင်းအားစုက တစ်ဧက ငွေကျပ် တစ်သိန်းခွဲလောက် မှန်းထားပေမယ့် တကယ်စိုက်လိုက်တော့ ပေါင်တင်စနစ်နဲ့ စိုက်ပျိုးတဲ့ ထွန်စက်ခက တစ်ဧက ငွေကျပ် ၄၀၀၀၀ ပေးရတယ်။ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေး၊ မှိုသတ်ဆေးကလည်း တစ်ဧကကို ငွေကျပ် နှစ်သိန်းခွဲလောက် ကုန်ကျခဲ့တယ်။ စုစုပေါင်းကုန်ကျစရိတ် တစ်ဧကကို ငွေကျပ် နှစ်သိန်းရှစ်သောင်းလောက် ကုန်ကျခဲ့တယ်။ ရိတ်သိမ်းခကလည်း ငွေကျပ် ၂၅၀၀၀ လောက်ရှိပါတယ်။ ပဲမျိုးအရင်းအတောင့်တစ်တင်း ယူစိုက်ရင် အတောင့် တစ်ခွဲ အတိုးပြန်ပေးရတယ်။ တစ်ဧကစိုက်ရင် အတောင့်ခြောက်တောင်းခွဲပြီး စိုက်ခဲ့ကြရတယ်။ ကုန်ကျစရိတ်အားလုံးကို အသင်းက စိုက်ထုတ်ပေးထားတာ ဖြစ်ပါတယ်။

ဒီနှစ်မရပေမယ့်လည်း နောက်နှစ်တွေရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ စုပေါင်းအဖြေရှာဖို့ပဲ လိုပါတယ်။ အခုစိုက်တာကတော့ လိုအပ်ချက်တွေရှိနေခဲ့ပြီး အပင်တွေမှာ အပွင့်ခြောက်ကပ်တာတွေလည်း တွေ့ရတယ်။ ဘာကြောင့် အပွင့်ခြောက်ကပ်တယ်ဆိုတဲ့ အဖြေတွေရှာဖို့လည်း လိုပါတယ်"ဟု မြေပဲစိုက်တောင်သူ တစ်ဦးက ပြောသည်။

အလားတူ ငါးဧကစိုက်သည့် ဒေါ်အုန်းမြင့်ခိုင်ကလည်း "ကျွန်မတို့ကတော့ အားမလျှော့ပါဘူး။ ရှေ့နှစ်လည်း စိုက်ဦးမှာပါ။ ဒီနှစ်ထည့်ထားတဲ့ ဓာတ်မြေဩဇာကလည်း နောက်နှစ်မှပိုကောင်းမှာဆိုတော့ ဒီမြေပဲမျိုးကိုပဲ စိုက်ဖြစ်အောင်စိုက်မှာပါ။ ဒီနှစ်စိုက်တဲ့ ဆောင်းမြေပဲကတော့ ငွေကျပ် သုံးသိန်းလောက်ရှုံးတယ်။ ဒါလည်း ကျွန်မတို့ကတော့ လက်ငင်းမပေးနိုင်သေးဘူး။ နောက်ထပ်စိုက်ပြီးရလာမှပဲ တဖြည်းဖြည်းပေးရတော့မှာ ဖြစ်ပါတယ်။ စိုက်တဲ့ထွန်စက်ခစရိတ် တစ်ဧကလေးသောင်းရယ်၊ ပိုးသတ်ဆေးဖိုး၊ မှိုသတ်ဆေးဖိုးတွေရယ်က များသွားတာပါ။ နောက်ပြီး ပိုနေတဲ့ ပိုးသတ်ဆေးတွေ ပြန်မသိမ်းတာအတွက် တောင်သူတွေမှာ ပိုပြီးအရှုံးပေါ်နေတယ်။ ကျွန်မတို့ ခါတိုင်းစိုက်တဲ့ မြေပဲတွေအတွက် ပိုးသတ်ဆေး တစ်ဧက ငွေကျပ် တစ်သောင်းခွဲလောက်ပဲ ကုန်ဖူးပါတယ်။ ဒီလိုသိန်းချီ မကုန်ဖူးပေမယ့် အချိန်တန်မြေပဲရတာပါပဲ" ပြောသည်။

ကျော်ဌေး(ညောင်ဦး)

ညောင်ဦးမြို့နယ်၌ စိုက်ပျိုးထွက်ရှိသော ဆင်းပဒေသာမြေပဲများ။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၃-၄-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၈၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၃၉၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၇၈၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၁၀ ကျပ်	၁၀၂၀/၁၀၃၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၇၅/၁၀၂၀ ကျပ်	၁၀၃၅/၁၀၄၅ ကျပ်
အောက်တိန်း ၉၂	၈၂၅/၈၉၀ ကျပ်	၉၁၀/၉၄၀ ကျပ်
အောက်တိန်း ၉၅	၉၀၀/၉၆၅ ကျပ်	၉၉၀/၁၀၀၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၃၄ ・ ၂
ဥရောပ	တစ်ယူရို	ကျပ် ၁၇၂၆ ・ ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၃၀ ・ ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၉၃ ・ ၄
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၇၁ ・ ၆
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၉၁ ・ ၆
တရုတ်	တစ်ယွမ်	ကျပ် ၂၂၈ ・ ၃၃
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၉၉၅
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၄ ・ ၃၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၁ ・ ၆၆
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၀၁၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အိန္ဒိယနိုင်ငံ Jean-Luc Godard ရုပ်ရှင်ဆုပေးပွဲတွင် မဟူရာရုပ်ရှင်ရုံဇာတ်ကား ဆုလေးဆု ဆန်ခါတင်ရွေးချယ်ခံရ

7th Sense ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသည့် မဟူရာရုပ်ရှင်ရုံ ရုပ်ရှင်ဇာတ်ကားကြီးကို အိန္ဒိယနိုင်ငံ၏ ရုပ်ရှင်ဆုတစ်ခုဖြစ်သော Jean-Luc Godard ဆုအတွက် ဆန်ခါတင်အဖြစ် ရွေးချယ်ခြင်းခံထားရကြောင်းနှင့် အဆိုပါ ရုပ်ရှင်ကို ပြည်တွင်း၌ ဧပြီ ၂၅ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

မဟူရာရုပ်ရှင်ရုံ ဇာတ်ကားတွင် သရုပ်ဆောင်များအနေဖြင့် အကယ်ဒမီ နေတိုး၊ အကယ်ဒမီ ကျော်ကျော်ဗိုလ်၊ နန်းဆုဦးနှင့် အိန္ဒိယမင်းသမီး ရီယာရေးတို့က ဦးဆောင်ပါဝင်ထားပြီး ဒါရိုက်တာ ပြည့်ဇော်ဖြိုးက ရိုက်ကူးထားသည်။

"ဒီကားက စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ဇာတ်ကားတစ်ကားဆိုတာ ပရိသတ်ကြည့်ရင် သိနိုင်မယ်၊ 7th Sense နဲ့ ကျွန်တော် နောက်ထပ်ဇာတ်ကားတွေရိုက်ဖို့ရှိတယ်၊ ထွက်ဖို့လည်း ရှိပါသေးတယ်၊ အခုကားအတွက် အများကြီး ကြိုးစားထားကြပါတယ်၊ ပြီးတော့ ဒီဇာတ်ကားလေးက လူငယ်ဒါရိုက်တာတစ်ယောက်ကို မြေတောင်မြှောက်တဲ့ အနေနဲ့ရော၊ ကြိုးစားနေတဲ့ လူငယ်တွေကို ကျွန်တော်တို့က လက်လှမ်းမီသလောက် ကြိုးစားခွင့်ရလာအောင်ရော လက်တွဲခေါ်လာတဲ့ ဇာတ်ကားကြီးတစ်ကားဖြစ်ပါတယ်" ဟု သရုပ်ဆောင် နေတိုးက ပြောသည်။

မဟူရာရုပ်ရှင်ရုံ ဇာတ်ကားသည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ပြုလုပ်မည့် Cult Critic Movie Award နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ Jean-Luc Godard Award အတွက် Monthly Winner(March 2019)အဖြစ် ဆန်ခါတင် ရွေးချယ်ခြင်းခံထားရသလို နေတိုးကိုလည်း The Best Actor ဆုအတွက် ဆန်ခါတင်အဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ အများကြီး ကြိုးစားခဲ့ရပါတယ်၊ လုပ်ပိုင်ခွင့်ရဖို့အတွက် Production အပိုင်းနဲ့ အများကြီး တိုင်ပင်ဆွေးနွေးခဲ့ရတယ်၊ ဒီကားနဲ့ The Best Actor ဆုကို ရွေးချယ်ထားတယ်ဆိုတဲ့အတွက်လည်း ဒီကားထဲမှာ ပါဝင်ပတ်သက်သူ ထုတ်လုပ်ရေးကအစ အနုပညာညီအစ်ကိုမောင်နှမအားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်။ ရုပ်ရှင်ကိုချစ်မြတ်နိုးသူတစ်ယောက်ရဲ့ ကာရိုက်တာကို ပထမဆုံး သရုပ်ဆောင်ရတာဖြစ်လို့ အခုလိုရွေးချယ်ခံရတာကို ပိုဝမ်းသာမိပါတယ်။ ကြည့်တဲ့ ပရိသတ်ကိုလည်း ရသတစ်ခု ပေးနိုင်မယ်လို့ ယုံကြည်တယ်"ဟု နေတိုးက ဆက်ပြောသည်။

မဟူရာရုပ်ရှင်ရုံ ဇာတ်ကားဖြင့် Cult Critic Movie Award ဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် The Best Actor ဆု၊ အသံဆု၊ ဒါရိုက်တာဆုနှင့် Horror ဇာတ်ကားဆု စုစုပေါင်း ဆုအမျိုးအစား လေးမျိုးအတွက် ဆန်ခါတင်ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကားက ကျွန်တော့်ဘဝမှာ အမှတ်တရတွေအများကြီးရှိခဲ့သလို အခုလိုမျိုး နိုင်ငံတကာက ပေးတဲ့ The Best Actor ဆုကို ရရှိခဲ့မယ်ဆိုရင် ကျွန်တော့်ရဲ့ ပရိသတ်ကို ပျော်စေချင်တယ်၊ ဝမ်းလည်းဝမ်းသာပါတယ်၊ ဒီကားလေးကို အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့တဲ့အတွက် ကြိုးစားမှုရဲ့ရလဒ်ကိုတော့ မြင်ရတာပေါ့၊ ဆက်လက်ပြီး ကျွန်တော်တို့ အများကြီးကြိုးစားဖို့တော့ လိုပါသေးတယ်၊ ကျွန်တော်တို့က ကျွန်တော်တို့ တတ်နိုင်တာလောက်ပဲ လုပ်နေတာများပါတယ်၊ ကျွန်တော်တို့ တတ်နိုင်တာထက် ပိုကြိုးစားသွားဖို့ စိတ်ကူးရှိပါတယ်"ဟုလည်း နေတိုးက ဆက်လက်ပြောကြားသည်။

ကိုလင်း

အကယ်ဒမီအတွက် ရင်ခုန်ခဲ့ကြောင်း ဝတ်မှုန်ရွှေရည်ပြောကြား

သရုပ်ဆောင် ဝတ်မှုန်ရွှေရည်သည် ပြီးခဲ့သော ၂၀၁၈ ခုနှစ်အတွင်းက သရုပ်ဆောင်ခဲ့သည့် ဇာတိမြေ၊ လရောင်ဖြာတဲ့အင်းလေးမှာနှင့် ရန်သူ စသည့် ဇာတ်ကားကောင်းများ အပါအဝင် ဇာတ်ကားပေါင်း ၂၅ ကားအထိ ဆန်ခါတင်စာရင်းထဲတွင် ပါဝင်ခဲ့၍ အကယ်ဒမီဆုအတွက် ရင်ခုန်ခဲ့ကြောင်း ပြောကြားသည်။

ဝတ်မှုန်ရွှေရည်က "အကယ်ဒမီကို အားလုံးအတွက် ရင်ခုန်ခဲ့ပါတယ်၊ ကစ်အတွက်လည်း ရင်ခုန်ခဲ့ပါတယ်၊ ကစ်ရိုက်ထားတဲ့ ဇာတ်ကားတွေအတွက်လည်း ရင်ခုန်ခဲ့တာ အမှန်ပါပဲ၊ ၂၀၁၈ မှာက ကစ်တစ်ယောက်တည်း ဇာတ်ကားကောင်းတွေ အများကြီးကို ရိုက်ထားတာမဟုတ်ဘူး၊ သူများတွေရဲ့ ကားကောင်းတွေကလည်း အများကြီးပဲဆိုတော့ ပိုပြီးတော့ ရင်ခုန်ရတာပေါ့၊ အကယ်ဒမီကိုမှန်းပြီးတော့ ရိုက်ခဲ့တာမျိုးတော့ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ဇာတ်ရုပ် ကာရိုက်တာအတွက်ပဲ အကောင်းဆုံး ကြိုးစားပြီး လုပ်ခဲ့တာပေါ့၊ မရတာကတော့ ကံမပါသေးလို့ပါ"ဟု ပြောသည်။ ဝတ်မှုန်ရွှေရည်သည် ၂၀၁၃ ခုနှစ်က နှင်စေရင် ရုပ်ရှင်ဇာတ်ကားကြီးဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု၊ ၂၀၁၄ ခုနှစ်က နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ပို့ဆုတို့ကို ရရှိထားပြီး ပြီးခဲ့သည့် မတ်လအတွင်းက ကျင်းပခဲ့သည့် ၂၀၁၈ အကယ်ဒမီဆုပေးပွဲတွင်မူ ဇာတ်ကားကောင်းများပါဝင်ကာ ဆန်ခါတင်အဆင့်အထိ ရွေးချယ်ခံခဲ့ရသော်လည်း ဆုနှင့်လွဲချော်ခဲ့သည်။

ကိုလင်း

မိဘမေတ္တာဖွဲ့ "ပြုံးရွှင်ရေ ပျော်ရဲ့လား" ရုပ်ရှင်ကားသစ် ရုံတင်မည်

မျက်ခြယ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် မြန်မာ့ဇာတ်သဘင်အခြေပြု မိဘမေတ္တာဖွဲ့ဒရာမာ ရုပ်ရှင်တစ်ကား ဖြစ်သည့် "ပြုံးရွှင်ရေ ပျော်ရဲ့လား" ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၅ ရက်တွင် စတင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ရိုက်ကူးသည့် ဒါရိုက်တာဝင်းထွန်းထွန်းက "ကျွန်တော် ဒီဇာတ်ကားကို ဘယ်လိုကြိုးစားခဲ့တယ် ဆိုတာမပြောတော့ပါဘူး၊ ကျွန်တော် အမြဲပဲ ကြိုးစားခဲ့တယ်၊ ကိုယ်က သူများ ထက်ညံ့တာလည်းပါတယ်၊ အဲဒီတော့ အများကြီး ပိုကြိုးစားရပါတယ်၊ ဒါပေမယ့် ဒီလိုဇာတ်လမ်းမျိုးကို ကျွန်တော် ဘယ်လောက်ပဲကြိုးစားကြိုးစား ရိုက်ထုတ်သူမရှိရင် မဖြစ်နိုင်ပါဘူး၊ ဒါက မိဘမေတ္တာဖွဲ့ ဇာတ်ကားဖြစ်နေတယ်၊ အဲဒီကားရိုက်စဉ်တုန်းက ရုံပေါ်မှာ ဟာသကားတွေချည်းပဲ တင်တဲ့အချိန်၊ အဲဒီအချိန်မှာ ဒီဇာတ်ကြီးကို ထုတ်လုပ်သူကို ပေးလိုက်တယ်။ ပိုက်ဆံရမယ်လို့တော့ အာမမခံဘူး၊ ကျွန်တော် အနုပညာရှင်တစ်ယောက် အနေနဲ့ အနုပညာအရ ကျန်မယ် ဆိုတာကို အာမခံပါတယ်လို့ ပြောလိုက်တော့ ထုတ်လုပ်သူကလည်း အနုပညာအတွက် ရိုက်ပါမယ်လို့ ပြောပါတယ်။ ဒါကြောင့် ဒီကားကို ရိုက်ကူးခွင့်ပေးတဲ့မျက်ခြယ်ကို ကျေးဇူးများစွာ တင်ပါတယ်။ နောက်တစ်ခုက ဒီကားဖြစ်လာဖို့ အခက်အခဲက ရုပ်ရှင်စတူဒီယို မရှိပါဘူး။ စတူဒီယိုမရှိတဲ့ကာလထဲမှာ ကားရဲ့ဆက်တင်က ဇာတ်သဘင်ကြီး ဖြစ်နေတယ်။ အဲဒီဇာတ်သဘင်ကြီးကို ဆင်ရမယ်ဆိုရင် ငွေကုန်ကြေးကျ သိပ်များပါတယ်။ ကျွန်တော့်အတွက် ခက်ခဲနေတဲ့အချိန်မှာ ညီလေး တင်မောင်ဆန်းမင်းဝင်းက အဲဒါအားလုံးကို ကျွန်တော့်ကို ကူညီပါတယ်။ သူ ကူညီပေးခဲ့လို့လည်း အခုလို ကားကောင်း တစ်ကားဖြစ်လာတာပါ"ဟု ပြောသည်။

"ပြုံးရွှင်ရေ ပျော်ရဲ့လား" ရုပ်ရှင်သည် အကြည်တော်၏ဝတ္ထုကို အင်ကြင်းဟန် ဇာတ်ညွှန်းရေးသား၍ ရိုက်ကူးထားပြီး နေတိုး၊ ကျော်ကျော်ဗိုလ်၊ အေးမြတ်သူနှင့် ရွှေမှုံရတီတို့ အဓိက ပါဝင်သရုပ်ဆောင်ကာ ဇော်ဦး၊ တင်မောင်ဆန်းမင်းဝင်းနှင့် ထွန်းထွန်းဝင်းတို့လည်း ပါဝင်ထားကြသည်။

ကိုလင်း

"ချိုးရုပ်" ရုပ်ရှင်ဇာတ်ကားအတွက် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း အိချောပိုပြောကြား

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ခင်လှိုင်(ဉာဏ်ကြီးရှင်)က စီစဉ်ရိုက်ကူးသည့် "ချိုးရုပ်"ရုပ်ရှင်ဇာတ်ကားကို ယခုလမှစတင်ကာ ရှမ်းပြည်နယ် နောင်ချိုမြို့တွင် စတင်ရိုက်ကူးနေပြီဖြစ်ပြီး မြင့်မြတ်၊ အိချောပို၊ တိုင်ရွှန်၊ ခင်လှိုင်၊ ညီနန္ဒ၊ စိုးမိုးကြည်၊ တက္ကသိုလ်ဂွမ်းပုံနှင့်အနုပညာရှင်များစွာပါဝင်ထားသည်။ အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် အိချောပိုနှင့်တွေ့ဆုံ၍ ဇာတ်ကားအကြောင်းနှင့်အနုပညာလှုပ်ရှားမှုများအကြောင်းကို မေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ ချိုးရုပ် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်ဖြစ်ပုံကို ပြောပြပါဦး။

ဖြေ။ ။ ဒီ ချိုးရုပ်ဆိုတဲ့ဇာတ်ကားလေးကို ဦးခင်လှိုင်က ပြောထားတာကြာပါပြီ၊ တကယ်ကြိုးစားမယ့်ကားလေးလို့လည်း ပြောတယ်၊ ဟိုအရင်တစ်ခေါက် ရိုက်မယ်ဆိုပြီး ပျက်သွားသေးတယ်၊ ဒီတစ်ခါတော့ တကယ် အကောင်အထည်ဖော်ဖြစ်တာပေါ့နော်၊ ဦးခင်လှိုင်ဆိုတာ ကိုယ့်ဦးလေးတစ်ယောက်လိုလည်းဖြစ်တယ်၊ ကားရိုက်တဲ့အခါလည်း အမြဲတမ်းဆုံတယ်၊ ဒီကားလေးက ဟာသဆိုပေမယ့် ဒရာမာဘက် ပိုသွားတယ်၊ ဇာတ်လေးကလည်း တကယ်ကောင်းတယ်။ ဦးခင်လှိုင်ကလည်း ဒီကားအတွက် ကားရိုက်ရက်ပိုပေးပါလို့ ပြောထားတဲ့အတွက် သမီး ရိုက်ရက်တော်တော်များများ ပေးထားတယ်၊ ဒီကားကို အချိန်အတော်များများပေးပြီး ရိုက်မှာပါ၊ ကြိုတင်ပြင်ဆင်ထားတာတွေလည်း တော်တော်ကြာပါပြီ၊ ချိုးရုပ်ဇာတ်ကားက သရုပ်ဆောင်အားလုံး သူ့နေရာနဲ့သူ လုပ်ကွက်လေးတွေရှိကြတော့ အားခဲထားကြတဲ့ ဇာတ်ကားကောင်းတစ်ကားပါ။

မေး။ ။အိချောက ဘယ်လိုကာရိုက်တာနဲ့သရုပ်ဆောင်မှာလဲ။

ဖြေ။ ။အိချောက ဒီကားမှာ ရွာကနေ မြို့ကျောင်းတက်တယ်၊ ပြန်ရောက်လာတဲ့ အချိန်မှာ ကိုမြင့်မြတ်နဲ့တွေ့တယ်၊ ကိုမြင့်မြတ်ကတော့ သနားစရာ ကာရိုက်တာ တစ်ခုပေါ့။

မေး။ ။ဒီဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုအပိုင်းကို ပြောပါဦး။

ဖြေ။ ။ဒီကားအတွက် ဝတ်စားဆင်ယင်မှုမှာ မြန်မာဝတ်စုံတော့ ဟုတ်တယ်၊ မြို့ကျောင်းတက်တဲ့ မိန်းကလေးဆိုတော့ မြန်မာဝတ်စုံကို ထွင်ပြီးဝတ်တာမျိုးပေါ့နော်၊ ထုတ်လုပ်သူရော ဦးခင်လှိုင်ကရော အဝတ်အစားပိုင်းလေးတွေ သေချာ ပြောထားတယ်။ အဝတ်အစားလေးတွေက အိချောပိုဝတ်တဲ့ ဒီဇိုင်းလေး ဖြစ်စေချင်တယ် ပေါ့နော်၊ အဲဒီတော့ မြန်မာဝတ်စုံကိုမှ မတူအောင် မျိုးစုံလေးတွေ ချုပ်ဝတ်တဲ့ပုံစံမျိုး ဝတ်ဆင်သွားမှာပါ။

မေး။ ။ဒီဇာတ်လမ်းမှာ မြင့်မြတ်က ဉာဏ်ရည်မပြည့်တဲ့ကာရိုက်တာလား။

ဖြေ။ ။ဟုတ်ပါတယ်၊ ဇာတ်သိမ်းမှာ အိချောနဲ့ ဘယ်လိုလေးအဆုံးသတ်မယ်ဆိုတာကတော့ ဦးခင်လှိုင်က နည်းနည်းလေး လှည့်မယ်လို့ ထင်ပါတယ်။

မေး။ ။အိချောက ဦးခင်လှိုင်နဲ့ ဒါရိုက်တာအနေနဲ့ ပထမဆုံး ဆုံဖြစ်တာဆိုတော့ အမြင်လေးပြောပါဦး။

ဖြေ။ ။ဒီကားက ဦးခင်လှိုင် ဒါရိုက်တာအနေနဲ့ရိုက်တာ ဒုတိယကားပေါ့နော်၊ ဦးခင်လှိုင်ကိုဒါရိုက်တာအဖြစ်နဲ့ ဆုံဖြစ်တာတော့ ဒီကားက ပထမဆုံးပါ၊ ဒါပေမယ့် ကားရိုက်တွေမှာ တော်တော်များများ ဆုံဖူးပြီးပါပြီ၊ ဦးခင်လှိုင်အနေနဲ့ သူ့ အလုပ်တစ်ခုအပေါ်မှာ ကြိုတင်ပြင်ဆင်မှုရှိတယ်၊ ကြိုတင်ပြင်ဆင်မှုတွေ သိပ်ကောင်းတယ်၊ ဒါကြောင့် ဒီကားကို သူအကောင်းဆုံးပုံဖော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကိုလင်း

ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၇၀)

တရားရုံးနှစ်စဉ်အစီရင်ခံစာ

ဦးဟန်ညွန့် (ဥပဒေ)

၂၀၁၈

၂၀၁၈ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထွက်ပေါ်လာပါသည်။ တရားရေးနှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားသူတိုင်း တရားရုံးနှစ်စဉ်အစီရင်ခံစာကို လေ့လာကြရသည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှု၊ ကျဆင်းမှုစသည်များ ဝေဖန်ကြရသည်။ သုံးသပ်ကြရသည်။ အားသာမှု၊ အားနည်းမှုများ၊ ရှေ့လုပ်ငန်းစဉ်များ ပိုင်းခြားကြရသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာများက တရားရုံး၏ တန်ဖိုးများကို ထောက်ပြသည်။ တရားရုံး၏ တန်ဖိုးများကို သိချင်လျှင် နှစ်စဉ်အစီရင်ခံစာမှာ ရှာဖွေကြရမည်ဟု ဆိုချင်သည်။

တရားသူကြီးချုပ်၏ ဥယျောဇဉ်

"ယခုနှစ် ၂၀၁၈ အစီရင်ခံစာသည် သမိုင်းမှတ်တိုင်များဖြင့် ပြည့်နှက်နေသည်။ နိုင်ငံပေါင်း ၄၀ ကျော် တက်ရောက်သော ညီလာခံကို အိမ်ရှင်မြန်မာက လက်ခံကျင်းပနိုင်ခဲ့ပြီ။ သတင်းအချက်အလက်အစီအစဉ် တိုးချဲ့ဆောင်ရွက်နိုင်ပြီ။ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် စတင်နိုင်ပြီ။ အမှုပြီးပြတ်မှု ၉၈ ရာခိုင်နှုန်း တိုးတက်ပြီ" ဟု ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဥယျောဇဉ်ပြုသည်။

ခေတ်အဆက်ဆက် တရားသူကြီးချုပ်များ

ထူးထူးခြားခြား ယခုနှစ်မော်ကွန်းထိုးဖော်ပြချက်မှာ ခေတ်အဆက်ဆက် တရားသူကြီးချုပ်များ၏ အမည်၊ တာဝန်ထမ်းခဲ့သော ကာလများကို ဓာတ်ပုံများနှင့် တင်ပြနိုင်ခြင်းဖြစ်သည်။ မည်သို့မည်ပုံ တရားရေးစနစ် ပီပြင်စွာဆောင်ရွက်ခဲ့ပုံအကျဉ်းကို တစ်ဦးချင်းအလိုက် မဖော်ပြနိုင်သော်ငြား သူ့ခေတ်သူ့အခါက တရားသူကြီးချုပ်များ၏ ဂုဏ်ရည်ကို တမ်းတသတိရဖွယ်၊ လေးစားဖွယ်၊ မော်ကွန်းထိုးဖွယ်ဖြစ်စေမှာ အသေအချာပါ။ သမိုင်းသစ် တရားရေးတာဝန်ထမ်းနေသော လူငယ်မောင်မယ်များ သတိပွားစရာ ဖြစ်ပါစေခင်ဗျာ။

တရားရုံး၏ တန်ဖိုးများ

(၁) သာတူညီမျှမှုနှင့် တရားမျှတမှု
(၂) တရားစီရင်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှု
(၃) လက်လှမ်းမီနိုင်မှု
(၄) မြန်ဆန်ထိရောက်မှုနှင့် အချိန်မီဆောင်ရွက်နိုင်မှု ဖြစ်ကြောင်း အစီရင်ခံစာကို မီးမောင်းထိုးပြသည်။

ဘယ်အဆင့်လဲ

(၁) မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်။
(၂) ဒုတိယအမြင့်ဆုံးတရားရုံးက တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ(၁၄) ရုံး
(၃) ဒုတိယအနိမ့်ဆုံးတရားရုံးက ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတရားရုံးများ (၇၄) ရုံး
(၄) မူလရုံးက မြို့နယ်တရားရုံးများ (၃၃၀)ရုံး၊ ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများ (၂၂)ရုံး

ဘယ်အဆင့်လဲ၊ ဘာတာဝန်လဲ၊ ဘာလုပ်ပိုင်ခွင့်လဲ၊ ဘာစီရင်ပိုင်ခွင့်လဲ ဟူသော မေးခွန်းကို အသေအချာဖြေတတ်ဖို့၊ ဖြေနိုင်ဖို့၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးအာဏာ (၃)ရပ်က ပေါက်ဖွားလာပုံကို သဘောပေါက်ဖို့ တာဝန်ရှိသူတွေကို ဤအစီရင်ခံစာ စာမျက်နှာ(၉)က သတိပေးထားသည်။ သတိပြု၊ ဂရုပြု၊ အလေးအနက်ပြုစေလိုသည်။ သိပြီးသား၊ နားလည်ပြီးသား၊ အပိုတွေပါလားဟု လူငယ်များ အမှတ်မမှားစေလိုပါ။ အဖြေမှန်ကို ရှာကြံစေချင်ပါသည်။

အမြင့်ဆုံးအာဏာပိုင်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ်တစ်ခုလုံး၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်။ လက်အောက်ခံ တရားရုံးအားလုံးကို စီမံအုပ်ချုပ်ရန်နှင့် ကြီးကြပ်ရန် တာဝန်ရှိသည်။

(စာ-၁၅)

ဤအချက်က ဤအစီရင်ခံစာ၏ အဓိကအသက်ပါပဲ။ အမြင့်ဆုံးအာဏာပိုင်၏ တာဝန်တွေကို မကွယ်မဝှက် ထောက်ပြထားတာပါ။ လုပ်ရမည့်အလုပ်တွေပါ။ တာဝန်ကျေ၊ မကျေအဖြေထုတ်ဖို့ပါ။

အမှုပြီးပြတ်မှုနှုန်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ပြက္ခဒိန်နှစ်အလိုက် အမှုပြီးပြတ်မှုနှုန်းကို ဇယား(၁)နှင့် ဖော်ပြသည်။ ယခင်နှစ်ထက် ၁၆ ဒသမ ၆ ရာခိုင်နှုန်း စွဲဆိုလျှောက်ထားမှု ပိုမိုများပြားခဲ့သည်။ အမှုပြီးပြတ်မှု ယခင်နှစ်ထက် ၃၆ ရာခိုင်နှုန်း ပိုမိုများပြားသည်။

ရာဇဝတ်မှုများတွင် အမှုပြီးပြတ်မှုနှုန်း အမြင့်ဆုံးမှာ ချင်းပြည်နယ်တရားလွှတ်တော်ဖြစ်သည်။

တရားမမှုများတွင် အမှုပြီးပြတ်မှုနှုန်းမှာ မွန်ပြည်နယ်တရားလွှတ်တော်ဖြစ်သည်။

ခရိုင်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ စွဲသည့်အမှု ၃၇၂၂၂ ဖြစ်သည်။ ပြီးပြတ်မှု ၃၄၂၆၇ ဖြစ်သည်။ ပြီးပြတ်မှုသည် ယခင်နှစ်ထက် ၁၄ ရာခိုင်နှုန်း ပိုမိုများပြားသည်။

မြို့နယ်တရားရုံးများ၏ အမှုပြီးပြတ်မှုနှုန်းမှာ ၉၈ ရာခိုင်နှုန်းဖြစ်ပါသည်။ နေ့ချင်းပြီးစစ်နိုင်သည့် အမှုလျော့နည်းသွားသည့်အတွက် ပြီးပြတ်မှု လျော့နည်းခဲ့ခြင်းဖြစ်သည်။

အရေးကြီးရာဇဝတ်မှုများ

၂၀၁၈ ခုနှစ်အတွက် မြို့နယ်၊ ခရိုင် တရားရုံးများသို့ စွဲဆိုခဲ့သည့် အရေးကြီးရာဇဝတ်မှုများမှာ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ယာဉ်မတော်တဆမှုများဖြစ်သည်။ ရာဇဝတ်မှု အမှုပေါင်း ၂၉၇၃၂၇ ရှိသည်။

အမှုအများဆုံး တိုင်းဒေသကြီး/ပြည်နယ်များ

ရန်ကုန်တိုင်းဒေသကြီးသည် လူသတ်မှုအများဆုံး၊ ရှမ်းပြည်နယ်သည် မူးယစ်ဆေးဝါးမှုအများဆုံး၊ လူကုန်ကူးမှုအများဆုံးမှာလည်း ရှမ်းပြည်နယ်ပင်ဖြစ်သည်။ ယာဉ်မတော်တဆမှုကြောင့် လူသေမှုအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မုဒိမ်းမှုအများဆုံး။ သက်ငယ်မုဒိမ်းမှုမှာ ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဟု အစီရင်ခံစာတွင် ဖော်ပြသည်။

သက်ငယ်မုဒိမ်းမှုလျော့ဖို့

သက်ငယ်မုဒိမ်းမှုများ လျော့ပါးစေရန် ကလေးသူငယ်အခွင့်အရေး အပြည့်အဝရဖို့လိုသည်။ စီမံဆောင်ရွက်ဖို့လိုသည်။ အရွယ်မရောက်သေးသော ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်သော တရားခံများအား အလားတူ မကျူးလွန်ဝံ့စေရန် ထိရောက်ဟန့်တား၊ ကြီးလေးသော ပြစ်ဒဏ်ချမှတ်ရန် ညွှန်ကြားခဲ့ကြောင်း အစီရင်ခံစာပါ (စာ-၇၁) တွင် ဖော်ပြသည်။

တရားမမှုပြီးပြတ်မှုနှုန်း

တိုင်းဒေသကြီး / ပြည်နယ်/ ခရိုင်တရားရုံးများတွင် ရာဇဝတ်မှုခင်း စစ်ဆေးပြီးပြတ်မှုနှုန်း ကောင်းမွန်သည်။ တရားမမှုခင်းစစ်ဆေး ပြီးပြတ်မှုနှုန်းမှာ လျော့ကျလျက်ရှိသည်။ တရားမမှုများ စွဲဆိုတင်ပို့မှု ယခင်ကထက်ပိုမိုများပြားလာသည်။ များပြားသည့် အမှုအရေအတွက်နှင့် အမှုစစ်တရားသူကြီးအင်အား မျှတမှု မရှိ။ တရားရုံးဝန်ထမ်းအင်အား မလုံလောက်ခြင်းတို့ကြောင့် ဖြစ်သည်။ မှုခင်းစီမံခန့်ခွဲသည့် အစီအစဉ်၊ စေ့စပ် ဖြေရှင်းရေး အစီအစဉ်များဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

တိုင်စာ

အစီရင်ခံစာကာလအတွင်း တိုင်ကြားစာပေါင်း ၃၂၉၄ စောင်ရရှိသည်။ တရားစီရင်ရေးလမ်းကြောင်းအရ ဆောင်ရွက်ရန် ၁၈၂၃ စောင်၊ မမှန်ကန်သည့်တိုင်စာ ၁၄၃၃ စောင် ဖြစ်သည်။ ဥပဒေလုပ်ထုံးမလိုက်နာခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း၊ တရားစီရင်ရေးကျင့်ဝတ်ဖောက်ဖျက်ခြင်း တိုင်စာ (၂) စောင်ကိုအရေးယူခဲ့သည်။ တရားရေးအရာရှိ၊ တရားသူကြီး ၁၀၉ ဦး၊ ရုံးဝန်ထမ်း ၅၈ ဦး စုစုပေါင်း ၁၆၇ ဦးတို့အား ဝန်ထမ်းပြစ်ဒဏ်ချမှတ်ခဲ့သည်။

လေ့ကျင့်သင်ကြားရေး

တရားသူကြီးများ၏ အရည်အသွေးပြည့်ဝမှုအတွက် စွမ်းဆောင်ရည်တိုးတက်ဖို့ စဉ်ဆက်မပြတ်အားထုတ်ခဲ့သည်။ လေ့ကျင့်သင်တန်းပေးခဲ့သည်။ ဥပဒေရေးရာအင်္ဂလိပ်စာသင်တန်း၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုလက်လှမ်းမီရေး၊ မျှတသည့်တရားစီရင်ရေးစံနှုန်းများ၊ လူ့အခွင့်အရေးသင်တန်းများ၊ တရားရုံးက ဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်၊ သက်သေခံအမျိုးအစားအသစ်များကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အကောင်အထည်ဖော်ရေး၊ တရားရုံးစစ်တမ်းကောက်ယူရေး၊ အစီအမံများဆောင်ရွက်ခဲ့သည်။

သတင်းအချက်အလက်ဆောင်ရွက်ချက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သည့် တရားစီရင်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဓာတ်ပုံများစုစည်းပြင်ဆင်ပေးပို့ ဆောင်ရွက်ခဲ့သည်။ လက်ရှိကျင့်သုံးနေသော သမားရိုးကျအမှုလက်ခံဆောင်ရွက်သည့် စနစ်အစား မြန်ဆန်သောစနစ် ပြောင်းလဲအစားထိုးကျင့်သုံးရန် ဆောင်ရွက်လျက်ရှိသည်။ Website နှင့် e-Government အစီအစဉ် တိုးတက်မြင့်မားရေးကိုလည်း စီမံဆောင်ရွက်နေပါသည်။

ရှေ့နေရှေ့ရပ်များလိုင်စင်လျှောက်ထားခြင်း

လိုင်စင်လျှောက်သည့်ကိစ္စမှာ ကာလအတန်ကြာ အဆင်မပြေသေး။ အခက်အခဲမျိုးစုံတွေ့ကြုံနေကြဆဲ။ "ရှေ့နေလိုင်စင်ကဏ္ဍ" လွှင့်တင်ခြင်းဖြင့် အခက်အခဲများပြေလည်စေမည်ဟု မျှော်လင့်ရသည်။

သတင်းပြန်ကြားရေးအရာရှိ

အစီရင်ခံကာလအတွင်း သတင်းမီဒီယာများနှင့် ၃၂၀ ကြိမ်တွေ့ဆုံခဲ့ပြီးပြီ။ ယခုထက် ပိုမိုပွင့်လင်းမြင်သာ လွယ်ကူစွာ သတင်း မီဒီယာကဏ္ဍဆောင်ရွက်နိုင်ပါစေကြောင်း တရားရုံးနှင့် ပြည်သူဆက်ဆံရေး (တရားရုံးကိုကြောက်စရာမလိုဟူသော ပြည်သူ့အမြင် ကြည်လင်စေရေး) ပိုမိုဆောင်ရွက်နိုင်ရန် အကြံပြုအပ်သည်။

ဥပဒေဆိုင်ရာအခွင့်အရေးများရရှိရေး

ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေး၊ အမှုများစစ်ဆေးရာတွင်ကြန့်ကြာမှု မရှိစေရေးအတွက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အကျဉ်းထောင် ခြောက်ခုသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်များက ရဲတပ်ဖွဲ့အချုပ် စခန်း ၁၉၆ ခု၊ အကျဉ်းထောင် ၄၈ ခု၊ ရဲဘက်စခန်း ၂၀ တို့အားလည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။ ဤဆောင်ရွက်ချက်သည် လွန်စွာအရေးကြီးသည်ဟု ခံယူသည်။

ဥပဒေအခွင့်အရေး၊ အမှုမကြန့်ကြာရေးများအတွက် လက်တွေ့ကျကျ၊ ပွင့်လင်းမြင်သာဆောင်ရွက်သင့်ကြောင်းနှင့် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူသို့အစီရင်ခံမှု ပိုမိုဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်သည်။ ကွင်းဆင်းစစ်ဆေးသည့်နေ့တွင်မှ ဆောင်ရွက်တင်ပြခြင်းထက် လက်တွေ့နေ့စဉ်ဘဝများ၊ အဖြစ်မှန်များအပေါ် တိတိကျကျအရေးယူဆောင်ရွက်ခြင်း၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ရသင့်ရထိုက်သော အခွင့်အရေးများပုံမှန်ခံစားနိုင်ရေး အလေးပေးဆောင်ရွက်သင့်ပါသည်။ သင့်လျော်သော အစီအမံများဆောင်ရွက်ပုံ ဖော်ပြသင့်ပါသည်။

ကလေးသူငယ်ကာကွယ်ခြင်း

ကလေးသူငယ်ကာကွယ်ခြင်းနှင့် ကလေးသူငယ်တရားစီရင်ခြင်းအပါအဝင် အများပြည်သူစိတ်ဝင်စားသည့် ကိစ္စများအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအစီအစဉ်ကို ဦးစားပေးအဆင့်(၁)သတ်မှတ်ထားသော်လည်း **ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။**

သတင်းအချက်အလက်ရပ်ရွာအခြေပြုအစီအစဉ်

အများပြည်သူ အထောက်အကူပြုအစီအစဉ်များဆောင်ရွက်ခြင်း၊ အထောက်အကူပြု အစီအစဉ်များအတွက် လမ်းညွှန်ချက်များ ပြုစုခြင်း၊ တရားရုံးစနစ်၊ တရားစီရင်ရေးကဏ္ဍနှင့် တိုင်ကြားသည့်လုပ်ထုံးလုပ်နည်း စသည်များအတွက် အများပြည်သူ အထောက်အကူပြုအစီအစဉ်ဆိုင်ရာ စာရွက်စာတမ်းများပြုစုခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့အတွက် **ဆောင်ရွက်နိုင်ခြင်းမရှိပါ။** မြှင့်တင်ဆောင်ရွက်ရမည့်ကိစ္စရပ်များဖြစ်ပါသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ

တရားစီရင်ရေးနှင့် အကျိုးသက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးရန် တွေ့ဆုံခြင်း **ဆောင်ရွက်ခြင်းမရှိပါ။**

သီးသန့်မှုခင်းကိစ္စများနှင့် စပ်လျဉ်း၍ဌာနဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း(ဥပမာ)-ကလေးသူငယ်တရားစီရင်ရေးကိစ္စရပ်များ **ဆောင်ရွက်ခြင်းမရှိပါ။**

တိုင်ကြားစာလက်စွဲ

တိုင်ကြားစာစိစစ်ရေးလုပ်ငန်းစဉ် လက်စွဲပြုစုခြင်းမှာ အဓိကဦးစားပေးအဆင့်(၁)အဖြစ် သတ်မှတ်ထားသော်လည်း **ဆောင်ရွက်နိုင်ခြင်းမရှိပါ။**

ကျွမ်းကျင်မှုစံနှုန်းများ

တရားသူကြီးများအတွက် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များရေးဆွဲခြင်း**ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။**

တရားရုံးဝန်ထမ်းများအတွက် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုစံနှုန်းများနှင့် လမ်းညွှန်ချက်များရေးဆွဲခြင်းကို ဦးစားပေးအဆင့် (၁)သတ်မှတ်ထားသော်လည်း **ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။**

အများပြည်သူများပါ သိရှိရေး

တရားရုံးနှင့် ပတ်သက်နေသူများသာမက အများပြည်သူများကပါ ပွင့်လင်းမြင်သာစွာ သိရှိဖတ်ရှုနိုင်ဖို့၊ တရားစီရင်ရေးဆိုင်ရာ အရည်အသွေးသိမြင်နိုင်ဖို့ ၂၀၁၈ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာပေါ်ထွက်လာခြင်းပါ။ လက်လှမ်းမီသမျှ၊ ဆက်စပ်သမျှသာ ကောက်နုတ်တင်ပြရခြင်းပါ။

စေတနာ

(၁) ဝေဖန်အပြစ်ပြောရတာလွယ်ပါသည်။
(၂) လက်တွေ့ကျင့်ဖို့၊ အကောင်အထည်ဖော်ဖို့တော့ ခက်ခဲတတ်ပါသည်။ သို့သော်ငြား...။
(၃) စေတနာဖြင့် အခက်အခဲပြေလည်တန်ရာသည်ဟု ယုံကြည်မိသည်။ ပန်းတိုင်မပျောက်၊ ခရီးရောက်မှာပါ။
(၄) တရားရုံးများ၏ တန်ဖိုးများမြင့်မား ဂုဏ်တင့်ပါစေကြောင်း တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

"တရားရေးနှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားသူတိုင်း တရားရုံးနှစ်စဉ်အစီရင်ခံစာကို လေ့လာကြရသည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှု၊ ကျဆင်းမှုစသည်များ ဝေဖန်ကြရသည်။ သုံးသပ်ကြရသည်။ အားသာမှု၊ အားနည်းမှုများ၊ ရှေ့လုပ်ငန်းစဉ်များ ပိုင်းခြားကြရသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာများက တရားရုံး၏ တန်ဖိုးများကို ထောက်ပြသည်။ တရားရုံး၏တန်ဖိုးများကို သိချင်လျှင် နှစ်စဉ်အစီရင်ခံစာမှာ ရှာဖွေကြရမည်ဟု ဆိုချင်သည်"

မြန်မာနိုင်ငံ တီဘီရောဂါအခြေအနေ တစေ့တစောင်း (သို့) စတုတ္ထအကြိမ် နိုင်ငံတစ်ဝန်းတီဘီရောဂါစစ်တမ်းကောက်ယူခြင်း

အငြိမ်းစားဝန်ထမ်းတစ်ဦး (ရောဂါနှိမ်နင်းရေး)

၂၀၁၉ ခုနှစ် ဧပြီလဒုတိယအပတ် တစ်နေ့သောနံနက်ခင်းတွင် အိမ်ရှေ့တံခါးခေါက်သံကြား၍ဖွင့်ကြည့်ရာ တပည့်ကျော်ကြီး ကျန်းမာရေးမှူး ဦးကြည်အား တွေ့ရပါသည်။

ဦးကြည်။ ။ ကျွန်တော်သိချင်တာလေးမေးမလို့ လာချင်နေတာ မအားလို့ဆရာ။ ပြီးခဲ့တဲ့ နှစ်က ကျွန်တော့် RHC အပိုင်ရွာတစ်ရွာမှာ တီဘီစစ်တမ်းကောက်ယူလို့ ကျွန်တော်နဲ့အဖွဲ့ ကူညီဆောင်ရွက်ပေးခဲ့ရတယ်။ ဘာကြောင့်စစ်တမ်းကောက်တာလဲ ဆရာ။

ကျွန်တော်။ ။ တီဘီရောဂါဖြစ်ပွားမှုနဲ့ ရောဂါဖြစ်ပွားမှုအတက်အကျကို တိတိကျကျ သိရှိအောင်လို့ပါ ဦးကြည်။

ဦးကြည်။ ။ ဆရာတို့တီဘီဌာနက တစ်နိုင်ငံလုံးလွှမ်းခြုံပြီး၊ ရောဂါရှာဖွေကုသရေးတွေ ဆောင်ရွက်ပြီး လချုပ်၊ နှစ်ချုပ်တွေ မှန်မှန်လုပ်နေတာ။ အဲဒီကနေပြီး တီဘီရောဂါဖြစ်ပွားမှုကို မသိနိုင်ဘူးလားဆရာ။

ကျွန်တော်။ ။ တီဘီဌာနကိုပို့တဲ့ Notified လူနာစာရင်းသာရလို့မပြည့်စုံဘူး။

ဦးကြည်။ ။ ဒါဆိုရင်ရှင်းပြပါဦးဆရာ။

ကျွန်တော်။ ။ ဦးကြည်ကို ကြက်သွန်ဥနီ (Onion) နဲ့ ရှင်းပြမယ်။ ကြက်သွန်ဥနီကို ဓားနဲ့အလယ်ကခွဲလိုက်ရင် အကွင်း (Circle) တွေတွေ့ရမယ်၊ (၁) အတွင်းဆုံးအကွင်းကတော့ တီဘီဌာနများ၊ ၎င်းတို့နဲ့ မိတ်ဖက်ဖြစ်တဲ့ ကျန်းမာရေးဆေးရုံဌာနများ၊ ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှာ ရောဂါရှာဖွေကုသမှုပေးပြီး တီဘီဌာန(NTP) ကို သတင်းပို့ (Notified) ခြင်း၊ (၂) ဒါ့အပြင် Circle က ကျန်းမာရေးဆေးရုံဌာနနှင့် ပြင်ပဆေးခန်းမှာ ရောဂါရှာဖွေကုသမှုပေးသော်လည်း သတင်း (Notified) မပို့ခြင်း၊ (၃) နောက် Circle က ပြည်သူလူထုက ကျန်းမာရေးဌာနများ (အစိုးရ+ ပြင်ပ) ကို ရောဂါလက္ခဏာရှိ၍ သွားရောက်စစ်ဆေးခံယူသော်လည်း (လူ၊ ပစ္စည်း၊ နည်းပညာ) မပြည့်စုံလို့ ရောဂါစစ်ဆေးသတ်မှတ်မှု Diagnosis မလုပ်နိုင်ခြင်း၊ (၄) နောက် Circle က ပြည်သူလူထုက ရောဂါလက္ခဏာသိသော်လည်း သွားရောက်စစ်ဆေးမှု မလုပ်နိုင်ခြင်း၊ (၅) ကျန်းမာရေးဌာန၊ ဝန်ထမ်းများနဲ့ ဝေးလံခက်ခဲသောဒေသမှာ နေထိုင်ခြင်းဆိုတာ တွေ့ရှိတယ်။ အဲဒီ Circle (အကွင်း) အသီးသီးထဲကမှ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းကို သတင်းပို့ (Notified) တဲ့ အတွင်းဆုံး Circle တစ်ခုထဲက လူနာဦးရေကိုပဲသိရတာ ဦးကြည်။ အပြည့်အစုံတိတိကျကျမသိနိုင်ဘူးလေ၊ ကျန်တဲ့ရောဂါတွေအတွက်ပါ စဉ်းစားရမယ့် အချက်တွေဖြစ်ပါတယ်။

ဦးကြည်။ ။ ဒါဆို Survey စစ်တမ်းဆောင်ရွက်ပုံကို ရှင်းပြပါဦးဆရာ။

ကျွန်တော်။ ။ စာဖတ်သူများပါသိရှိနားလည်အောင် အကြမ်းဖျင်းရှင်းပြပါမယ်။ Survey စစ်တမ်းတစ်ခုဆောင်ရွက်ဖို့ (Resource) အရင်းအမြစ် (လူ၊ ကျွမ်းကျင်မှု၊ ငွေကြေး၊ ပစ္စည်းကိရိယာ၊ အချိန်)လိုတယ် ဦးကြည်။ ယခု Survey ဆိုရင်အချိန်(၂)နှစ်ခန့်ပေးပြီး ဆရာဝန်အပါအဝင် ကျန်းမာရေးဝန်ထမ်း “၁၀၀” ကျော်နဲ့ ဆောင်ရွက်ရတယ်။ ငွေကြေးကုန်ကျမှုကလည်း အမေရိကန်ဒေါ်လာ တစ်သန်းခန့်ကုန်ကျတာ။

ဦးကြည်။ ။ မလွယ်ဘူးနော်၊ ဆက်ပြီးရှင်းပြပါဦး။

ကျွန်တော်။ ။ အဆင့်အနေနဲ့ သုံးဆင့်ရှိတယ်- ပြင်ဆင်မှုအဆင့်ခြောက်လ။ စစ်တမ်းကောက်ယူခြင်း အဆင့် (၁)နှစ်ခန့်နဲ့ အပြီးသတ်စိစစ်အတည်ပြုခြင်းအဆင့် ခြောက်လခန့်အချိန်ပေးရတယ်။ ပြင်ဆင်မှုအဆင့်မှာ Survey Protocol ရေးခြင်း၊ ERC - သုတေသနကျင့်ဝတ် စိစစ်ရေးကော်မတီထံ တင်ပြခွင့်ပြုချက်ရယူခြင်း၊ စစ်တမ်းလမ်းညွှန်စာအုပ်ထုတ်ဝေခြင်း၊ သင်တန်းပေးခြင်း၊ Pilot Test ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ စစ်တမ်းနမူနာရွေးချယ်ခြင်း(Sampling Frame)ကို ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်တွေနဲ့ တစ်နိုင်ငံလုံးကိုယ်စားပြုဖို့၊ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ၊ သန်းခေါင်စာရင်းရဲ့ (ကျေးရွာ၊ ရပ်ကွက်)လူဦးရေအခြေအနေပေါ်မူတည်ပြီး ရွေးချယ်ထားပါတယ်။ တီဘီစစ်တမ်းမှာ လူထုအလွှာ Strata (၃)ခု (၁) ပြည်နယ်များ၊ (၂) ရန်ကုန်မှအပ ကျန်တိုင်းဒေသကြီးများနဲ့ (၃) ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ပြည်လုံးလွှမ်းခြုံမှုဖြစ်စေဖို့ ကျေးရွာ / အုပ်စု (Rural) အလွှာခွဲနဲ့ မြို့ပေါ်ရပ်ကွက် (Urban) အလွှာခွဲလို့ ထပ်ဆင့်ခွဲထားပြီး စုစုပေါင်းအစု (Cluster) ၁၃၈ ခုနဲ့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အချုပ်အနေနဲ့ ပြည်နယ်အလွှာများမှ Cluster ၃၈ ခု (ရပ်ကွက်၁၀ခု + ကျေးရွာ၂၈ခု)၊ တိုင်းဒေသကြီးအလွှာ Cluster ၆၂ခု (ရပ်ကွက် ၁၅ခု + ကျေးရွာ ၄၇ခု)၊ ရန်ကုန်တိုင်းဒေသကြီးအလွှာ Cluster ၃၈ခု (ရပ်ကွက် ၂၇ ခု + ကျေးရွာ ၁၁ခု) စုစုပေါင်းအစု Cluster ၁၃၈ မှာ ရပ်ကွက် ၅၂ ခုနဲ့ ကျေးရွာ ၈၆ ခု ဖြစ်ပါတယ်။

ဒါ့အပြင် Culture Cluster ပိုးမွေးမြူခြင်းအစုများအဖြစ် ရပ်ကွက် Cluster ၂၂ ခုနဲ့ ကျေးရွာ Cluster ၄၈ ခု စုစုပေါင်း Cluster ၇၀ ခုသတ်မှတ်ပြီး သလိပ်ပိုးမွေးမြူခြင်း Culture နဲ့ သလိပ်မှန်ချပ်စစ်ဆေးခြင်း၊ Smear microscopy ဆောင်ရွက်ဖို့ သလိပ်နမူနာကို မပို့မနေပို့ရပါမယ်။ ကျန် Cluster ၆၈ အတွက် X Pert Positive ဖြစ်မှသာ Culture ပြုလုပ်ဖို့ သလိပ်နမူနာပို့ရပါမယ်။

Cluster အစုတစ်ခုမှာ လူဦးရေ(အသက် ၁၅ နှစ်အထက်) ၅၀၀ ကောက်ယူဖို့ သတ်မှတ်ထားပါတယ်။ သူတို့ကို ရင်ခေါင်းဓာတ်မှန် CXR ရိုက်မယ့် တီဘီသံသယလက္ခဏာ ရှိ၊ မရှိစစ်ဆေးပြီး CXR သံသယနဲ့ တီဘီသံသယလက္ခဏာရှိပါက Gene X Pert Ultra နဲ့ စစ်ဆေးရပါမယ်။ X Pert (+) ဖြစ်ပါက Culture နဲ့ Sputum microscopy ဆောင်ရွက်ဖို့ သလိပ်နမူနာကို ရန်ကုန်၊ မန္တလေး BSL-3 ဓာတ်ခွဲဌာနကို ပို့ရပါမယ်။

ဦးကြည်။ ။ တော်တော်လေးကို တိတိကျကျဆောင်ရွက်ရတာပဲနော်။

ကျွန်တော်။ ။ ဒါက အပေါ်အကြမ်းဖျင်းပဲရှိသေးတယ်။ ဒုတိယအဆင့် တီဘီရောဂါ စစ်တမ်းကောက်ယူခြင်းအတွက် စစ်တမ်းကောက်ယူရေးအဖွဲ့များဖွဲ့ရပါတယ်။ တစ်ဖွဲ့မှာ အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ ဓာတ်မှန်ဖတ်ရန်ဆရာဝန်တစ်ဦးအပါအဝင် လူဦးရေအခြေအနေသတင်းကောက်ယူရေး Unit အဖွဲ့၊ စာရင်းအင်း Unit၊ ဓာတ်မှန် Unit၊ ဓာတ်ခွဲ Unit နဲ့ ကားမောင်းသူ Unit စုစုပေါင်း (5 Unit) မှာ ၁၃ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ အဖွဲ့ခြောက်ဖွဲ့ရှိပြီး အထက်မြန်မာပြည် Cluster များအတွက် မန္တလေးအခြေစိုက်သုံးဖွဲ့၊ အောက်မြန်မာပြည် Cluster များအတွက် ရန်ကုန်အခြေစိုက်သုံးဖွဲ့ခွဲပြီး နှစ်ဖွဲ့စစ်တမ်းကောက်၊ တစ်ဖွဲ့နားစနစ်နဲ့ (၁၃၈) Cluster ကို ကောက်ယူသွားမှာဖြစ်ပါတယ်။ Cluster တစ်ခုအတွက် အချိန်ခုနစ်ရက်ပေးရမှာ ဖြစ်ပါတယ်။ Cluster ကောက်ယူရာမှာ သက်ဆိုင်ရာကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးဝန်ထမ်းတွေကလည်း ပါဝင်ကူညီပေးခဲ့ကြပါတယ်။ ၂၀၁၇ခုနှစ် အောက်တိုဘာလက စတင်ဆောင်ရွက်ခဲ့ရာ နယ်မြေလုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုအခက်အခဲတွေကြောင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာပြီးစီးခဲ့ပါတယ်။ တစ်နှစ်ခန့်အချိန်ပေးခဲ့ရပါတယ်။

> ◆ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို တိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ခုနစ်ဦးလောက်က ဦးဆောင်တိုက်ဖျက်နေရခြင်းမှ ၂၀၀၃-၂၀၀၄ ခုနှစ်ကစ၍ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနီးပါးကို တိုးချဲ့ခွင့်ပြုပြီး ဆောင်ရွက်စေခဲ့
>
> ◆ ဝန်ကြီးဌာနကစပြီး အခြေခံကျန်းမာရေး ဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းတွေ၊ အလှူရှင်အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ တာဝန်ကျေမှုတို့ကြောင့် ယခုလိုတီဘီရောဂါဖြစ်ပွားမှု ၁၀ နှစ်ခန့်အတွင်း ထက်ဝက်ခန့် ကျဆင်းသွားရတယ်လို့ သုံးသပ်ရ

ဦးကြည်။ ။ Cluster အစုကျရာကျေးရွာ၊ ရပ်ကွက်အားလုံးကို ပြည့်စုံစွာကောက်ယူပေးနိုင်ခဲ့တဲ့ ဆရာတို့စစ်တမ်းကောက်အဖွဲ့တွေကိုရော ကူညီပံ့ပိုးတဲ့ အုပ်ချုပ်ရေး၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းတွေကိုပါ ချီးကျူးအသိအမှတ်ပြုသင့်တယ်နော်။

ကျွန်တော်။ ။ ဒါပေါ့ဦးကြည်၊ အဲဒီလိုစစ်တမ်းကောက်ယူပြီးတဲ့အခါမှာ အရေးတကြီးဆုံးဖြစ်တဲ့ အပြီးသတ်စိစစ်အတည်ပြုခြင်းအပိုင်းပဲဖြစ်တယ်။ စစ်တမ်းမှာ ရှာဖွေတွေ့ရှိတဲ့ တီဘီရောဂါရှိသူတွေ (Survey Case) ကို ဗဟိုဓာတ်မှန်၊ ဓာတ်ခွဲ အဖြေအကဲအဖြတ်အဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ဦးဆောင်ကော်မတီအဖွဲ့၊ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ (WHO, RIT/JAPAN- JATA, US CDC) နဲ့ ဖွဲ့စည်းထားတဲ့ နည်းပညာအကြံပေးအဖွဲ့တို့နဲ့ အကြိမ်ကြိမ်စိစစ်ပြီး တီဘီရောဂါလက္ခဏာ၊ တီဘီလူနာနဲ့အတူ နေခြင်း ရှိ၊ မရှိ၊ ယခင်တီဘီကုသမှုအခြေအနေ၊ ဓာတ်မှန်၊ X Pert သလိပ်နှင့် ပိုးမွေး (Culture) အဖြေတွေပေါ်မူတည်ပြီး အပြီးသတ် Case အတည်ပြုချက်ပေးရပါတယ်။ ဒါ့အပြင် ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉-၂၂) ၌ WHO Geneva မှာ ကျင်းပတဲ့ Consensus Meeting of TB Survey Results အစည်းအဝေးမှာလည်း မြန်မာနိုင်ငံမှ တက်ရောက်ဆွေးနွေးတင်ပြခဲ့ပါတယ်။

ဦးကြည်။ ။ တော်တော်လေးပြည့်ပြည့်စုံစုံသိရှိရပါပြီ၊ Survey ရဲ့တွေ့ရှိချက်တွေကိုလည်း ရှင်းပြပေးပါဦး။

ကျွန်တော်။ ။ ၂၀၁၉ ခုနှစ် ဧပြီလ ၂၄ ရက်မှာ အစိုးရဌာနအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းများ၊ အလှူရှင် အဖွဲ့အစည်းများ၊ UN လက်အောက်ခံအဖွဲ့အစည်းများ၊ မီဒီယာများအား Disemination Workshop ကျင်းပပြီး အသိပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဦးကြည်ကို အကြမ်းဖျင်းပဲ ပြောပြနိုင်ပါတယ်။ တတိယအကြိမ် Survey (၂၀၀၉-၂၀၁၀) က တီဘီရောဂါဖြစ်ပွားမှုအခြေအနေထက် ထက်ဝက်ခန့်ကျဆင်းသွားတယ်ဦးကြည်။ (ရန်ကုန်တိုင်းက တီဘီရောဂါဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကျဆင်းမှုနည်းပါတယ်)။

ဦးကြည် ။ ။ ကျွန်တော်ကလည်း သိချင်မိပြီဆိုရင် အစကနေအဆုံးထိဆိုတော့ အရင် Survey တွေအကြောင်းရယ်၊ ရလဒ်ရယ် နည်းနည်းရှင်းပြပေးပါဦး။

ကျွန်တော်။ ။ ရှေ့မှာပြောခဲ့သလို Resources (အရင်းအမြစ်) ပေါ်မူတည်ပြီး လုပ်ရတော့ တစ်ကြိမ်နဲ့ တစ်ကြိမ်ကွဲပြားမှုရှိတယ်ဦးကြည်။ ပထမအကြိမ် ၁၉၇၂ခုနှစ် Nationwide TB Baseline Survey ကို Tuberculin Skin Test နဲ့လုပ်တယ်။ Annual Risk of TB Infection 1.66% ရတော့ တီဘီရောဂါဖြစ်ပွားမှု လူတစ်သိန်းတွင် သလိပ်ပိုးတွေ့တီဘီ၈၃ဦး (၈၃/၁၀၀,၀၀၀) ဖြစ်တယ်။ (ARTI%) X (50)= Smear (+) patients / 100000 pop ။ ဒုတိယအကြိမ် (၁၉၉၃-၉၄) Nationwide Sputum Point Prevalence Survey အဖြေအရ တီဘီရောဂါဖြစ်ပွားနှုန်း ၁၀၄ / ၁၀၀,၀၀၀ pop ဖြစ်တယ်။ တတိယအကြိမ် (၂၀၀၉-၂၀၁၀) Nationwide TB Prevalence Survey မှာတော့ Sputum microscopy အပြင် CXR နဲ့ Culture ပါထည့်သွင်းဆောင်ရွက်ခဲ့တယ်။ Survey အဖြေက သလိပ်ပိုးတွေ့(၁၀၅၊ ၁၀၀,၀၀၀pop) Culture positive က (၅၀၂ / ၁၀၀,၀၀၀ pop) ဖြစ်တယ်။

ဦးကြည်။ ။ ဆရာဖြတ်ပြီးမေးပါရစေ၊ ပိုးမွေးလို့ပိုးပေါက်ပွား (Culture+) က ဘာလို့သလိပ်ပိုးတွေ့သူတွေထက် ၄ - ၅ ဆပိုများရတာလဲဆရာ။

ကျွန်တော်။ ။ သလိပ်ကို အဏုကြည့်မှန်ဘီလူးနဲ့ တီဘီပိုးကိုရှာရင် သလိပ်(၁စီစီ) မှာ တီဘီပိုးအကောင်ရေ၊ ၅၀၀၀-၁၀,၀၀၀ ထိရှိမှ ဓာတ်ခွဲဝန်ထမ်းက တွေ့နိုင်မြင်နိုင်တယ်။ ပိုးမွေးမြူခြင်း (Culture) မှာတော့ သလိပ် (၁ စီစီ)မှာ တီဘီပိုးအကောင်ရေ ၁၀၀-၂၀၀ လောက်ရှိရင်ပဲပိုးပေါက်ပြီး ရောဂါရှိမှန်းသိနိုင်တယ်။ အခုစတုတ္ထအကြိမ် Survey မှာအသုံးပြုတဲ့ G X pert Ultra နဲ့ ဆိုသလိပ် (၁စီစီ)မှာ တီဘီပိုးအကောင်ရေ ၅၀-၁၀၀ လောက်ရှိရင်ပဲ ရှာလို့တွေ့ပြီဦးကြည်။ တီဘီပိုးအကောင်နည်းနည်းနဲ့ DIAGNOSIS လုပ်နိုင်လေလေ တီဘီလူနာများ ပိုမိုရှာနိုင်လေပေါ့။

ဦးကြည် ။ ။ ရောဂါရှာဖွေရေးနည်းပညာတွေတော်တော်တိုးတက်လာပြီပဲ၊ ရောဂါကို စောစောရှာတွေ့နိုင်တာပေါ့နော်။

ကျွန်တော်။ ။ ရောဂါရှိသူကိုစောစောရှာဖွေကုသမှုပေးနိုင်တော့ အခြားသူတွေကို ရောဂါကူးစက်ခြင်းမှ ဖြတ်တောက်၊ ဟန့်တားနိုင်တာပေါ့။

ဦးကြည်။ ။ ဆရာအတွေ့အကြုံအရ ဒီ(ရနှစ်)၊ (၁၀နှစ်) အတွင်းမှာ တီဘီရောဂါဖြစ်ပွားမှု ထက်ဝက်ခန့်ကျသွားတာကိုသုံးသပ်ပြပါဦး။

ကျွန်တော်။ ။ မြန်မာပြည်အပါအဝင်တီဘီရောဂါဟာ ၁၉၉၅ အထိ ပစ်ပယ်ခံရောဂါတစ်ခုအဖြစ်ရှိခဲ့တယ် ဦးကြည်။ ၁၉၉၅ ခုနှစ်ကစပြီး WHO က တီဘီရောဂါကို တိုက်ဖျက်နှိမ်နင်းဖို့ မဟာဗျူဟာ Strategy တွေဦးဆောင်ချမှတ်ပေးခဲ့တယ်။ (၁၉၉၅) DOTS Strategy၊ (၂၀၁၆)တွင် Stop TB Strategy နဲ့ (၂၀၁၆) မှာ end TB Strategy တွေရယ်။ ဒါ့အပြင် ကမ္ဘာ့ကုလသမဂ္ဂ (UN) ချမှတ်ပေးတဲ့ပန်းတိုင်များ၊ (၁) MDG (၁၉၉၀-၂၀၁၅)၊ (၂) SDG (၂၀၁၆-၂၀၃၀)၊ မြန်မာနိုင်ငံရဲ့ (၅)နှစ် National Health Plan များနဲ့ ပေါင်းစပ်ပြီး မိမိနိုင်ငံနဲ့ သင့်တော်မယ့် ၅နှစ် (5 year National TB Strategic plan) ကို ရေးဆွဲပြီး အချိန်နဲ့တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ခဲ့တယ်။

တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို တိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ခုနစ်ဦးလောက်က ဦးဆောင်တိုက်ဖျက်နေရခြင်းမှ ၂၀၀၃-၂၀၀၄ ခုနှစ်ကစ၍ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနီးပါးကိုတိုးချဲ့ ခွင့်ပြုပြီး ဆောင်ရွက်စေခဲ့နိုင်ခြင်း၊ တီဘီရောဂါတိုက် ဖျက်ရေးလုပ်ငန်းများကိုလည်း ၂၀၀၃ ခုနှစ်ကုန်ပိုင်းမှစ၍ မြို့နယ်အားလုံးကို လွှမ်းခြုံဆောင်ရွက်နိုင်ခြင်း၊ TB, HIV, MDR-TB လုပ်ငန်းများကိုလည်း ၂၀၀၉ ခုနှစ်ကစ၍ ဆောင်ရွက်နိုင်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ရွှေ့လျားတီဘီရောဂါရှာဖွေကုသရေးအဖွဲ့တွေနဲ့ ကွင်းဆင်းဆောင်ရွက်ခြင်း။

ဒုတိယအချက်က နိုင်ငံတော်ရဲ့ နိုင်ငံရေးမူဝါဒပြောင်းလဲခြင်းကလည်းအဓိကအခန်းကဏ္ဍက ပါဝင်တယ်။ Closed Door Policy ကို ၂၀၀၆ခုနှစ်လောက်ကစ၍ တဖြည်းဖြည်း Open Door Policy ကျင့်သုံးနိုင်ခဲ့မှုကြောင့် WHO က ၂၀၁၀ ခုနှစ်မှာ X pert ထောက်ခံအကြံပြုခြင်းကို မြန်မာနိုင်ငံအတွင်းကို ၂၀၁၁ ခုနှစ်မှာ ရောက်ရှိဆောင်ရွက်ခဲ့တယ်။ တီဘီဆေးအသစ် ဘီဒါကွီလင်းနဲ့ ဒိုင်လဲနမစ်၊ ဆေးနှစ်မျိုးကိုစပြီး Recomend လုပ်တဲ့ (၂၀၁၄)ခုနှစ်မှာပင် မြန်မာနိုင်ငံမှ စတင်အသုံးပြုနိုင်ခြင်း စတဲ့ Open door Policy ကြောင့် ဆေးနဲ့ ဆေးပစ္စည်း၊ နည်းပညာအကူအညီများ လွယ်ကူစွာရရှိခံစားနိုင်ခြင်းနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ၁၀ နှစ်အတွင်း တီဘီရောဂါအတွက်ဘဏ္ဍာငွေခွဲဝေချထားမှုကို အဆပေါင်းများစွာ ပိုမိုခွဲ ဝေချထားပေးခဲ့ခြင်း၊ (Political Comitment ရရှိခြင်း)နဲ့ တတိယအချက် The Last, not the Last အနေနဲ့ ဝန်ကြီးဌာနကစပြီး အခြေခံကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းတွေ၊ အလှူရှင်အဖွဲ့အစည်းတွေနဲ့ ပြည်သူလူထုအားလုံးက တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ တာဝန်ကျေမှုတို့ကြောင့် ယခုလိုတီဘီရောဂါဖြစ်ပွားမှု ၁၀ နှစ်ခန့်အတွင်း ထက်ဝက်ခန့် ကျဆင်းသွားရတယ်လို့ သုံးသပ်ရပါတယ်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ရေရှားပါးသောဒေသများသို့ သောက်သုံးရေ လှူဒါန်း

ရန်ကုန် မေ ၂၃

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ နိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများရှိ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်လှူဒါန်းပေးခြင်း၊ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မေ ၁၁ ရက်က လားရှိုးမြို့တွင် စက်ရေတွင်းတူးဖော်ပေးစဉ်။

ယခုအခါဖောင်ဒေးရှင်းပိုင် အင်္ဂလန်နိုင်ငံလုပ် Dando ရေတွင်းတူးစက်ကြီးများဖြင့် နိုင်ငံအတွင်းနေရာ ဒေသအနှံ့၌ တူးဖော်ပေးလျက်ရှိရာ မေ ၁၁ ရက်က စက်ရေတွင်း ၂၀၂ တွင်းမြောက်ဖြစ်သည့် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ အမှတ် ၁၁ ရပ်ကွက်ရှိ စက်ရေတွင်းသည် အနက်ပေ ၄၈၀ အရောက်၌ တစ်နာရီလျှင် ရေဂါလန်ပေါင်း ၃၀၀၀ ကျော်အောင် ရေရှိပြီး ဒေသနေပြည်သူများ ရေကောင်းရေသန့်များ လုံလောက်စွာ သုံးစွဲနိုင်ပြီဖြစ်သည်။ ဆက်လက်၍ အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံနှင့် လားရှိုးမြို့နယ် ကောင်းကဲ့အီကျေးရွာတို့တွင် ရေကောင်းရေသန့်ရရှိရေး တူးဖော်လျက်ရှိသည်။ ထို့အပြင် ရေလိုအပ်နေသော လယ်ဝေးမြို့နယ် ဒက္ခိဏသီရိရှိ ချမ်းမြေ့ကျောင်းတွင်လည်း ဆက်လက်တူးဖော်ပေးသွားမည် ဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ် ၄၇ စီးဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးသော အရပ်ဒေသများတွင် ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်း၍လည်းကောင်း၊ လူမှုရေး ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ ရေရှားပါးပြီး အခက်အခဲဖြစ်နေသည့် ဒေသခံ ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။ ယခု ဧပြီလအတွင်း ပုသိမ်ကြီးမြို့နယ် နမ်းကြဲကျေးရွာအုပ်စု၊ ဟဲဟိုးမြို့နယ် ဆူပန်းအင်းကျေးရွာနှင့် တောင်ကြီးမြို့နယ် ဆွန်းလွန်းဘုန်းကြီးကျောင်းသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့သည်။

ရေရှားပါးသော ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေများ အဆင်ပြေလုံလောက်စွာသုံးစွဲနိုင်စေရန် စက်ရေတွင်း ၂၀၂ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများအား လှူဒါန်းပေးခဲ့သည့်အပြင် ဖောင်ဒေးရှင်းထူထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၅၄ ဘီလီယံကျော် လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံအတွင်း ရေအခက်အခဲဖြစ်နေသော ဒေသများအနေဖြင့် သန့်ရှင်းသောရေလိုအပ်ပါက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း အောက်မြန်မာပြည် ဖုန်း - ၀၁-၅၀၂၆၆၈ နှင့် အထက် မြန်မာပြည် ၀၂-၂၀၀၀၁၆၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကိုဒင်

ပင်းတယမြို့ ပုန်းတလုတ်ရေကန်ထဲမှသိမ်းဆည်းရမိသည့် ငါးဖမ်းပိုက်များကို မီးရှို့ဖျက်ဆီး

ပင်းတယ မေ ၂၃

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏ ကျက်သရေဆောင် ရေးသမိုင်းဝင် ပုန်းတလုတ်ရေကန်အတွင်း၌ ငါးဖမ်းပိုက်များကို မေ ၂၂ ရက်က တာဝန်ရှိသူများက ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိ၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရေကန်အတွင်း အမည်မသိသူများချထားသော ငါးဖမ်းပိုက်များတွေ့ရှိ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးကျော်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ရေငုပ်သမားများနှင့်အတူ သွားရောက် ဖြုတ်ယူသိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး ပိုက်များတွင် ဖမ်းမိထားသော ငါးအရှင်များကို ရေကန်အတွင်းသို့ ပြန်လွှတ်ပေးခဲ့ကာ ဖမ်းမိသော ငါးဖမ်းပိုက်များကိုမူ မြို့နယ်စည်ပင်ရုံးရှေ့ မြေကွက်လပ်၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ခင်မျိုးနွယ် (ပြန်/ဆက်)

ငါးဖမ်းပိုက်များကို မီးရှို့ဖျက်ဆီးနေစဉ်။

ဒီပဲယင်းမြို့နယ်မှ သီးနှံပျက်စီးမှုများအတွက် တောင်သူများအား ထောက်ပံ့ငွေများပေးအပ်

ဒီပဲယင်း မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်အတွင်းမှ ဒေသခံတောင်သူများ၏ သီးနှံပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

ဒီပဲယင်းမြို့နယ်၌ ၂၀၁၈ ခုနှစ်အတွင်းက အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သော နွေစပါးနှင့် နွေနှမ်း ၅၀၆ ဧကအတွက် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး စပါး တစ်ဧကလျှင် ကျပ် ၂၅၀၀၀ နှုန်းနှင့် နှမ်း တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းစီ ပေးအပ်ခဲ့ကြောင်း၊ ထောက်ပံ့ငွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် တောင်သူ ၁၉၉ ဦးတို့၏ နွေစပါး ၁၃၈ ဧကအတွက် ကျပ် ၃၄၅ သိန်းနှင့် နွေနှမ်း ၃၆၈ ဧကအတွက် ကျပ် ၁၈၄ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်းက အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဒီပဲယင်းမြို့နယ်အတွင်းရှိ ဝဘာ၊ အင်တိုင်းလေး၊ ယင်းတော့၊ ဆူးတပ်၊ မိကျောင်းအိုင်၊ တိုက်ရွာ၊ တည်တော၊ သရက်ကန်၊ ထန်းတပင်၊ အင်ပင်၊ ထုံးဖို၊ တက်ခေါင်း၊ တောက္ကရုပ်၊ အေးသာယာနှင့် ကြည်ရွာ ကျေးရွာအုပ်စုများမှ စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

ဝင်းဦး (ဇေယျာတိုင်း)

ပိုင်ကျုံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ အသိပညာပေးဟောပြော

ပိုင်ကျုံ မေ ၂၃

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ရေပူကြီးကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နော်ခူးခူးက ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရန် သစ်ပင်များရှိရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ဒေသတခွင်သည် ယခင်နှင့်မတူဘဲ အပူချိန်ပိုများလာသည်ကို တွေ့ရကြောင်း၊ သစ်ပင်များခုတ်လှဲကြခြင်းနှင့် တောမီးများလောင်ကျွမ်းခြင်းတို့ကြောင့် ရာသီဥတု ပိုမိုဖောက်ပြန်လာခြင်းဖြစ်၍ သစ်ပင်များ ပြန်လည်အစားထိုးစိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း ဟောပြောသည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျေးရွာနေပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **စောစဖိုး (ပြန်/ဆက်)**

မြို့နယ်အချို့၌ ရေရှားပါးပြတ်လပ်လာ၍ ဌာနဆိုင်ရာနှင့် အလှူရှင်များက ရေများဖြန့်ဝေလှူဒါန်း

သင်္ကြန်အလွန်ရက်များမှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် အပူချိန်မြင့်တက်လာကာ မြို့နယ်အချို့တွင်လည်း ရေတွင်းရေကန်များခန်းခြောက်ပြီး သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ စတင်ကြုံတွေ့လာရသဖြင့် မီးသတ်ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက ကျေးရွာများသို့ ရေများ သွားရောက်လှူဒါန်းလျက်ရှိသည်။

မြင်းမူ

မြင်းမူမြို့နယ် မကျီးစုကျေးရွာအုပ်စုရှိ ကြာပင်လှကျေးရွာတွင် ရေစတင်ရှားပါးလာခြင်းကြောင့် ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက သောက်သုံးရေများကို ရေသယ်ယာဉ်ဖြင့် မေ ၂၂ ရက်က သွားရောက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ ပူပြင်းခြောက်သွေ့သော ရာသီကာလဖြစ်သည်နှင့်အညီ မြင်းမူမြို့နယ်၌ မြေအောက်ရေရရှိမှု နည်းပါးလာသောကြောင့် ပြည်သူများ သောက်သုံးရေအခက်အခဲ မဖြစ်စေရေးအတွက် ယခုကဲ့သို့ ရေများ သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း၊ အခြားသော ရေအခက်အခဲရှိသည့် ကျေးရွာများသို့လည်း သွားရောက်လှူဒါန်းရန် စီစဉ်လျက်ရှိကြောင်း မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

အောင်စိုးဇေ (မြင်းမူ)

ခေါင်းဆုံ

မွန်ပြည်နယ် ခေါင်းဆုံမြို့နယ်အတွင်းရှိ ကွမ်ရိုက်ကျေးရွာ၌ ရေရှားပါးမှုနှင့် ကြုံတွေ့လာရသည့်အတွက် သောက်သုံးရေများကို ဌာနဆိုင်ရာများက မေ ၁၈ နှင့် ၁၉ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ မေ ၁၉ ရက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလင်းတင်ဋ္ဌေး ဦးဆောင်ပြီး မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဂါလန် ၈၀၀ ဆံ့ ကားနှစ်စီးဖြင့် ကွမ်ရိုက်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သလို မေ ၁၈ ရက်ကလည်း မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး ဦးဆောင်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွမ်ရိုက်ကျေးရွာသို့ သောက်သုံးရေ ဂါလန်တစ်သောင်းခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ထိန်ကန်အုပ်စု ဝရကုန်းကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဋ္ဌေးဝင်း၊ ချောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး လှနောင်နှင့် တပ်ဖွဲ့ဝင်များက မေ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ ရေများလှူဒါန်းရာတွင် ဂါလန် ၃၄၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် ရေဂါလန် ၆၈၀၀ နှင့်အတူ သောက်ရေသန့်ဘူးကြီး ၁၀၀ ကို ဝရကုန်းကျေးရွာရှိ လူဦးရေ ၄၆၀ နှင့် ဘုန်းတော်ကြီးကျောင်းအတွက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကာ ချောက်မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် အခြားရေလိုအပ်ချက်ရှိသော ကျေးရွာများသို့လည်း သောက်သုံးရေများ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ချောက်မြို့နယ် ဝရကုန်းရွာ၌ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းနေစဉ်။

ကျော်မိုး (ပြန်/ဆက်)

ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မှ ကျေးရွာအချို့တွင် ရာသီဥတုပူပြင်းမှုကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ပြီး ရေရှားပါးမှုများနှင့် ရင်ဆိုင်နေရကာ လတ်တလောတွင် သောက်သုံးရေ အလွန်ရှားပါးနေသည့် အင်းဘဲကြီး ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာငါးရွာသို့ သောက်သုံးရေများကို ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့က မေ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့သည်။ ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ ရေများ ဖြန့်ဝေပေးရာတွင် ကျေးရွာငါးရွာအတွက် ရေဂါလန် ၁၅၄၀၀ ကို လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

စိုးစိုးလှိုင် (ဝက်လက်)

မြိတ်

ယခုနှစ် နွေရာသီတွင် မြိတ်မြို့၌ သာမန်ထက် အပူချိန်ပိုမိုလွန်ကဲမှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအချို့တွင် သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရေရှားပါးနေသော ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းကြီးကျေးရွာသို့ အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးကိုကိုနှင့် တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၁၈၀၀ ကို မေ ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။ မြိတ်တောင်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ပိုင် မီးသတ် ရေသယ်ယာဉ်နှစ်စီးဖြင့် ရှမ်းချောင်းကြီးကျေးရွာ၌ ယာယီပြုလုပ်ထားသော ရေလှောင်ကန် အတွင်းသို့ ရေများ ဖြည့်ဆည်းပေးသည့်အပြင် ကျေးရွာနေပြည်သူများ၏ နေအိမ်များသို့ပါ ရေများ လိုက်လံဖြည့်ဆည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ရေနံချောင်းမြို့၌ အမေရိကန်နိုင်ငံသူဆရာမက အင်္ဂလိပ်စကားပြောသင်ကြားပေး

ရေနံချောင်း ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ညောင်လှရပ်ကွက် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ပဒ္မာဆောင်၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းကို Peace Corps Myanmar အဖွဲ့မှ အမေရိကန်နိုင်ငံသူ စေတနာ့ဝန်ထမ်းဆရာမ Ms. Madison Ann Miller က သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များ၌ နံနက် ၈ နာရီမှ ၉ နာရီအထိ ဆဋ္ဌမတန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၀ နာရီ ၁၅ မိနစ်အထိ နဝမတန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို လည်းကောင်း အင်္ဂလိပ်စာ အခြေခံအရေး၊ အဖတ်၊ အပြော၊ နားထောင်ခြင်းတို့ကို သင်တန်းသားများနှင့် အပြန်အလှန် ဆွေးနွေးပို့ချပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၂၁၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ကိုစိုးကြီး

အမေရိကန်နိုင်ငံသူ ဆရာမက အင်္ဂလိပ်စာသင်တန်းပို့ချနေစဉ်။

မကွေး၌ နေ့အပူချိန်များမြင့်တက်နေသည့်အတွက် ကျန်းမာရေးဦးစီးဌာနမှ သတိပေး

မကွေး ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး၏ နေ့အပူချိန်များမှာ ယခင်နှစ်အညွှန်းကိန်းများထက်ပိုမိုမြင့်တက်လာနေသည့်အတွက် အပူဒဏ်ခံနိုင်ရန် ပါးလွှာသောအဝတ်များ ဝတ်ဆင်ပြီး အရိပ်ကောင်းသည့်နေရာများတွင် နေထိုင်ရန်လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတိပေးပြောကြားသည်။

ယခင်နှစ်ကထက် နေ့အပူချိန်ပိုလာသည်ဟု မကွေးတိုင်းဒေသကြီးမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းက အတည်ပြုပြောဆိုခဲ့ပြီး မိုးဇလဌာနနှင့် ကျန်းမာရေးဦးစီးဌာနများက အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများ အသိပညာပေးမှုများလည်း လုပ်ဆောင်လျက်ရှိသည်။

"နေအပူရှိန်မြင့်တဲ့အတွက်တော့ ကျန်းမာရေးချို့တဲ့သူတွေ၊ ကိုယ်ခံအားကျဆင်းတဲ့သူတွေ၊ အသက်ကြီးတဲ့သူတွေနဲ့ ကလေးတွေကတော့ ပိုပြီးဂရုစိုက်နေထိုင်သင့်ပါတယ်" ဟု တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်သန်းက ပြောသည်။

ရေခဲရေရှောင်ခြင်း၊ မနက် ၁၀ နာရီကျော်လျှင် ရေချိုးမှု မပြုခြင်း၊ ချည်သားဖျင်ထည်ဝတ်၍ ရေနွေးကြမ်းသောက်ခြင်းစသည့် အညာလေ့အယူအဆများမှာ အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှာ မြန်မာနိုင်ငံ၏ အပူချိန်အမြင့်ဆုံးမြို့အဖြစ် ၂၀၁၂ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်များတွင် ၄၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ဖြင့် မှတ်တမ်းဝင်ထားပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁၉ ရက်တွင် ၄၅ ဒသမ ၈ ဒီဂရီစင်တီဂရတ်ထိ မြင့်တက်မှု ဖြစ်ပေါ်ခဲ့သည်။

အညာဒေသ၏ နှစ်စဉ်မြင့်တက်လာနေသော အပူဒဏ်ကိုကာကွယ်နိုင်ရေးအတွက် မိုးဦးကာလသစ်ပင်စိုက်ပျိုးရေးကို ယခင်နှစ်များကထက် တိုးမြှင့်လုပ်ဆောင်ရန်နှင့် စိုက်ပြီးအပင်များ ရေရှည်ရှင်သန်ရန် ဒေသတွင်းတက်ကြွလှုပ်ရှားသူများက အွန်လိုင်းအခြေပြုသည့် စုစည်းလှုပ်ရှားမှုများ စတင်နေပြီဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများအတွက် အပူရှောင်စခန်းများလည်း ပေါ်ပေါက်လာစေချင်ကြောင်း မကွေးဒေသခံများထံမှ သိရသည်။

ဇေယျတု (မကွေး)

မိုင်းပျဉ်းမြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

မိုင်းပျဉ်း ဧပြီ ၂၃

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ယမ်းဟိုင်းကျေးရွာတွင် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးဝီလျံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ယမ်းဟိုင်းကျေးရွာသူ ကျေးရွာသားများကိုယ်စား ရွာသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါကျေးရွာ ကွန်ကရစ်လမ်းသစ်သည် အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

ကသာမြို့နယ် အထက်သဖန်းဒေါင့်ကျေးရွာတွင် သစ်သားတံတား ဆောက်လုပ်ပြီးစီး

ကသာ ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရန်ရည်ရွယ်၍ တံတားများ တည်ဆောက်ပေးလျက်ရှိရာ ကျောက်ထုံးကြီးကျေးရွာအုပ်စု အထက်သဖန်းဒေါင့်ကျေးရွာတွင် သစ်သားတံတား တစ်စင်းဆောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ သစ်သားတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မြို့နယ်အတွင်း သစ်သားတံတား သုံးစင်း၊ ကွန်ကရစ်တံတား တစ်စင်းတို့မှ တစ်စင်းအပါအဝင်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် တည်ဆောက်ခဲ့ပြီး အရှည်ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ ပေ ရှိကာ သဖန်းဒေါင့်ကျေးရွာ အဝင်လမ်းမကြီးနှင့် ကျောက်ထုံးကြီး-အင်းဒရန့်လမ်းမကြီးတို့ ဆက်သွယ်ပေးထားသော တံတားဖြစ်ကြောင်း သိရသည်။

ဟန်မျိုးကျော်(ပြန်/ဆက်)

အထက်သဖန်းဒေါင့်ကျေးရွာရှိ သစ်သားတံတားကို တွေ့ရစဉ်။

ကလောမြို့နယ်၌ မူးယစ်ကင်းစင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

ကလော ဧပြီ ၂၃

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ်တွင် မူးယစ်ကင်းစင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က မြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးရောင်းဝယ်သူ၊ မူးယစ်ဆေးဝါးသုံးစွဲသူ၊ မူးယစ်ဆေးဝါးစိုက်ပျိုးသူများ လျော့နည်းပပျောက်စေရန်နှင့် မူးယစ်ကင်းစင်ရေးမြို့နယ်ဖြစ်လာစေရေးနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက မြို့နယ်မူးယစ်ကင်းစင်ရေးကော်မတီဖွဲ့စည်းထားရှိမှုနှင့် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်မာလွင်က မူးယစ်ဆေးဝါးဥပဒေနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်တို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဟသ်ာတမြို့နယ်ရှိ ကျေးရွာ သုံးရွာ၌ အမြင့်တင်ရေစင်နှင့် စက်ရေတွင်းတူးဖော်

ဟသ်ာတ ဧပြီ ၂၃

ဟသ်ာတမြို့နယ်၌ နွေရာသီရေပြတ်လပ်မှု မရှိစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ကျေးရွာသုံးရွာတွင် စက်ရေတွင်း ရေလှောင်ကန်နှင့် အမြင့်တင်ရေစက်ရုံတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် တူးဖော်ပေးနေကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေး

ရေရရှိရေးဆောင်ရွက်နေသည့် စမ်းအိုင်၊ ဘိန်းစားကုန်း၊ ချင်းကွင်းကျေးရွာတို့တွင် တွင်းအကျယ် ၄ လက်မ၊ အနက်ပေ ၄၀၀ တွင်းနက်အမျိုးအစားတူးဖော်နေခြင်းနှင့် ရေစက်ရုံနှင့် ရေလှောင်ကန်တို့ကို တင်ဒါရကုမ္ပဏီများက တူးဖော်ဆောက်လုပ်နေခြင်းဖြစ်ပြီး ဧပြီ ၂၃ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများအရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ခံဝန်ထမ်းများကို ညွှန်ကြားသည်။

အဆိုပါကျေးရွာများတွင် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံးပြီးစီးသွားပါက ကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၁၇၈ စုမှ လူဦးရေ ၈၀၀ ကျော်တို့ သောက်ရေ၊ သုံးရေများ အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

တွန်းဇံမြို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

တွန်းဇံ ဧပြီ ၂၃

ချင်းပြည်နယ် တွန်းဇံမြို့၌ စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့တွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တွင် ဟောက်ကျင့်ခုပ်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၂၆၄၀ အတွက် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၁၀ ဒသမ ၈၈၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဟောက်ကျင့်ခုပ်လမ်းသည် ပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေးအတွက် အလွန်အရေးပါသော လမ်းဖြစ်ပြီး မူလတန်းလွန်ကျောင်း(ခေါလိုင်)၊ အခြေခံပညာ အထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံအထိ အလွယ်တကူသွားလာနိုင်သော လမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တွန်းဇံမြို့၌ ကွန်ကရစ်လမ်းခင်းနေမှုကို တွေ့ရစဉ်။

သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီး ကျင်းပမည်

ရန်ကုန် မေ ၂၃

ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ်လူငယ်များ စာရိတ္တမြင့်မား၍ မြန်မာ့ယဉ်ကျေးမှုနှင့် မြတ်ဗုဒ္ဓသာသနာတော်ဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အဋ္ဌမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲကြီးကို မေ ၂၄ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲကြီးအတွက် ဆုကြေးများအဖြစ် အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ်ကိုးသိန်း၊ တတိယဆု ကျပ်ရှစ်သိန်း၊ စတုတ္ထဆု ကျပ်ခုနစ်သိန်း၊ ပဉ္စမဆု ကျပ်ခြောက်သိန်း၊ ပြိုင်ပွဲဝင်ဆု ကျပ်တစ်သိန်းစီ ၂၆ ဆုနှင့် နှစ်သိမ့်ဆု ကျပ်ငါးသောင်းစီ ၂၄ ဆု ချီးမြှင့်မည်ဖြစ်ကာ အခြေပြု (မူလတန်းအဆင့်)ပြိုင်ပွဲတွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်း၊ စတုတ္ထဆု ကျပ်နှစ်သိန်းနှင့် ပဉ္စမဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲကြီးကို ၂၀၁၂ မေလက စတင်ကျင်းပခဲ့ပြီး ၂၀၁၄ အောက်တိုဘာတွင် သုတစုံလင်ဗုဒ္ဓဝင် အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယခုနှစ် အဋ္ဌမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲကြီးအတွက် ရေးဖြေစာမေးပွဲများကို တစ်နိုင်ငံလုံးရှိ စာဖြေဌာန ၁၄ ခုတွင် မေ ၁၀ ရက်က စစ်ဆေးခဲ့ရာ ကျောင်းသားကျောင်းသူပေါင်း ၆၅၀၀ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

အေကေလင်း

ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ပညာပေးဟောပြော

နေပြည်တော် မေ ၂၃

နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အရှိအမျိုးသမီးအဖွဲ့အစည်းတို့ ပူးပေါင်း၍ ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၃ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက်ရှိ လောကပါလဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က အမှာစကားပြောကြားပြီး အရှိအမျိုးသမီးအဖွဲ့အစည်း ဥက္ကဋ္ဌ ဒေါ်မိုင်သန့်စီဦးက လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများကို အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အကြမ်းဖက်မှုများ မဖြစ်ပေါ်စေရန်နှင့် အကြမ်းဖက်မှုဆိုင်ရာဥပဒေများကို ပြည်သူများ သိရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အကြမ်းဖက်မှုဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောစဉ်။

ကျိုင်းတုံ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးစစ်ဆေး

ကျိုင်းတုံ မေ ၂၃

ကျိုင်းတုံမြို့မှ ပြည်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နားလည်သဘောပေါက်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အသိပညာပေးခြင်း၊ ဆိုင်ကယ်များတွင် ရောင်ပြန်စတေကာများ ကပ်ပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို အမှတ်(၁၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များက မေ ၂၁ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ထို့အတူ ကျိုင်းတုံမြို့မဈေးပတ်လည်တွင်လည်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မတော်တဆမှုများ ဖြစ်လေ့ဖြစ်ထရှိသည့် အကြောင်းအရာများ၊ ခရီးသည်တင်ယာဉ်များတွင် အရေးပေါ်ထွက်ပေါက် အသုံးပြုပုံများ၊ မီးသတ်ဆေးဘူးနှင့် မှန်ခွဲရန် တူအသုံးပြုနည်းများ၊ သတ်မှတ် လမ်းညွှန်အမှတ်အသားများအကြောင်း စသည်တို့ကို အမှတ်(၁၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အဖွဲ့အစည်းများ ပူးပေါင်း၍ အသိပညာပေး စစ်ဆေးခဲ့သည်။ **ကိုကိုရှုပ**

ယာဉ်စည်းကမ်း စစ်ဆေးပညာပေးမှုများ ဆောင်ရွက်နေစဉ်။

ပြည်မြို့တွင် အပူဒဏ်သတိပြုရေး ခရိုင်မီးသတ်ဦးစီးဌာနက လိုက်လံသတိပေးနှိုးဆော်နေ

ပြည် မေ ၂၃

ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ အပူချိန်များ မြင့်တက်လျက်ရှိရာ ပြည်မြို့တွင်လည်း ပူပြင်းခြောက်သွေ့ပြီး ၄၂ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်များ မြင့်မားနေ၍ အပူဒဏ်ကြောင့် ဘေးအန္တရာယ်များ မကျရောက်စေရေးအတွက် အထူးဂရုပြုရမည့်အချက်များကို ပြည်သူများ သိရှိဆင်ခြင်နိုင်ရန် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၂ ရက်မှ စ၍ မြို့ပေါ်ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် လိုက်လံအသိပညာပေး သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

သတိပေးနှိုးဆော်ချက်များတွင် အပူချိန်မြင့်မားသည့် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအတွင်း လှုပ်ရှားသွားလာရာ၌ အပူဒဏ်ကာကွယ်နိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပြီး အပူဒဏ်ကာကွယ်သည့် အဝတ်အစားများကို ဝတ်ဆင်ကြရန်၊ အပူဒဏ်ကာကွယ်နိုင်သည့် အမိုး၊ အကာနှင့် အဆောက်အအုံအတွင်း နေထိုင်ကြရန်၊ နေ့လယ် ၁၂ နာရီကျော်လျှင် မြစ်ဆိပ်၊ ရေဆိပ်၊ ရေကန်များနှင့် ရေတွင်းများတွင် ရေမချိုးရန်၊ နေအိမ်အတွင်း ရေစိုဝတ်များပတ်၍ အိပ်စက်ခြင်းမပြုရန် စသည့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ပါဝင်သည်။

ထို့အပြင် မီးဘေးသတိပေးချက်များအနေဖြင့် မီးလန့်မှု၊ မီးလောင်မှုများ လုံးဝမဖြစ်ပွားစေရေးအတွက် မီးသုံးစွဲရာတွင် အထူးဂရုစိုက်ကြရန်၊ ကုန်ပစ္စည်းအမျိုးမျိုးနှင့် ဓာတုဗေဒပစ္စည်းများ သိုလှောင်သည့် နေအိမ်နှင့် ဂိုဒေါင်များတွင် လေဝင်လေထွက်စနစ်များ ကောင်းမွန်စွာဖြင့် စနစ်တကျသိုလှောင်ကြရန်၊ အမှိုက်များမီးရှို့ခြင်းနှင့် တောင်ယာစိုက်ခင်းများမီးရှို့ခြင်း လုံးဝ မပြုလုပ်ကြရန်၊ ကား၊ ဆိုင်ကယ်၊ မီးရထား၊ ရေယာဉ် စသည့် ယာဉ်အမျိုးမျိုးမှ မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးကိုလည်း အထူးဂရုပြုကြရန် စသည်တို့ ပါဝင်သည်။

အပူဒဏ်အန္တရာယ်သတိပြုရေး မီးသတ်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်နေစဉ်။

ရာသီဥတု အလွန်ပူပြင်းနေခြင်းကြောင့် ရောဂါဖြစ်ပွားခြင်းနှင့် လေပွေတိုက်ခတ်ခြင်း စသည့် သဘာဝဘေး အန္တရာယ်များအတွက်လည်း မိဘပြည်သူများအနေဖြင့် အထူးအလေးထားဆောင်ရွက်ကြရန် ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များက လိုက်လံအသိပညာပေး နှိုးဆော်ထားသည်။

ပြည်မြို့၏ အမြင့်ဆုံး စံချိန်တင်အပူချိန်သည် ၂၀၁၀ ခုနှစ် မေလက ၄၄ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့သည်။ ယခုနှစ် ဧပြီလ နောက်ဆုံးပတ်ထဲတွင် အပူချိန်သည် ၄၂ ဒီဂရီ စင်တီဂရိတ်အထိ ရောက်ရှိနေပြီး လက်ရှိအနေအထားအရ ဧပြီလကုန်ပိုင်းမှ မေလထဲအထိ အပူချိန်များ ဆက်လက်မြင့်တက်မည့် အလားအလာရှိနေ၍ ပြည်မြို့၏ အပူဆုံးစံချိန်အထိ ရောက်ရှိနိုင်သည်ဟု ပြည်မြို့နယ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

မျိုးကျော်ကြီး (ပြန်/ဆက်)

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြှင့်သင်တန်းများ ကျောက်ဖြူ၌ ဖွင့်လှစ်

ကျောက်ဖြူ မေ ၂၃

ရေကြောင်းလူငယ် အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၉)နှင့် ရေကြောင်းလူငယ် တန်းမြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၉) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက်က ကျောက်ဖြူမြို့နယ်ရှိ ဓညဝတီရေတပ်ဌာနချုပ်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ဓညဝတီရေတပ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်နှင့်ရဲမေများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ဓညဝတီရေတပ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးအေးမင်းထွေးက အဖွင့်မိန့်ခွန်းပြောကြားသည်။ နိုင်ငံတကာတွင် ပင်လယ်ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်စည်ထုတ်လုပ်ပို့ဆောင်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပေါ် လွှမ်းမိုးကြီးစိုးနေဆဲဖြစ်ကြောင်း၊ ရေကြောင်း ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ကာကွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အဓိကကျသဖြင့် ရေကြောင်းပညာရပ်များကို စိတ်ပါဝင်စားသော လူငယ်လူရွယ်များအတွက် ယခုလိုသင်တန်းများကို နိုင်ငံတော်က နှစ်စဉ်ပို့ချပေးလျက်ရှိကြောင်း၊ ရေကြောင်းပညာဆိုင်ရာ အခြေခံပညာများကို လူငယ်လူရွယ်များ စိတ်ပါဝင်စားလာရန်၊ ကျွမ်းကျင်တတ်မြောက်စေရန်၊ စိတ်ဓာတ် စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုရှိစေရန်၊ နွေရာသီ ကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိအောင် အသုံးချတတ်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဓညဝတီရေတပ်ဌာနချုပ်မှူးက ပြောကြားသည်။

ထို့နောက် တက်ရောက်သော ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများက ရေတပ်စခန်းဌာနချုပ်ရှိ ပြခန်းကို လေ့လာကြည့်ရှုခဲ့ကြသည်။

သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ စိတ်ပါဝင်စားသူ ကျောင်းသား ၂၇ ဦး၊ ကျောင်းသူ ၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလအနေဖြင့် ရက်သတ္တပတ်သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ရေတပ်စခန်းဌာနချုပ် ပြခန်းတွင် ကြည့်ရှုနေသော သင်တန်းသားများကို တွေ့ရစဉ်။

ပဲခူးမြို့၌ ကရင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပဲခူး မေ ၂၃

ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အမှာစကားပြောကြားပြီး ကရင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KWEG)မှ ဒါရိုက်တာ နော်သက်သက်ထွန်းက KWEG ပေါ်ပေါက်လာပုံသမိုင်းကြောင်း၊ လုပ်ငန်းဆောင်ရွက်ပေးမှုများ၊ လုပ်ငန်းစဉ်များနှင့် နေ့စဉ် ငွေစုပုံငွေစုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ပတ်သက်သည့် ပညာဖြန့်ဝေပေးရေးအဖွဲ့မှ ဆရာမကြီး ဒေါ်ဂျဲနီက စီးပွားရေးလုပ်ငန်းစတင်ခြင်းနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် ကရင်တိုင်းရင်းသားတိုင်းရင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ကရင်အမျိုးသမီးများနှင့် ကလေးများ အသိပညာဖွံ့ဖြိုးရေးနှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများအတွက် ကိုယ့်အားကိုယ်ကိုး ငွေစုငွေချေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ အိမ်ရှင်မများ အမြင်ပွင့်လင်းလာပြီး လုပ်ငန်းအခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး ရည်ရွယ်ချက်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။ **ဟိန်းထက် (ပဲခူး)**

မြစိမ်းရောင်ကျေးရွာစီမံကိန်း အသားတင်အတိုးရငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်

သီပေါ မေ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ကျင်သီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသားတင်အတိုးရငွေကျပ် ၂၁၂၉ သိန်းကျော်ရှိသည့်အနက် ငွေကျပ် ၇၅ သိန်းကို အသုံးပြု၍ ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ကျေးရွာဘက်စုံသုံးခန်းမ အဆောက်အအုံကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခန်းမအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်း၊ သီပေါမြို့နယ်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများက မေ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းကို ကျင်သီကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က သီပေါမြို့နယ်၏ ရှေ့ပြေးစီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၂ /၂၀၁၉
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီ လ ၂၃ ရက်)

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅၀၀၀ - ၄၀၀၀ -၂၉၅၀၀၀) အဆင့် အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
လက်ထောက်ဆရာဝန်	၉၆၇ နေရာ	M.B.,B.S.(ဆေးပညာဘွဲ့)

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၁၇-၅-၂၀၁၉ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဃ) **လျှောက်လွှာပိတ်ရက်တွင် M.B.,B.S.(ဆေးပညာဘွဲ့)နှင့် လက်ရှိတရားဝင် ဆရာဝန်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည် ဖြစ်ပြီးမိတ္တူများကိုလျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည်။**

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ရန်ကုန်ရုံးခွဲအမှတ်(၆၅)အဝေရာလမ်း၊မေတ္တာညွန့်ရပ်ကွက်၊တာမွေမြို့နယ်(သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူနိုင်ပြီး ၁၇-၅-၂၀၁၉ ရက်နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့်**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့** ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာတွင်ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ကျပ်၅၀၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ နှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၁၄-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃၉၉ /ရွေးချယ်ရေး (အမိက)၂၀၁၇ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန်လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကိုလက်ခံမည် မဟုတ်ပါ။**

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ ၁၅ ကိုကျင့်သုံးလျက် ရေးဖြေစာမေးပွဲစစ်ဆေးခြင်းမပြုဘဲ စိတ်အခြေအနေစစ်ဆေးခြင်းကို ၁၆ - ၆ -၂၀၁၉ ရက်နေ့တွင် လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းကို ၁၇- ၆ -၂၀၁၉ရက်နေ့တွင်လည်းကောင်း စတင်မည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်များကို တစ်ဦးချင်းစီသို့ စာဖြင့် အကြောင်းကြားပေးပို့မည်ဖြစ်ပါသည်။ နေ့ရက်အလိုက် လူတွေ့စစ်ဆေးခြင်းခံယူမည့်သူများ၏ ခုံအမှတ်၊ အမည်စာရင်းတို့ကို အဖွဲ့၏ Website ၊Facebook နှင့် **Myanmar National Portal** တို့တွင် ၃ - ၆ -၂၀၁၉ ရက်နေ့မှ စတင်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂ နှင့် ၀၆၇-၃၄၀၉၄၃၀)သို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၈။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏**Website များဖြစ်သော ucsb.imis.com.mm၊ www. ucsb.gov.mm ၊ Facebook Page ဖြစ်သော Union Civil Service Board Myanmar နှင့် Myanmar National Portal ဖြစ်သော https:// www.Myanmar.gov.mmတို့တွင်** လည်းဖော်ပြထားပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ Optical Ground Wire OPGW Line Maintenance ပစ္စည်းများအား (မြန်မာကျပ်ငွေ) DDP(Yangon)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါအား (၁၄-၅-၂၀၁၉)ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါကြေညာချက်

ပဲခူးတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများနှင့် စာရေးကိရိယာ အရောင်းဆိုင်အား ၂၀၁၉ ခုနှစ် မေလမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ကာလ(၁၇)လအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်း ပုံစံများကို တစ်စုံလျှင် (၂၀၀၀ ကျပ်တိတိ)ဖြင့် ငွေစာရင်းဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် အင်ဂျင်နီယာဌာနတွင် လျှောက်လွှာပုံစံရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၅-၂၀၁၉ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ လျှောက်ထားသူ လူကိုယ်တိုင် တစ်ပါတည်းတင်သွင်းရမည်။
၂။ **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၆-၅-၂၀၁၉ရက် ညနေ ၄နာရီ
အသေးစိတ်အချက်အလက်များကို ပဲခူးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၀၉-၇၉၇၆၉၉၀၂၇၊ ၀၉-၆၉၂၄၂၀၅၅၀ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပဲခူးတက္ကသိုလ်

အကျိုးတူပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်များဖိတ်ခေါ်ခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အတွင်းရှိ ကျွန်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် ပျဉ်းမမြိုင်ဈေး မြေကွက်(၂ဒသမ ၀၂)ဧကတွင် အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ လျှောက်လွှာကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **လျှောက်လွှာရယူရမည့်နေရာ** - တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့
(ခ) **လျှောက်လွှာစတင်ရယူရမည့်ရက်** - ၂၄-၄-၂၀၁၉ ရက်
(ဂ) **လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၄-၅-၂၀၁၉ ရက် ညနေ ၄ နာရီ
၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၁၅၂၊ ၀၇၁-၂၂၂၄၈၊ ၀၇၁-၂၂၈၈၆၊ ကျွန်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၇၅-၉၅၀၁၅ တို့အား ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

၂၆-၂-၂၀၁၉ ရက်ထုတ်
ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင်
တင်ဒါကြော်ငြာခေါ်ယူခြင်းနှင့် ပတ်သက်၍
အများသိစေရန်ကြေညာခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံအဟောင်း ပြင်ဆင်/မွမ်းမံခြင်းလုပ်ငန်းတွင် ထည့်သွင်းဆောင်ရွက်မည့် ရုပ်/သံနှင့် ဆက်စပ်လုပ်ငန်းများနှင့် စာကြည့်တိုက် လုပ်ငန်းသုံးပစ္စည်းများကို Lot(5)ခုခွဲ၍ ဝယ်ယူရန်အတွက် ၂၆-၂-၂၀၁၉ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် တင်ဒါကြော်ငြာခေါ်ယူခြင်းနှင့်ပတ်သက်၍ Lot No(1) Audio အသံစနစ်နှင့် ဆက်စပ်လုပ်ငန်းများအတွက် ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် Lantro (Myanmar)Co.,Ltd အား တင်ဒါတန်ဖိုးကျပ်(၆၅)သန်းဖြင့် ရွေးချယ်ခဲ့ပြီးဖြစ်ပါသဖြင့် Lot No(1) Audio အသံစနစ်နှင့် ဆက်စပ်လုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှာ Lantro (Myanmar)Co.,Ltd ဖြစ်ပါကြောင်းနှင့် Specification ကိုက်ညီမှုမရှိခြင်းနှင့် ကြမ်းခင်းဈေးသတ်မှတ်ချက်ကို ပြည့်မီခြင်းမရှိခဲ့သော Lot(2) (3) (4) (5) တို့အား တင်ဒါထပ်မံခေါ်ယူသွားမည်ဖြစ်ပါကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်း၍ အသိပေးကြေညာအပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းအမှတ် (၀၁-၆၆၃၉၀၂)၊ (၀၆၇-၃၄၀၈၃၈၄) နှင့် (၀၆၇-၃၄၀၈၄၅၉) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ဆရာအတတ်သင်မွမ်းမံသင်တန်း
လီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှု

လီဆူစာပေဆရာ အတတ်သင်မွမ်းမံသင်တန်းကို ၃-၅-၂၀၁၉ရက်မှ ၁၇-၅-၂၀၁၉ ရက်ထိ တောင်ကြီးမြို့၊ အေးသာယာ လီဆူခန်းမဆောင်တွင် နေထိုင်စားသောက် တည်းခိုရေးမှအစ စားစရိတ်ငြိမ်း တာဝန်ယူစီစဉ်ပေးမည်ဖြစ်ပါ၍ ခုနစ်တန်းအောင်မှ ဘွဲ့ရအဆင့်ထိ လီဆူလူငယ်ပညာရှင်များအား တက်ရောက်ပေးပါရန် နှိုးဆော်အပ်ပါသည်။ ၂-၅-၂၀၁၉ရက်အရောက် လာပေးပါရန်။

ဆက်သွယ်ရန်ဖုန်း- ဦးစိုးနိုင် ဖုန်း-၀၉-၉၅၁၁၁၈၃၈၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၈၁၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ပန်းစိန်၊ ဦးဝင်းလှိုင်၊ ဒေါ်ပင်းရီ၊ (ဘ)ဦးဖိုးဟန်၊ ကိုလေး၊ သန်းမောင်၊ ၉/လဝန(နိုင်)၀၂၀၃၇၄၊ ၉/လဝန(နိုင်)၁၇၃၇၈၃ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သန်းသန်းမြင့် (ဘ) ဦးကြည်အောင် ၁၂/ကခက(နိုင်)၀၀၆၆၇၃ မှ မြေပေးမိန့်ပါမစ်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ မောင်ကောင်းရှင်းသန့်၏ဖခင် ဦးမိုးနိုင် ၁၂/မဂတ(နိုင်)၀၃၈၅၄၄ နှင့် ဦးကျော်ခေါင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ "မြတ်ရတနာအိမ်ရာစီမံကိန်း"မှ မြေကွက်အမှတ် (၁၂၀)၊ အကျယ်အဝန်း (၄၀'×၆၈') အား မူလအမည်ပေါက်ဒေါ်တင်တင်အုန်း ၁၂/ဒဂန(နိုင်)၀၀၆၇၂၅ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဒေါ်အိအိသိန်း ၁၂/သလန(နိုင်)၀၇၈၄၂၄က နောက်ဆုံးဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်အိအိသိန်းမှ ၎င်း၏အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း မူရင်းအထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါဌာနခွဲသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် ဝဏ္ဏကျော် (ဘ) ဦးအောင်မြင့်ထွန်း ၉/ပမန(နိုင်) ၂၇၄၉၈၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၂၆၀၈၇၅

ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းကို (ဘ)ဦးချစ်ဆိုင် ၉/လဝန(နိုင်)၁၉၆၉၄၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၅၇၂၇၃

ပျောက်ဆုံးကြောင်း

ကျွန်တော် စိုးမင်းထိုက် (ဘ) ဦးဝမ်းမောင် ၉/တကန(နိုင်)၁၅၁၃၁၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၄၂၄၈၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် တင်ထွန်းနိုင် (ဘ) ဦးသာပို ၉/တကန(နိုင်)၂၃၀၉၉၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၀၆၇၉၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/5952 Toyota Hilux Revo KUN 125L ယာဉ်လက်ဝယ်ရှိသူ SKMM International Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ အောက်ချိုင်းရပ်ကွက်၊ ဒေါ်စုစုလှိုင်ပိုင်ဆိုင်သော အကွက်အမှတ်(၁၅)၊ (၂၀)၊ (၃၃)၏ စုစုပေါင်းဧရိယာ ပေ ၁၂၀×ပေ ၆၀ အကျယ်ရှိ အိမ်ပိုင်းမြေ၏ အရှေ့မြောက်ထောင့်အရပ်ရှိ မြေကွက်အမှတ်(၁၅)၏ အစိတ်အပိုင်း ဧရိယာပေ(၄၀×ပေ၃၀)မြေပေါ်တွင် လူနေအိမ် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စုစုလှိုင် ၉/ကဆန(နိုင်)၁၁၅၇၅၆
ဖုန်း-၀၉-၄၄၄၀၁၉၅၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးလှထွန်း ၁၂/သကတ(နိုင်)၀၉၆၉၄၆ ပိုင်ဆိုင်သော အမှတ် ၇၆၁၊ ဝေဇယန္တာ ၁၈လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်ရှိ (အလျား၁၀ပေ× အနံ ပေ၆၀) အကျယ်အဝန်းရှိ အိမ်ခြံမြေအပါအဝင် ဆောက်လုပ်ထားသော နှစ်ထပ်၊ သွပ်မိုး၊ ပျဉ်ထောင်အိမ်အား အရှုပ်အရှင်းကင်းရှင်းပါက ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း ၁၂/သကတ(နိုင်)၀၂၈၄၄၆မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသည်။ သို့ပါ၍ ယင်းအိမ်ခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမင်းထွဋ် (တရားလွှတ်တော်ရှေ့နေ)
LL.B, Diploma in Business Law
အမှတ် ၁၄၈၂၊ မြင်တော်သာလမ်း၊ ၁/ရပ်ကွက်၊ သာကေတမြို့နယ်၊
ဖုန်း-၀၉-၇၉၉၆၁၁၃၀၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ် (ဥ-၁၇၆၉)၊ ဦးရှောက်ဆန်း ၉/မရမ(နိုင်)၀၉၂၁၄၂ (ဘ)ဦးဇော်ရှောက်ပေါက် အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်မာလာခိုင် ၅/ထခန(နိုင်)၀၀၀၉၅၈ (ဘ)ဦးကောက်ရမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ် (ဥ-၁၇၇၁)၊ ဦးဇော်မင်းဦး ၉/ပဗသ(နိုင်)၀၀၀၁၅၀ (ဘ)ဦးထွန်းနိုင် အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မာလာခိုင် ၅/ထခန(နိုင်)၀၀၀၉၅၈ (ဘ) ဦးကောက်ရမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ပေ(၆၀×၆၀)၊ မြေကွက်အမှတ်(ဒ-၄၇၆၄)၊ ဦးဝင်းမောင် (ဘ)ဦးလှဒင် ၉/လဝန(နိုင်)၀၀၇၁၇၇ အမည်ပေါက် ပါမစ်မြေအား အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ခင်ခင်သန်း (ဘ) ဦးတန်ဆိုင် (ခ)ခင်မောင် ၉/မရမ(နိုင်)၀၅၃၅၆၇မှ အရောင်းအဝယ်ကတိစာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခင်ခင်သန်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (A-365)၊ ဧရိယာ ၀ဒသမ၂၄၁ဧကရှိ ဗိုလ်မှူးကြီးကျော်ကျော်ဦး (ဘ) ဦးတင်မောင် ၁၀/သထန(နိုင်)၀၁၉၀၀၂ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးအေးကိုကို (ဘ) ဦးအုန်းကျော် ၉/သစန(နိုင်)၀၀၉၂၅၁ ဒေါ်ခင်စန္ဒာအောင် (ဘ)ဦးအောင်ကျော်စိုး ၉/သစန(နိုင်)၀၁၀၄၅၄ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၇၄၄/ခ၊ မြေကွက်တည်နေရာအမှတ်(၇၄၄/ခ)၊ စစ်ကိုင်း(၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသိန်းညွန့် ၁၂/ဥကတ(နိုင်)၀၇၉၃၈၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းညွန့်(ဖခင်)ကွယ်လွန်ပြီး ဒေါ်ထွေး(မိခင်)ပါ ကွယ်လွန်သဖြင့် ဒေါ်တင်တင်လှ ၁၂/ဥကတ(နိုင်)၁၆၉၉၇၀မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ ၂/၁၀၉၁/၁၅-၂-၂၀၁၉ သေစာရင်းနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ်ပျဉ်ထောင်အဆောက်အအုံရှိပြီး ဒေါ်တင်တင်လှမိသားစုနေထိုင်၍ အောက်ထပ်တွင် ကိုယ်ပိုင်လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရေးမြို့နယ်၊ မော့ကနင်ရွာ၊ ရပ်ကွက်(၃)နေ ဦးဝင်းလှိုင် ၁၀/ရမန (နိုင်)၁၅၃၆၂၉နှင့် ဒေါ်လှရီ ၁၀/ရမန(နိုင်)၁၄၉၉၆၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဦးဝင်းလှိုင်နှင့် ဒေါ်လှရီတို့၏သမီး မအေးမြင့်စံ(ခ)မဘုတ်သည် မိဘများ၏ ပြောဆိုဆုံးမစကားများကို နားထောင်ခြင်းမရှိဘဲ မိမိသဘောအတိုင်း လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောဆိုခြင်း၊ မိဘတို့အား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ခြင်းတို့ကြောင့် မအေးမြင့်စံ(ခ)မဘုတ်အား ယနေ့မှစ၍ အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘများအား ပြဿနာတစ်စုံတစ်ရာပြုလုပ်ပါက မိဘဖြစ်သူတို့မှ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကိုလည်း မအေးမြင့်စံ(ခ)မဘုတ်အား သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခွန်ကျော်ကျော်မိုး
အထက်တန်းရှေ့နေ(စဉ်-၄၆၄၁၀)
ဆိုင်ခန်းအမှတ်(၃)၊ ဆေးရုံကြီးလမ်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့
ဖုန်း-၀၉-၇၉၈၇၈၅၃၄၆၊ ၀၉-၆၉၈၁၈၈၂၇၉

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်တီ(ခ)အန်ကင်တီ (ခြသေ့်မင်းဆီစက်)
အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၇၂နေ (ဦးပေါက် စီ)၏ဇနီး၊ ဒေါက်တာဦးလှမွန်(ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး-ငြိမ်း)-ဒေါက်တာတင်တင်မြင့်၊ ဦးစိုးသက်(အင်/ရာမှူးကြီး-ငြိမ်း)၊(ပဆင) ဒေါက်တာဒေါ်လှလှမြင့်၊ ဦးဇော်အောင်-ဒေါ်သန်းသန်းအေး၊ ဦးခင်အောင်(ဘူမိ ၇၄-D.A.G)-ဒေါက်တာတင်တင်ရီ(O.G/T.W)၊(ဦးမြင့်အောင်)-ဒေါ်အေးအေးမူ(အထက-၂၊လသာ)၊ ဦးမျိုးအောင်၊ ဦးနိုင်အောင်-ဒေါ်နီနီဝင်းတို့၏မိခင်၊ ဒေါက်တာစိမ့်ဝင့်ရည်(USA)၊ ဒေါက်တာကျော်စိုးမွန်(USA)၊ ဒေါက်တာအေမီမွန်(USA)၊ စိုးလှဲ့ရည်(USA)၊ ကေသီစိုး(USA)၊ ကျော်ထွန်းအောင်၊ သန်းထွန်းအောင်၊ ဒေါက်တာ-Richard Huang (USA), Huang Hao Ting ၊ အေးနန္ဒာအောင်၊ နှင်းအိမ်ဝန်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၉ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချယ်ရတီဖိုးလှ(ခ)ဒေါ်မြစိန် အသက်(၇၇)နှစ်
စိန်မေရီဒိုင်အိုစီဇင်ကျောင်းဆရာမဟောင်း
စိန့်ဂျွန်းကွန်ဗင့်ကျောင်းဆရာမဟောင်း
ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC)
အထက်တန်းပြဆရာမ(ငြိမ်း)

(ဘုန်းတော်ကြီးဦးဖိုးလှ-ရေချယ်ဒေါ်ပု)တို့၏သမီး၊ ဦးပီတာထွေးလှိုင်၏ချစ်လှစွာသောဇနီး၊ ဦးကျော်သူရလှိုင်-ဒေါ်နော်ဥမ္မာကျော်၊ (ကျော်နန္ဒလှိုင်)၊ ဦးကျော်သီဟလှိုင်-ဒေါ်စောသန္တာအေးတို့၏ ချစ်လှစွာသောမိခင်၊ နော်ဖူးယမုံလှိုင်၊ Olivia စံရတီလှိုင်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၇း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၁၉ ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရှင်မိက္ခလဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မြေသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးဘလယ် (မုံရွာ)
အသက်(၁၀၀)

အင်ဂျင်နီယာချုပ် (ရေ/သန့်)(ငြိမ်း) ဒေါ်ခင်မြရီ၏ ချစ်လှစွာသောဖခင် ဦးဘလယ်သည် ၂၃-၄-၂၀၁၉ရက်တွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆောက်လုပ်ရေးရေ/သန့်အင်ဂျင်နီယာများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးစိန်သာအောင် (သံတွဲ)
အသက်(၈၉)နှစ်

ဒေါက်တာ ဒေါ်ခင်ခင်နှင်း(ကလေးအထူးကုဆရာဝန်ကြီး)၏ ဖခင် ဦးစိန်သာအောင်သည် ၂၁-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းမိသားစု
ဝိတိုရိယဆေးရုံကြီး

အထူးကြေကွဲဝမ်းနည်းခြင်း
ဒေါ်ကျင်ကြည် (ဓနီးကုန်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွှန့် ၃လမ်း၊ အမှတ် ၁၀ (ပထမထပ်)နေ တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးသန်းဝင်း(ခွဲစိတ်ကုပညာဌာန/ဆေးတက္ကသိုလ်-၂)နှင့် ဒေါက်တာ ဒေါ်သင်းသင်းခိုင်တို့၏ မိခင်သည် ၁၈-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာ ဆရာမများ
ခွဲစိတ်ကုပညာဌာန/ဆေးတက္ကသိုလ်(၂)ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလှ
အသက် (၇၂) နှစ်

Proven International Co.,Ltd. မှ အမှုဆောင်ဒါရိုက်တာ ဦးမျိုးမင်းထွန်း + ဒေါ်မီမီစံအောင် ၏ ဖခင် ဦးထွန်းလှ အသက် (၇၂) နှစ်သည် ၂၀ - ၄ - ၂၀၁၉ ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့ နှင့် ဝန်ထမ်းများ
Proven Group Of Companies

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှမောင် ၂/လကန (နိုင်)၀၈၇၇၃၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၂၅၀၂၆၁၇၂၂

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးဝင်းကို ၂/လကန (နိုင်)၀၇၃၉၄၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၂၅၀၂၆၁၇၂၂

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(ဇလဲ)၊ န၀မတန်း(ခ)အောင်မှ နန်းကျန်ခမ်း၏ ဖခင်အမည်မှန်မှာ ခွန်ကျော်စိန် ၁၃/တကန(နိုင်)၁၆၅၈၂၆ ဖြစ်ပါကြောင်း။

ခွန်ကျော်စိန်

အမည်မှန်

တောင်ကြီးမြို့၊ အလက(၁၁)၊ အဋ္ဌမတန်းအောင်မှ မနှင်းပွင့်ဖြူ၏ အမည်မှန်မှာ နန်းနှင်းပွင့်ဖြူ ဖြစ်ပါကြောင်း။

နန်းနှင်းပွင့်ဖြူ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ပေ(၆၀×၆၀) မြေကွက်အမှတ်(ဒ-၄၁၈၅) ဦးဖိုးနီ (ဘ)ဦးရွှေအောင် ၉/လဝန(နိုင်) ၁၀၇၆၁၈ အမည်ပေါက် ပါမစ်မြေအား အဆင့်ဆင့်ဝယ်ယူထားသူ ဒေါ်ခင်ခင်သန်း (ဘ)ဦးတန်ဆိုင်(ခ)ဦးခင်မောင် ၉/မရမ (နိုင်)၀၅၃၅၆၇မှ အရောင်းအဝယ်ကတိစာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်များတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ခင်ခင်သန်းအား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ် (ဉ-၁၇၇၂)၊ ဦးနိုင်ဝင်း ၉/ပမန(နိုင်)၂၀၄၈၈၃ (ဘ) ဦးမြသိန်း အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မာလာခိုင် ၅/ထခန(နိုင်)၀၀၀၉၅၈ (ဘ) ဦးကောက်ရမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၃၃၀ဧက၊ မြေကွက်အမှတ်(ဉ-၄၀၃၆)၊ ဗိုလ်ချုပ်လွန်းမောင် ၁၀/မဒန(နိုင်)၀၂၉၉၆၈ (ဘ)ဦးမိုင်ခမ်း အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ဝင်းမင်းစိုး ၉/မနမ(နိုင်)၀၃၁၁၉၀ (ဘ)ဦးစိုးမောင်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ်(ဉ-၇၅၆၅)၊ ဦးအောင်သိန်း ၉/ပမန(နိုင်)၂၁၁၂၄၉ (ဘ)ဦးမောင်စံ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အေးလှဲ့ဦး ၉/ပမန(နိုင်)၁၆၁၇၂၇ (ဘ)ဦးကျော်မြင့်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/ 1434 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/ 8962 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃/သမိုင်း၊ မြေကွက်အမှတ် ၅/က-၁B-၁ခ၊ အစိတ်အပိုင်း ၁၄၀'/၁၃၈'×၅၃'/၅၇' မြေကွက်တည်နေရာအမှတ်(၅၄)၊ ဗိုလ်ဉာဏလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊(Kဆင်ရောင်၊ Kထွန်းဖြူ) အမည်ပေါက် မြေပိုင်မြေ လ/န ၃(ခ)ပေးမြေအား အမည်ပေါက်များထဲမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်-၄၁၅/၁၉၉၄ (၂၁-၃-၁၉၉၄)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးချူချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထဲမှ အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၉၅/၂၀၁၇(၁၄-၇-၂၀၁၇)၊ ဇာရီမှုအမှတ် ၁၄၆/၂၀၁၇ (၁၉-၉-၂၀၁၇) အရောင်းအဝယ်စာချုပ်အမှတ် ၄၄၅၈/၂၀၁၉ (၂၁-၂-၂၀၁၉)တို့ဖြင့် ပိုင်ဆိုင်လာသူ ဦးမျိုးလွင် ၇/ကဝန (နိုင်)၀၉၂၂၈၄၊ ဒေါ်အေးအေးထိုက် ၁၄/မမန(နိုင်)၁၅၀၇၅၉တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ် ၄၁၅/၁၉၉၄ (၂၁-၃-၁၉၉၄)တရားရုံးဒီကရီ အရောင်းအဝယ်စာချုပ် ၄၄၅၈/၂၀၁၉ (၂၁-၂-၂၀၁၉)တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလွှာတို့ကိုတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဃ၊ မြေကွက်အမှတ်-၂၄၀၊ မြေကွက်တည်နေရာအမှတ်-၂၄၀၊ ဝေပုလ္လ(၆)လမ်း၊ (ဃ)ရပ်ကွက်၊ မနော်ထရူးဝင်း (ISN-၄၅၃၉၉၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မနော်ထရူးဝင်း (အစ်မကြီး/အပျိုကြီး)သည် ၃၀-၁၀-၂၀၀၉ရက်တွင်လည်းကောင်း၊ (ဖခင်) ဦးဝင်းသိန်း (ခ) ဦးစောဝင်းသိန်းသည် ၃-၁၂-၁၉၈၂ ရက်တွင်လည်းကောင်း၊ (မိခင်) နော်သင်းကြိုင်သည် ၁-၆-၁၉၇၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် နော်ထရူးလေဝင်း ၁၂/ဥကမ(နိုင်) ၀၃၁၉၀၃နှင့် ဦးစောပိုက်(စ်)ဝင်း ၁၄/မအန(နိုင်)၁၀၀၉၃၀တို့မှ မောင်နှမများတော်စပ်ကြောင်းနှင့် ကြိုတင်သေတမ်းစာ ရေးသားခဲ့ခြင်းမရှိကြောင်း၊ ကတိသစ္စာပြုလွှာ ၁/၁၇၅၁၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ၁-ထပ်ပျဉ်ထောင် (၁)လုံးရှိပြီး လျှောက်ထားသူ နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်သန်းရှိန်
(စာရေးဆရာမ ခင်သန့်စင်)ရေးမြို့
အသက်(၉၃)နှစ်

ရေးမြို့နေ (ဦးဖိုးစံ-ဒေါ်စိန်ဟန်)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်တင်တင်)၊ (ဦးလှထွန်း)-ဒေါ်ခင်သိန်း၊ (ဦးခင်မောင်စိုး)-ဒေါ်နုနုကြည်၊ဗိုလ်မှူးအေးသွယ်-ဒေါ်တင်တင်အေး၊ ဦးဝင်းမြင့်-ဒေါ်ခင်ထားအိ၊ ဦးကိုဆန်း-ဒေါ်တင်တင်ထွေး၊ (ဗိုလ်ကြီးတင်ထွန်းအောင်)တို့၏အစ်မ၊ ကိုသန်းကို-မဝါဝါအောင်တို့၏အဒေါ်သည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၁၂၂၉နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြ
အသက်(၉၂)နှစ်

သူငယ်ချင်းဗိုလ်မှူးကျော်မြင့်ဦး(ငြိမ်း)-ဒေါ်နန်းခင်သီတို့၏မိခင် ဒေါ်မြမြသည် ၂၁-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

O.T.S(81) သူငယ်ချင်းများနှင့်မိသားစုဝင်များ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်မြင့်
အသက်(၈၂)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ချစ်လှစွာသော မိခင် ဒေါ်ခင်မြင့်သည် ၂၁-၄-၂၀၁၉ရက် နံနက် ၁၀း၁၅ နာရီတွင် ရမည်းသင်းမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

R.I.T 85/86
EP/EC သူငယ်ချင်းများ

ဦးထိန်လင်း
ညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၆)နှစ်

နေပြည်တော် ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက်၁၁၂၊ အခန်း ၁၁ နေ (ဦးဟန်-ဒေါ်အေးသန်း)တို့၏သား၊ ဒေါ်ရီရီချို၏ချစ်လှစွာသော ခင်ပွန်း၊ မနေခြည်ချိုလင်း(ဒု-ဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ မောင်အောင်ဇမ္ဗူလင်း-မစန္ဒီကျော်ဇောလင်းတို့၏ချစ်လှစွာသော ဖခင်သည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာ၊ တာဝရေတံခါးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထိန်လင်း (ညွှန်ကြားရေးမှူး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၆)နှစ်

ဦးထိန်လင်း(ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)သည် ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
သာသနာရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထိန်လင်း (ညွှန်ကြားရေးမှူး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၆)နှစ်

ဦးထိန်လင်း(ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)သည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထိန်လင်း (ညွှန်ကြားရေးမှူး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
အသက်(၅၆)နှစ်

ဒေါ်ရီရီချို၏ခင်ပွန်း၊ ဒေါ်နေခြည်ချိုလင်း(ဒု-ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန) ၏ဖခင်သည် ၂၃-၄-၂၀၁၉ရက် နံနက် ၄း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ငါးလုပ်ငန်းဦးစီးဌာန

ဒေါ်ခင်လှိုင်
(လပွတ္တာမြို့)
အသက်(၈၈)နှစ်

လပွတ္တာမြို့နေ (ဦးဘိုးဟန်-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးမောင်အေး-ဒေါ်ပု)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ Hi-Way Complex အိမ်ရာဝင်း၊ ယုဇနလမ်း၊ တိုက်(B)၊ အခန်း(၃၀၆)နေ (ဦးထွန်းကြည်)၏ဇနီး၊ ဒေါက်တာချိုထွန်း-ဒေါ်စန်းစန်းညွန့်၊ (ဦးကျော်တင့်)-ဒေါ်စန်းစန်းကြည်၊ ဦးစိုးကြည်-ဒေါ်ခင်ဝင်းသန့်၊ ဒေါ်မိမိခိုင်၊ ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ဝင်းဝင်းမာ၊ ဦးမျိုးကြည်-ဒေါ်မေသက်လွင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြမြဝင်း
(ပဲခူး)
အသက်(၈၄)နှစ်

ပဲခူးမြို့နေ ဦးအောင်မြင့်-ဒေါ်အေးကြည်တို့၏သမီး၊ ဦးစိုးမြင့်(ခ)ဦးမင်းခန့် (အင်ယာမှူး-ငြိမ်း၊ ဆလရ)-ဒေါ်တင်တင်အေး (စာရင်းကိုင်၊ ဆလရ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၉၃၈နေ (ဦးလင်းကြည်၊ လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ ဆလရ)၏ဇနီး၊ ဗိုလ်ကြီးသန့်လွင်(ငြိမ်း)-ဒေါ်ဝတ်ရည်လင်း တို့၏မိခင်၊ မသွန်းလင်းသန့်၏အဘွားသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဆရာမဒေါ်ငွေငွေ
(အထက်တန်းပြ၊ ထ-၄၊ စမ်းချောင်း)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၉)နေ (သမာဓိမြို့ဝန် ဦးတင်ဦး-ဒေါ်သန်းမြင့်) တို့၏သမီး၊ (ဒေါ်တင်မိုးဇ-စာရေးဆရာမ မိုးငြိမ်းဇ)၊ ဦးအောင်သိန်း (စာရေးဆရာ ကောင်းသာ)-ဒေါ်တင်တင်စော တို့၏ညီမ၊ (ဒေါ်ခင်အေးဆွေ)၊ (ဒေါ်မြင့်မြင့်ဦး)၊ ဦးသန်းအောင်-ဒေါ်သီတာမြင့်၊ ဦးဝင်းနိုင်ဦး(E.E Ocear Tanker)-ဒေါ်သီတာသွင် (သစ်လုပ်ငန်း-ငြိမ်း) တို့၏အစ်မ၊ ကိုအောင်သူရ (Video Editor-my ME)၊ ကိုလင်းသူအောင် (3.E Norstar)၊ မပွင့်ဖြူခိုင်၊ မရည်မွန်ဦး (Mechatronics Engineer Sipore)တို့၏အဒေါ်၊ မသုနဒီအောင် (NELC)၏အဘွားသည်၂၃-၄-၂၀၁၉ ရက် (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ခင် (သုံးခွမြို့)
အသက်(၉၄)နှစ်

သုံးခွမြို့နေ (ဦးဘိုးဝင်း-ဒေါ်လှ)တို့၏သား၊ (ဦးလွင်-ဒေါ်ခင်မြ)တို့၏သား သမက်၊ (ဦးသန်းမောင်-ဒေါ်သန်းကျူ)တို့၏မောင်၊ ဦးကျော်အောင်-(ဒေါ်အုံး တင်)၊ (ဦးတင်အေး) ဒေါ်အုံးကြည်တို့၏အစ်ကို၊ ဒေါ်ခင်လေး၏ခင်ပွန်း၊ ဒေါ်အေးအေးနွဲ့၊ ဦးဝေလင်း-ဒေါ်အေးအေးစမ်းတို့၏ဖခင်၊ ကိုလင်းသိန်းနိုင်၊ ကိုကျော်ဇင်လင်း၊ မအေးရတနာလင်းတို့၏အဘိုးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ည ၉နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း) အထက်၊ အမှတ် ၂၇၈/၃၀၀(လေးလွှာ-3D)၊ ဇီဇဝါကွန်ဒို နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်အောင် [ဒိပ်ကုန်း(ထန်းတပင်)]
အသက်(၇၆)နှစ်

ထန်းတပင်မြို့နယ်၊ ဒိပ်ကုန်းကျေးရွာနေ (ဦးတင်ကြီး-ဒေါ်လှညွန့်)တို့၏သမီး၊ သုံးဆယ်မြို့ နေ(ဦးအောင်-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ (ဒေါ်မြဝယ်)၊ (ဦးတင်ထွန်း-ဒေါ်ခင်ဆန်း)၊ ဒေါ်နီတို့၏ညီမ၊ (ဦးအောင်မြင့်-မြန်မာ့လက်ရွေးစင်ဘောလုံးနည်းပြ)-ပြင်သစ်နိုင်ငံနေ ဒေါ်ခင်စန်းတို့၏အစ်မ၊ ဦးမောင်မောင်စန်း(A/B JSM Shipping)-ဒေါ်ဝင်းဝင်းရွှေ၊ ဦးအောင်သန်း၊ ဦးဇော် အောင်(Pacific Traimming Co,LTD New York, USA)-ဒေါ်ကြည်ကြည်မိုး(Magic Co,Ltd New York,USA)၊ Australia နိုင်ငံနေ Mr. Brettee-ဒေါ်ဝါဝါရွှေ၊ ဦးဝင်းနိုင်ရွှေ-ဒေါ်တင်တင် စန်းတို့၏မိခင်၊ ကိုသန်းထိုက်အောင်-မဇင်မီမီဟန်အောင်သန်း၊ ကိုသိန်းလင်း-မမို့မို့ဟန်အောင်သန်း၊ မဖြိုးရတနာဇော် (Bechelor of Public Relation & University of Technology Australia) (Supervisor France, Co,Ltd, New York, USA)၊ ကိုအောင်ကျော်-မသျှန်နဒီ အောင်သန်း၊ မောင်မင်းသန့်မောင်(Final Year Petroleum Engineering, University Teknologi Petronas, Malaysia)၊ မတိုးရတနာဇော်(Third Year Accounting at City University of Kingsborough New York USA)၊ မခိုင်ရတနာဇော်(First Year Borough of Manhattan Collage/City University New York USA)၊ မနီလာအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ရက်(တနင်္လာနေ့) နံနက်တွင် အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ (ခ/ဂ)လမ်း၊ အမှတ်(၂၇၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးဦးစောသာ (အလုပ်ရုံမှူး RTCငြိမ်း)
အသက်(၇၆)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ဒုက္ကံချောင်းကျေးရွာနေ(ဦးသာလှ-ဒေါ်ညို)တို့၏သား၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ နေပူခံကျေးရွာနေ (ဦးတုတ်-ဒေါ်စိန်ဖြူ)တို့၏သားသမက်၊ စစ်တွေမြို့နေ ဦးကျော်သာ(ခ)ဦးမောင်ဖြူ-ဒေါ်သိန်းကြိုင်၊ ရွှေပေါက်ကံမြို့နယ်နေ ဦးဖြူသာဦး- ဒေါ်နှင်းအေးစိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၆၇)နေ ဒေါ်ခိုင်လှစိန်၏ခင်ပွန်း၊ မသီတာစန်း၊ ဒေါက်တာကျော်မြင့်(မော်လမြိုင်ဆေးရုံအုပ်ကြီး)-ဒေါက်တာသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ တောင်ငူနည်းပညာ တက္ကသိုလ်)၊ မလှိုင်လှိုင်မြင့်၊ မောင်ထွန်းလင်းအောင်(Golden Eagle Int Co,Ltd)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးရှင်သည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် စတင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၆၇)နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဗိုလ်မှူးစိန်ဝင်း (ငြိမ်း)
ဗ·သ·က(၆၂)
အသက်(၆၇)နှစ်

ပုသိမ်မြို့၊ နှစ်ကျိပ်ရှစ်ဆူလမ်း၊ အမှတ်(၁၃)နေ ဒေါ်စန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခိုင်သဥ္ဇာထွန်း(အလပြ)၊ ဗိုလ်ကြီးပြည့်ဖြိုးကျော်(ခမရ-၅၄၅)တို့၏ဖခင်သည် ၂၂-၄-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၃း၀၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစန်းလွင် B.A(History)
ရေတပ်ပင်မဆက်သွယ်ရေးတပ်
ရဲဘော်ဟောင်း(တောင်ဥက္ကလာပမြို့နယ်၊ စစ်မှုထမ်းဟောင်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၂၂)လမ်း၊ အမှတ်(၄၉၆)နေ (ဦးလှကြွယ်)-ဒေါ်ထားရီ တို့၏သား၊ ဦးသိန်းလွင်(ဌာနစုမှူး၊ စက်မှု-၁)-ဒေါ်မြင့်မြင့်အေး၊ (ဦးကံညွန့်-ဒေါ်မြင့်မြင့်ရီ)၊ (ဦးခင်မောင်အေး)-ဒေါ်စန်းစန်းရီ၊ ဦးခင်နိုင်၊ ဒေါက်တာအေးအေးသစ်(ကထိက၊ သမိုင်းဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)တို့၏အစ်ကို၊ ကိုမျိုးမင်းခိုင်-မကြည်ပြာကျော်၊ (ကိုအောင်ကိုကိုမျိုး-မအေးသန္တာကျော်)၊ ကိုခွန်ရာဇာ(Shwe Taung Group)-မခင်ချိုအေး၊ ကိုဇေယျာစိုး-မခင်မို့မို့လွင်၊ မသီဂီလွင်(ရေအရင်းအမြစ်)၊ ဗိုလ်နေထက်လင်း(ခလရ-၇၁၊ လှိုင်ကော်)၊ မောင်အာကာမင်း(ဒု-ဦးစီးမှူး၊ စက်/လျှပ်၊ သန်လျင်ပင်မဓာတ်အားခွဲရုံ)၊ မောင်ပြည်သိမ်းခိုင်(Shwe Taung Group)၊ မောင်အောင်ခန့်ကျော်(WYTU) တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ကောင်ဆုံလျှံ(ခ)ဦးဆုံ
ဆင်ကမ္ဘာမုန့်ဆိုင်(ဟသ်ာတမြို့)
အသက်(၁၀၈)နှစ်

ဟသ်ာတမြို့၊ မြစ်ကွေ့ကျောင်းလမ်း၊ အမှတ် ၁၀၆နေ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးလှထွန်း-(ဒေါ်မြင့်မြင့်ဝင်း)၊ ဦးမျိုးညွန့်-ဒေါ်မီးမီး၊ ဦးမောင်ရှိန်၊ ဦးမျိုးလှိုင်-ဒေါ်သူဇာတင်(ဇီဝသုခဓာတ်ခွဲခန်း)၊ ဦးမျိုးခင်-ဒေါ်ငွေငွေရီ၊ ကိုဇေယျာမင်း-မရှု့မေ၊ ကိုမျိုးကျော်-မနှင်းလဲ့ရီသော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ဟသ်ာတမြို့ ကြက်သွန် ရိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကိုလေး (မင်းရပ်/မိတ္ထီလာ)
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ ကျိုက္ကဆံရဲအရာရှိကြီးရိပ်သာ၊ တိုက်(B)၊ အခန်း(၂၄)နေ (ဒေါ်ငြိမ်း)(မိတ္ထီ လာ၊ မင်းရပ်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်မြင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ယုဆွေ၊ ရဲမှူးကြီးထွန်းနေဝင်း-ဒေါ်ခင်ယုဝေ(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးတင်အောင်ကျော်(ရွှေကျင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)-ဒေါ်စောယုမေတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၂-၄-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်ကြူး
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ပဒေသာလမ်း၊ အမှတ်(၄)နေ (ဦးသိန်းအောင်)-ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဦးသန်းအောင်-(ဒေါ်ချစ်ချစ်ဆွေ)တို့၏အစ်မ၊ ဒေါ်ခင်ခင်ဆွေ၊ ဦးတင့်ကို-ဒေါ်သီတာအောင်(ကြူကြူးစတိုး)၊ ဦးအောင်စိုးကျော်(ကျော်ကြားဂတ်စကတ်)၊ ဦးယဉ်မင်းအောင်-ဒေါ်ခင်မိုးနွယ်၊ ဦးဇော်သူရ-ဒေါ်သင်းသင်းအေး၊ ဦးသန်းထွန်း-ဒေါ်မီးမီး၊ ဦးမျိုးညွန့်-ဒေါ်ထိုက်ထိုက်စိုးတို့၏အဒေါ်၊ မြေးကိုးယောက်တို့အဘွားသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁း၁၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးသန်းဦး
ဘဏ္ဍာရေးဌာန၊ MEPE (ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၈၇၃)နေ (ဦးသန်းထွန်း-ဒေါ်သိန်းကြည်)တို့၏သမီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်သိမ်တော်ရွာနေ(ဦးထွန်းရ-ဒေါ်တင်ပု) တို့၏ချွေးမ၊ (ဦးမောင်မောင်မြင့်)-ဒေါ်အေးညို(ပန်းဘဲတန်းထွေ/အုပ်)၊ ဦးကျော်ငြိမ်း(ရွှေတောင် ကော်မတီလီမိတက်၊ ညွှန်မှူး-ငြိမ်း)ရေအားလျှပ်စစ်၊ (ဦးဝင်းထိန်)-ဒေါ်ခင်အေးသန်း၊ (ဦးကျော်ဝင်း)၊ ဦးမျိုးမြင့်အေး-ဒေါ်မြသွေး(အမက-၉၊ မရမ်းကုန်း)တို့၏အစ်မ၊ ဗိုလ်ကြီးအောင်အောင်ထွန်း-မခိုင်မေဦး၊ ကိုရဲထွန်းဦး-မသဥ္ဇာထက်တို့၏မိခင်၊ ရဲတေဇမောင်၏အဘွား၊ ငြိမ်းဆုဆုဝေ၊ စိမ့်နေခြည်သွေးတို့၏ကြီးကြီး၊ (ဦးဝင်းသိန်း)၏ဇနီးသည် ၂၃-၄-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၄-၂၀၁၉ရက်(တနင်္လာနေ့)တွင် အမှတ်(၈၇၃/၂)လမ်း၊ သမိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအေးကို (မုံရွာ) အသက်(၅၈)နှစ်
Ocean Tankers (Pte).,Ltd.(Singapore)

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်နေ (ဦးဆီပေါ-ဒေါ်ရွှေကြည်)တို့၏သား၊ (ဦးဘမြင့် -ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဦးစစ်နိုင် (Chief Engineer, Norstar Ship- Management)-ဒေါ်ခိုင်ဝါဝါကို၊ ဒေါက်တာ ကျော်ငြိမ်းအေး (ဒေသ့ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်အေးမြမြတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊တိုက် ၂၅၊ အခန်း ၂၀၃၊ မြကန်သာအိမ်ရာနေ ဒေါ်စန်းစန်း နု၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်(B.E,Marine Electrical Systems and Electronics), MMU(KTM Shipping Co.,Ltd)၊ မထက်စုစုနိုင်(Final Part II ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏ချစ်လှစွာသော ဖခင် သည် ၂၃-၄-၂၀၁၉ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအေးကို (မုံရွာ) အသက်(၅၈)နှစ်
Ocean Tankers (Pte).,Ltd.(Singapore)

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်နေ (ဦးဆီပေါ-ဒေါ်ရွှေကြည်)တို့၏သား၊ (ဦးဘမြင့်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဦးမြင့်လေး-ဒေါ်ခင်နု၊ ဦးမြင့်သိန်း M.O.G.E (ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ ဦးတင်မောင်-ဒေါ်ဆွေဆွေတင်တို့၏ညီ/မောင်၊ ဒေါ်သန်းသန်းအေး၊ ဦးစိုးမြင့်-ဒေါ်တင်အေးချိုတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ တိုက် ၂၅၊ အခန်း ၂၀၃၊ မြကန်သာအိမ်ရာနေ ဒေါ်စန်းစန်းနု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်(B.E, Marine Electrical Systems and Electronics), MMU(KTM Shipping Co.,Ltd)၊ မထက်စုစုနိုင်(Final Part II ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏ ချစ်လှစွာသောဖခင်သည် ၂၃-၄-၂၀၁၉ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဖော်ကျူးပြသသည့် ရန်ကုန်မြို့နောက်ဖေးလမ်းကြားဥယျာဉ် မေ ၄ ရက်တွင် ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့ ဒို့အိမ်လူမှုအကျိုးပြု အဖွဲ့အစည်း၏ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဖော်ကျူးပြသသည့်နောက်ဖေးလမ်းကြား ဥယျာဉ်တစ်ခုကို မေ ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒို့အိမ်လူမှုအဖွဲ့အစည်းထံမှ သိရသည်။

ဒို့အိမ်၏ ၇ ခု မြောက်ဖြစ်သည့် နောက်ဖေးလမ်းကြားဥယျာဉ်အစီအစဉ်ကို ရန်ကုန်မြို့၂၇ လမ်းနှင့် ၂၈ လမ်းကြား (အလယ်ဘလောက်)တွင် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အစီအစဉ်ကို ဆွစ်ဇာလန်သံရုံး၏ ကူညီထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် နောက်ဖေးလမ်းကြားသန့်ရှင်းရေးနှင့် ကွန်ကရစ်ခင်းခြင်းများအပြင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၊ လမ်းသူလမ်းသားများ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၌ နောက်ဖေးလမ်းကြားဥယျာဉ်များ အကောင်အထည်ဖော်နေမှုနှင့်ပတ်သက်၍

စာမျက်နှာ ၇ ကော်လံ ၁ ◆

ရန်ကုန်မြို့၌ နောက်ဖေးလမ်းကြားဥယျာဉ်အစီအစဉ်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပုံရိပ်များပါအောင် ပြုလုပ်ထားမှုကို တွေ့ရစဉ်။

မောင်တောမြို့နယ်၌ ARSAအဖွဲ့မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သည့် နေရာတစ်ဝိုက်မှ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိ

စာမျက်နှာ » ၁၂

သီရိလင်္ကာ အကြမ်းဖက်တိုက်ဖျက်ရေး အမေရိကန် ပူးပေါင်းပါဝင်မည်

စာမျက်နှာ » ၁၄

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ရာဒူလိုဗစ်အား မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အဖြစ် ခန့်အပ်ခြင်းခံရသည့် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်အား မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက နည်းပြသစ်ရာဒူလိုဗစ်အား ရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နည်းပြသစ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်အဖြစ် ရာဒူလိုဗစ်ကို ၂၀၁၉ ခုနှစ် မေ ၂၀ ရက်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိလ ၂၀ ကျော် စာချုပ်ချုပ်ဆိုခဲ့ပြီး စက်တင်ဘာတွင် စတင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အတွက် စတင်ပြင်ဆင်ရမည်ဖြစ်ကာ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းပြ ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် လမ်းခွဲပြီး ကတည်းက နည်းပြသစ်ရှာဖွေခဲ့ပြီး

စာမျက်နှာ ၁၂ ကော်လံ ၅ ✪

မြန်မာနှင့် စင်ကာပူအသင်း စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားမည်

ရန်ကုန် မေ ၂၃

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့သည် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီမှုရခဲ့သည်။ ယင်းခြေစမ်းပွဲကို ဇွန် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖီဖာမှသတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲကစားရန် အသင်းများဖိတ်ကြားလျက်ရှိပြီး လက်ရှိတွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် သဘောတူညီမှုရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့သည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများ၌ တွေ့ဆုံမှုနည်းပါးပြီး ဖိတ်ခေါ်ပြိုင်ပွဲနှင့် ခြေစမ်းပွဲများတွင် *စာမျက်နှာ ၁၂ ကော်လံ ၁* ❍

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း မတ်လက ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၂၄၊ ၂၀၁၉

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တတိယ(၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ

သတင်းဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံ - မောင်မောင်

နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း မူဝါဒ ၈ ချက်၊ ရည်မှန်းချက် ၁၃ ချက်နှင့် လုပ်ငန်းစဉ် ၃၂ ချက်တို့ကို ချမှတ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀-၃-၂၀၁၉ ရက်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

သာသနာရေးဆိုင်ရာ အချက်အလက်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကိုးကွယ်သည့် ဘာသာအလိုက် ဗုဒ္ဓဘာသာဝင် ဦးရေ ၄၅၁၈၅၄၄၉ ဦး၊ ခရစ်ယာန်ဘာသာဝင် ၃၁၇၂၄၇၉ ဦး၊ ဟိန္ဒူဘာသာဝင် ၂၅၂၇၆၃ ဦး၊ အစ္စလာမ်ဘာသာဝင် ၁၁၄၇၄၉၅ ဦး၊ နတ်ကိုးကွယ်မှု ၄၀၈၀၄၅ ဦး၊ အခြား ၈၂၈၂၅ ဦးနှင့် ဘာသာမဲ့ ၃၀၈၄၄ ဦးတို့ရှိသည်။

၂၀၁၈ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ဘုန်းတော်ကြီးကျောင်း ၆၆၉၁ ကျောင်းတွင် ရဟန်း ၂၉၁၀၈၆ ပါးနှင့် သာမဏေ ၂၃၄၅၆၇ ပါးရှိပြီး သီလရှင်ကျောင်း ၄၅၆၅ ကျောင်းတွင် သီလရှင် ၆၇၅၂၁ ပါးရှိသည်။

သာသနာ့အထောက်အပံ့အတွက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နှစ်စဉ် ဇူလိုင်လနှင့် နိုဝင်ဘာလတို့တွင် ကျင်းပလျက်ရှိသည်။

ထို့ပြင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို နှစ်စဉ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ကျင်းပလျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် ရဟန်း ၂၅၄ ပါး၊ သီလရှင် ၁၄ ပါးနှင့် လူပုဂ္ဂိုလ် ၉၃ ဦးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်က ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဗဟိုမှ မြို့နယ်အဆင့်အထိ အဖွဲ့ ၁၃၀ ရှိပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဥက္ကဋ္ဌ ဦးသောင်းထိုက် ဦးဆောင်၍ ဦးစီးနာယက တစ်ဦး၊ နာယက လေးဦး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) ၁၂ ဦး၊ အလုပ်အမှုဆောင်များအဖြစ် ဗုဒ္ဓဘာသာ ၁၈ ဦး၊ ခရစ်ယာန်ဘာသာ ၁၄ ဦး၊ အစ္စလာမ် ဘာသာ ၁၇ ဦး၊ ဟိန္ဒူဘာသာ ၁၅ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် သာသနာစည်ပင်ပြန့်ပွားရေးအတွက် စေတီ၊ ပုထိုးများ တည်ထားကိုးကွယ်လျက်ရှိရာ နိုင်ငံတော်အစိုးရက ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်

အချပ်ပို (ခ) သို့

အချပ်ပို(က)မှ

အနန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ရတနာ အုတ်မြစ်တော်စီမဟာမင်္ဂလာ၊ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းမဟာမင်္ဂလာ၊ ပန်းလယ်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို ကျင်းပသည်။ အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ၊ ရွှေထီးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော် တင်လှူခြင်းမဟာမင်္ဂလာ၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကိုလည်း ဆက်လက်ကျင်းပရန် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သံဃာတော်များ၊ ကိုယ်စားလှယ်များနှင့်အတူ Wat Sa Kat ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ မြန်မာနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓဓာတ်တော် သုံးဆူ၊ ဆံတော်ပွားကိုးဆူ၊ စွယ်တော်ပွား သုံးဆူတို့အား သတ်မှတ်ထားသည့် ပလ္လင်တော်ထက်တွင် တင်လှူပူဇော်ကြသည်။

ထို့နောက် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ဆရာတော်များနှင့်အတူ ရွှေစေတီတွင် နိုင်ငံအသီးသီးမှ ပင့်ဆောင်လာသော မြတ်ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များ၊ ဆင်းတုတော်များကို အနေကဇာတင်တော်မူကြသည်။ ထို့နောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Sanam Luang Pavilion ရှိ ဆာနမ်လွှန် မဟာချက်သခဘောဒင်မင်္ဂလာမဏ္ဍပ်၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိကျင်းပသည့် The New Year's for Happiness 2019 (ဗုဒ္ဓဘာသာဝင်များ၏ နှစ်သစ်အကြို ဆုတောင်းမေတ္တာပို့သခြင်း အခမ်းအနား)သို့ တက်ရောက်ခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်းဆောင်ရွက်ရန် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ရှစ်ခုကို ဖွဲ့စည်းပြီး အရည်အသွေးပြည့်မီသော အသားတင် တစ်ပေပတ်လည် ရွှေစင်ရွှေပြားများဖြင့် အရှည်တည်တံ့ခိုင်မြဲစွာ ရွှေသင်္ကန်းများ ကပ်လှူနိုင်ရေးနှင့် ရွှေစင်ရွှေပြားများ စတင်ထုတ်လုပ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရွှေတိဂုံစေတီတော် အောက်ပစ္စယံတောင်ဘက်တွင် ရွှေပြားကြိတ်စက်ရုံတည်ဆောက်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၃-၃-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အိန္ဒိယနိုင်ငံရှိ Chola ဘုရားကျောင်းများ၏ ဗိသုကာဆိုင်ရာ မှတ်တမ်းဓာတ်ပုံများပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့ပြင် သာသနာ့နယ်မြေများ သာယာလှပပြီး ပြည်သူများကြည်ညိုသဒ္ဒါပွားနိုင်စေရန် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်စခန်းတွင် ဘုရားဖူးများ နားနေဆောင် ဆောက်လုပ်ခြင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ကျိုက်ထီးရိုးတောင်ပေါ်တွင် အမှိုက်ဖျက်ဆီးစက်တစ်လုံး တည်ဆောက်ခြင်း၊ ဘုရားဖူး ရဟန်းရှင်လူပြည်သူများ မိလ္လာအခန်းများ လုံလောက်မှုရှိစေရန် အမျိုးသားသန့်စင်ခန်း ခြောက်ခန်း၊ အမျိုးသမီးသန့်စင်ခန်း ခြောက်ခန်း ဆောက်လုပ်ခြင်း၊ ရင်ပြင်တော် အတက်လမ်း ကျောက်သမ္ဘာန်မှ ရွှေနန်းကျင် နတ်နန်းအထိနှင့် ကျောက်သမ္ဘာန်မှ ဂေါပကဓမ္မာရုံရှေ့အထိ တာရာဇိုခင်းခြင်း လုပ်ငန်းများကို တတိယတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဗဟိုမှ မြို့နယ်အဆင့်အထိ အဖွဲ့ ၁၃၀ ရှိပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဥက္ကဋ္ဌ ဦးသောင်းထိုက် ဦးဆောင်၍ ဦးစီးနာယက တစ်ဦး၊ နာယက လေးဦး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ) ၁၂ ဦး၊ အလုပ် အမှုဆောင်များအဖြစ် ဗုဒ္ဓဘာသာ ၁၈ ဦး၊ ခရစ်ယာန်ဘာသာ ၁၄ ဦး၊ အစ္စလာမ်ဘာသာ ၁၇ ဦး၊ ဟိန္ဒူဘာသာ ၁၅ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်တို့တွင် သုံးနှစ်တာကာလအတွင်း ဘာသာပေါင်းစုံလှုပ်ရှား ဆောင်ရွက်မှု ၃၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အခြားသော အဖွဲ့အစည်းများနှင့် သာသနာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းမေတ္တာအဖွဲ့နှင့် ပူးပေါင်းပြီး ကက်သလစ်ဂိုဏ်းချုပ် ဆရာတော် ကာဒီနယ်

၂-၄-၂၀၁၉ ရက်က မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌနှင့် ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌတို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။

ချားလ်မောင်ဘို၏ ဖိတ်ကြားချက်အရ ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religions for Peace) ဥက္ကဋ္ဌ H.E.Bishop Gunnar Stalsett ဦးဆောင်သော ရှစ်ဦးပါအဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ် မေ ၂၂ ရက်မှ ၂၈ ရက်အထိ လာရောက်စဉ် မေ ၂၅ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။ ခရီးစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကာဒီနယ် ချားလ်မောင်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ(မောင်တော)သို့ သွားရောက်ခဲ့ကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ကြုံတွေ့ခံစားခဲ့ရသော ပြည်သူများအတွက် ထောက်ပံ့ပေးနိုင်ရန် ပုပ်ရဟန်းမင်းကြီး Hiss Holiness Pope Francis က မြန်မာနိုင်ငံ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ် ချားလ်မောင်ဘိုမှတစ်ဆင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လှူဒါန်းခဲ့သော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသော ငွေကျပ် ၁၃၃၀၀၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်လှူဒါန်းမှုပြုခဲ့သည်။

ငြိမ်းချမ်းမေတ္တာအဖွဲ့သည် ၂၀၁၈ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလတို့တွင် မိတ္ထီလာ၊ ပုသိမ်၊ မော်လမြိုင်နှင့် မြစ်ကြီးနားမြို့များသို့ သွားရောက်၍ ဘာသာပေါင်းစုံ သဟဇာတဖြစ်ရေးနှင့် ချစ်ခင်ရင်းနှီးစည်းလုံးညီညွတ်မှုရရှိရေးအတွက် အမျိုးသမီးများနှင့် လူငယ်များပါဝင်မှု အခန်းကဏ္ဍ မြင့်မားစေမည့် လေ့ကျင့်ပညာပေးရေး အစီအစဉ်များ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆွေးနွေးပွဲကို ဝန်ကြီးဌာန၏ တတိယတစ်နှစ်တာအတွင်း အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ UPR အကြံပြုချက်

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဆောင်ရွက်သည့် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review -UPR) ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ (မြန်မာနိုင်ငံ)ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် UPR အကြံပြုချက် ၁၆၆ ချက်အား ကဏ္ဍကြီးတစ်ရပ်အဖြစ် ပိုင်းခြားမှုအရ အမှတ်စဉ်(၁၀)ကဏ္ဍပါ ဘာသာပေါင်းစုံချစ်ကြည်ရေး၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် စုဝေးခွင့်ဆိုင်ရာအကြံပြုချက် ၁၈ ရပ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပြီး UPR အကြံပြုချက် ၁၈ ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ လျာထားဖွဲ့စည်းမှုကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြခဲ့သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ပြီး အမျိုးသားအဆင့် ကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည်။ UPR အမျိုးသားအဆင့်ကော်မတီ အစည်းအဝေးကို လေးလတစ်ကြိမ် ကျင်းပမည်ဖြစ်ရာ လုပ်ငန်းကော်မတီ၏ အကြံပြုချက်များ အကောင်အထည်ဖော်မှုကို သက်ဆိုင်ရာဌာနများ၏ တင်ပြချက်များအပေါ် မူတည်၍ သုံးလတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားအဆင့် ကော်မတီသို့ အချိန်မီပြုစုတင်ပြနိုင်ရန် ဆုံးဖြတ်ခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပြည်ပသာသနာပြုလုပ်ငန်းအဖြစ် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် သီတင်းသုံးလျက်ရှိသော မြန်မာရဟန်းတော်များနှင့် သီလရှင် စုစုပေါင်း ၈၈ ပါးတို့အား နိုင်ငံတော်အစိုးရက ၂၀၀၈ ခုနှစ်မှ စတင်၍ နှစ်စဉ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ရာ ၂၀၁၈ ခုနှစ် ကောဒသမအကြိမ်မြောက် ဗုဒ္ဓဂယာ မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် သံဃာတော် ၇၇၈ ပါးနှင့် သီလရှင် ၁၉ ပါးတို့အား အမေရိကန်ဒေါ်လာ ၃၃၅၀၊ ရူပီး ၄၆၉၂၀၀၊ ငွေကျပ် ၂၆၀၃၉၅၀၀ တို့ကို လှူဒါန်းခဲ့သည်။

အချပ်ပို (ဂ) သို့

အချပ်ပို (ခ) မှ

ထို့ပြင် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ် မြန်မာရွှေကျောင်းတော်ကြီးတွင် သာသနာပြုလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်နှင့် သာသနိကအဆောက်အအုံများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နှစ်နှစ်တစ်ကြိမ် အလှည့်ကျသာသနာပြုရဟန်းတော် နှစ်ပါးနှင့် ကြီးကြပ်သူအရာရှိတစ်ဦးကို စေလွှတ်လျက်ရှိသည်။ နီပေါနိုင်ငံရှိ မြန်မာရွှေကျောင်းတော်ကြီး၌ ၂၀၁၆ ခုနှစ်တွင် အလှူရှင်က မုခ်ဦး(အသစ်) ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုရားဖူးဧည့်သည်များ၏ အလှူငွေဖြင့် တစ်ထပ်ကျောင်းဆောင်နှင့် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ မြန်မာရွှေကျောင်းတော်ကြီးအတွင်းရှိ လောကမဏိစူဠာစေတီတော်ကို ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ဆေးသုတ်ပညာရှင်များ စေလွှတ်၍ လုံးတော်ပြည့် ရွှေသင်္ကန်းပြန်လည်ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းပြည်ပ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းကို ဆောင်ရွက်လျက်ရှိရာ တက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နှစ်စဉ် ရန်ကုန်နှင့် မန္တလေးတို့တွင် တစ်လှည့်စီ ကျင်းပပေးလျက်ရှိသည်။ ၁၃၈၀ ပြည့်နှစ် (၂၀၁၈ ခုနှစ်)တွင် (၂၄)ကြိမ်မြောက် တက္ကသီလမဟာ

၂၄-၂-၂၀၁၉ ရက်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၉)အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

၂၀-၃-၂၀၁၉ ရက်က ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆရာတော်အား လှူဖွယ်ပစ္စည်းများ လောင်းလှူနေစဉ်။

ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် ကျင်းပရာ ဓမ္မာစရိယဘွဲ့ B.A(Buddhism)တွင် နပသ(ရန်ကုန်)မှ ၅၅ ပါး၊ နပသ(မန္တလေး)မှ ၅၆ ပါး၊ မဟာဓမ္မာစရိယဘွဲ့ M.A (Buddhism) တွင် နပသ(ရန်ကုန်)မှ ခုနစ်ပါး၊ နပသ(မန္တလေး)မှ ခုနစ်ပါးတို့ကို ဆက်ကပ်ချီးမြှင့်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ် ချီးမြှင့်ပွဲအခမ်းအနားနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) ၄၈ ပါး/ဦး၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ၃၀ ပါး/ဦး၊ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ၁၂ ဦး၊ ပါရဂူ(ဗုဒ္ဓဓမ္မ)ဘွဲ့ ကိုးပါး/ဦးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခဲ့သည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖွင့်လှစ်

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၂၇ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၉၉၃၈ ဦး၊ ဆရာ ဆရာမ ၇၈၇၂ ဦးတို့ရှိပြီး ဘုန်းတော်ကြီးသင် ဆရာ ဆရာမများအား မူလတန်းပြ တစ်ဦးလျှင် ငွေကျပ် ၃၆၀၀၀၊ မူလတန်းလွန်နှင့် အလယ်တန်းပြတစ်ဦးလျှင် ငွေကျပ် ၄၁၀၀၀ နှင့် အထက်တန်းပြတစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် လစဉ် ထောက်ပံ့ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေအရလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းဥပဒေများကို ခေတ်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်၍ ဆောင်ရွက်လိုပါက ဥပဒေကိုပြန်လည်သုံးသပ်သင့်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြံပြုလာသည့်အတွက် တက္ကသိုလ်၏ စီမံဆောင်ရွက်ရမည့် လုပ်ငန်းရပ်များသည် မျက်မှောက်ကာလနှင့်ကိုက်ညီစေရေး၊ တက္ကသိုလ်စီမံခန့်ခွဲရေးနှင့် ပညာသင်ကြားရေး ကိစ္စရပ်များတွင် ပိုမိုထိရောက် ဆောင်ရွက်နိုင်ရန်အတွက် အသစ်ပြန်လည်ရေးဆွဲထားသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ် ရေးထိုးပြီး နည်းဥပဒေကို ဆက်လက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)က သာသနာတော် ဆိုင်ရာများ လေ့လာနိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးပိဋကတ်ပြတိုက်တွင် www.kbrl. gov.mm ဖြင့် e-Library ဖွင့်လှစ်ပြီး e-Library website တွင် ပိဋကတ် သုံးပုံ၊ ဆဋ္ဌမူပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မြန်မာ ပြန်၊ နိဿယ၊ ပါဠိတော် အင်္ဂလိပ်ဘာသာပြန် စာအုပ်များနှင့် အခြားဗုဒ္ဓစာပေများကို e-book အသွင်ဖြင့် စာအုပ်ပေါင်း ၃၉၂၇ အုပ်ကို လွှင့်တင်ထားသည်။

ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးနှင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတင်သွင်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေ အနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် အဆိုပြုစာတွဲ (အပြည့်အစုံ)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် UNESCO သို့တင်ပြခဲ့သည်။

ထို့ပြင် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်စက်တင်ဘာလတွင် အဆိုပြုစာတွဲ (မူကြမ်း)နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ အဆိုပြုစာတွဲ (အပြည့်အစုံ)ကို တင်ပြဆောင်ရွက်မည်ဖြစ်သည်။

ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းထားသော မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာရေးထိုးထားသော ခေါင်းလောင်းစာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့မှတ်တမ်း အမွေအနှစ် (Memory of the World) အဖြစ် သတ်မှတ်ခံရသည်။

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြကျောက်စာ၏ အဆိုပြုပုံစံကို ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ ရက်က အာရှပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ် ကော်မတီသို့ တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အထွေထွေ အစည်းအဝေးတွင် အာရှ-ပစိဖိတ် ဒေသတွင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် UNESCO သို့ ဆက်လက်၍ တင်သွင်းမည်ဖြစ်သည်။

ယဉ်ကျေးမှုဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း

အနုပညာဦးစီးဌာနသည် နိုင်ငံတော်အဆင့် အခမ်းအနားများ၊ ပြည်တွင်းဖျော်ဖြေပွဲများနှင့် ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများက ကြီးမှူးကျင်းပသည့် အခမ်းအနားများတွင် ဖျော်ဖြေတင်ဆက်ခြင်း၊ နယ်လှည့်ဖျော်ဖြေခြင်း၊ နေပြည်တော် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တို့တွင် ပဒေသာ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်က အနုပညာဖျော်ဖြေပွဲ၊ ယဉ်ကျေးမှုဆိုင်ရာစာတမ်းဖတ်ပွဲ၊ အနုပညာဖလှယ်ပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် နှီးနှောဖလှယ်ပွဲများကျင်းပ ခြင်း၊ ပန်းချီ၊ ပန်းပုပြပွဲများသို့ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများကို စေလွှတ် တက်ရောက်စေပြီး မျိုးဆက်သစ် ပန်းချီ၊ ပန်းပု အနုပညာပွဲများကျင်းပခြင်း၊ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်း စွမ်းရည်လက်ရာမွန်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲ အခမ်းအနားများကျင်းပခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အနုသုခုမပညာရပ်များကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ နောက်ဆုံးနှစ်ဘွဲ့ယူကြမည့် ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုဌာနခွဲများမှ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင် စင်တင်တင်ဆက်မှုများကို ဆောင်ရွက်နိုင်ခဲ့သည်။

ကွင်းဆင်းသုတေသနလုပ်ငန်းများဆောင်ရွက်

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပရိုင်းမိတ် သုတေသနပြုလုပ်ခြင်း၊ ကျောက်ခေတ်သုတေသန ပြုလုပ်ခြင်း၊ ကြေးခေတ်/သံခေတ် သုတေသနပြုလုပ်ခြင်း၊ ဟန်လင်းမြို့ဟောင်း တူးဖော်မှု၊ သရေခေတ္တရာမြို့ဟောင်းတူးဖော်မှု၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများရရှိရေးအတွက် မြို့ဟောင်းများ၊ စဉ့်ဖိုများ၊ နန်းတော်ရာများ အစရှိသည့် တူးဖော်နေမှုများနှင့် အခြားတူးဖော်သုတေသနလုပ်ငန်းများတွင် ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်းတွင် မြန်မာနိုင်ငံတစ်ဝန်း ပျံ့နှံ့တည်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဆုကြေးငွေချီးမြှင့်၍ စုဆောင်းထိန်းသိမ်းခြင်းအတွက် လာရောက်အပ်နှံသူ ၉၆ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း ၃၆၁၅ မျိုးကို ချီးမြှင့်ငွေကျပ်သိန်းပေါင်း ၂၃၃၆ ဒသမ ၁၃၇၂၀၅ နှင့် လှူဒါန်းမှုများမှ လက်ခံထိန်းသိမ်းခြင်းအတွက် လာရောက်လှူဒါန်းသူ ၂၃ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း ၈၁ မျိုးကို စုဆောင်း ထိန်းသိမ်းနိုင်ခဲ့သည်။ အနုပညာဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စုစုပေါင်း ၁၄၇၁ မျိုး စုဆောင်းထိန်းသိမ်းထားရှိပြီးဖြစ်သည်။

ဥပဒေဖြေလျှော့ရေးဆောင်ရွက်ချက်များ

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဇုန်နယ်နိမိတ် သတ်မှတ်ထားသည့် ဒေသများတွင် လူနေမြို့ပြ၊ ကျေးရွာများလည်း ပါဝင်လျက်ရှိရာ ဒေသခံများ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ သာသနာရေး၊ စီမံအုပ်ချုပ်ရေးနှင့် စည်ပင်ဖွံ့ဖြိုးရေး ကိစ္စများသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်ရန်နှင့် ဟန်ချက်ညီရန် လိုအပ်သကဲ့သို့ အလားတူဥပဒေတွင် ဖော်ပြမထားသော အကြောင်းအရာများ၊ ခေတ်နှင့် မညီတော့သည့်ကိစ္စများ၊ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ဒေသခံများ ပါဝင်ထိန်းသိမ်းနိုင်ရေး၊ ကမ္ဘာ့အမွေအနှစ်နှင့် အမျိုးသား အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ထပ်မံပြင်ဆင်ဖြည့်စွက်ရန်လိုအပ်လာသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို

အချပ်ပို (ဃ)သို့

၂၄-၂-၂၀၁၉ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓမ္မဒူတဆေကိန္ဒ ဗုဒ္ဓတက္ကသိုလ် စာသင်တိုက်ပင်မကျောင်းဆောင်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်နှင့် နဖူးစည်းစာတန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

အချပ်ပို (ဂ)မှ

ဥပဒေပညာရှင်များနှင့်ညှိနှိုင်း၍ ပြင်ဆင်ရေးဆွဲခဲ့ပြီးလွှတ်တော်၌ အတည်ပြုချက်ရယူလျက်ရှိသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနက စုဆောင်းရရှိသည့် အထောက်အထားအချက်အလက်များ၊ ကွင်းဆင်းသုတေသနပြုလေ့လာခြင်းတို့မှ အသစ်ထပ်မံတွေ့ရှိသည့် သုတေသနပြုတွေ့ရှိချက်များကို အခြေခံ၍ သမိုင်းဆိုင်ရာ စာအုပ်၊ စာတမ်းများကို ရေးသားပြုစုပုံနှိပ်ထုတ်ဝေလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ စာတမ်းဖတ်ပွဲများနှင့် ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းများကို အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့နှင့် ပူးပေါင်းပြီး အမျိုးသားစာကြည့်တိုက်(နေပြည်တော်၊ ရန်ကုန်) တို့တွင် ပညာသင်နှစ်အလိုက် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

မြန်မာသမိုင်းအဖွဲ့ကို ယခင်ကအချိန်ပြည့် အဖွဲ့ဝင် ၁၀ ဦး၊ အချိန်ပိုင်းအဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ ယခုနှစ်တွင် အချိန်ပြည့်အဖွဲ့ဝင် ၁၈ ဦး၊ အချိန်ပိုင်းအဖွဲ့ဝင် ၁၅ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အမှတ် (၆၀၄၊ ၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အအုံကို အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနတို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို၍ လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သည်။

လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း ဆောင်ရွက်ချက်များ

အမျိုးသားဇာတ်ရုံ (ရန်ကုန်၊ မန္တလေး) ငှားရမ်းခြင်းနှင့် ပတ်သက်၍ သံရုံးများ၏ နှစ်ပတ်လည် အခမ်းအနားကျင်းပခြင်း၊ ယဉ်ကျေးမှု ပူးပေါင်း ဖလှယ်ရေးပွဲများ ကျင်းပခြင်း၊ ဝန်ကြီးဌာနများမှ ကျင်းပသောဖျော်ဖြေပွဲနှင့် အခမ်းအနားများအတွက် အခမဲ့ငှားရမ်းသုံးစွဲ ခွင့်ပြုခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

အနုပညာဦးစီးဌာနက နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်ဖျော်ဖြေခြင်းနှင့် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ လာရောက်၍ ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့သည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ငလျင်ဒဏ်ခံ ရှေးဟောင်းအဆောက်အအုံများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း ပညာရပ်ဆိုင်ရာပံ့ပိုးခြင်းတို့ကို နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်တွင် ပြည်ပနိုင်ငံများမှ အက၊ ဂီတ၊ ပန်းချီ၊ ရုပ်ရှင်ပညာရှင်များ၏ အနုပညာဆိုင်ရာ သရုပ်ပြတင်ဆက်မှုနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ တက္ကသိုလ်များမှ ပြည်ပလေ့လာရေးခရီးစဉ်၊ အနုပညာဖျော်ဖြေတင်ဆက်ပွဲ၊ အနုပညာပွဲတော်၊ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ၊ အနုပညာအလုပ်ရုံ ဆွေးနွေးပွဲများနှင့် အနုပညာနှီးနှောဖလှယ်ပွဲများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှု၏ အကျိုးသက်ရောက်မှုများ

ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ခါတစ်ရံ ထိပ်တိုက်တွေ့ကာ အဟန့်အတားတစ်ရပ်ဖြစ်နေသော်လည်း တစ်ဖက်တွင် အမွေအနှစ်များကို ထိရောက်စွာထိန်းသိမ်းရင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကန့်သတ်ချက်များဖြစ်သည့် အမွေအနှစ်များအပေါ် ထိခိုက်မှုမရှိသော လိုက်လျောညီထွေမှုရှိသည့် ပြောင်းလဲမှုအချို့ကို ဌာနအနေဖြင့် နိုင်ငံတော် အကြီးအကဲနှင့်ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာ၍ အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။

ယဉ်ကျေးမှုအမွေအနှစ်အတွင်းရှိ ဒေသခံပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွယ်ဝိုက်သောနည်းဖြင့် သက်ရောက်စေမည့် ယဉ်ကျေးမှု အမွေအနှစ်ကို နောင်နှစ်ပေါင်းများစွာ တည်တံ့နိုင်စေရန် ထိန်းသိမ်းခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းဖြင့် ပြည်တွင်း ပြည်ပသုတေသီများနှင့် စိတ်ပါဝင်စားသူများသည် မြန်မာ့မူရင်း အမွေအနှစ်ကို ပိုမိုသိမြင်လာပြီး လာရောက်လေ့လာခြင်း၊ လည်ပတ်ခြင်းမှရရှိလာ နိုင်သည့် အကျိုးအမြတ်များကို စီးပွားရေးလုပ်ငန်း အရင်းအမြစ်သဖွယ် ပေါ်ပေါက်စေရန် အကောင် အထည်ဖော်လျက်ရှိသည်။

ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ မပျောက်ပျက်စေရန်၊ ခေတ်ရေစီးအရ ထိုးဖောက်ဝင်ရောက်လာသော မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် မကိုက်ညီသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ခြင်း၊ မျိုးဆက်သစ် အနုပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းစေရေးကို ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အခြေခံပညာ ဦးစီးဌာန၊ ပညာရေးဝန်ထမ်းဆရာ ဆရာမများကို အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ မြန်မာ့အက အခြေခံကဗျာလွတ်အကကို သင်ကြားတတ်မြောက်လာခြင်း၊ မြန်မာ့ရိုးရာအကများ၊ ဇာတ်တော်ကြီးများနှင့် ဇာတ်ကြီးများကို အများပြည်သူကြည့်ရှုနိုင်ရန် နယ်လှည့် ဖျော်ဖြေခြင်းဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများကို မြတ်နိုးတန်ဖိုးထားထိန်းသိမ်းတတ်စေရန် လှုံ့ဆော်အသိပညာပေးနိုင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမျိုးဘာသာသာသနာ ထွန်းကားပြန့်ပွားရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုသာမက အမျိုးသားရေး လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး တို့ကိုပါ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒသာသနာတော် သုံးရပ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိရေးနှင့် မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း အတူတကွချစ်ကြည်စွာဖြင့် ရေရှည်ယှဉ်တွဲနေထိုင်ရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိသည့်အပြင် ပြည်တွင်း ပြည်ပ ယဉ်ကျေးမှု အမွေအနှစ်၊ စာပေအမွေအနှစ်များ၊ အထောက်အထားအချက်အလက်များ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးရာ ပြတိုက်နှင့် စာကြည့်တိုက်များကိုလည်း ဗဟိုဌာနအဖြစ် ရပ်တည်၍ သတင်းအချက်အလက်များကို ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ။

၃၀-၉- ၂၀၁၈ ရက်က ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေကျပ်သိန်း ၁၃၃၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား လွှဲပြောင်းပေးအပ်စဉ်။

၁၄-၁၁-၂၀၁၈ ရက်က (၅၃) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စိမ်းလန်းတဲ့မြို့ပြ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ စီးပွားရေးမြို့တော်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည့် ရန်ကုန်တိုင်းဒေသကြီး

တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော် ၊ ဓာတ်ပုံစုစည်း - အေးသန်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံ၏စီးပွားရေးမြို့တော် ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးစည်ပင်တိုးတက်ရေးကိစ္စအဝဝကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃)နှစ်တာကာလအတွင်းကြိုးပမ်းဆောင်ရွက်နေမှုများ ပြည်သူများသိရှိနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား တွေ့ဆုံမေးမြန်းခဲ့သည်များ ကို ဖော်ပြလိုက်ပါသည် -

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

မေး။ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီး ဖွံ့ဖြိုးစည်ပင်ဖို့အတွက် ဆောင်ရွက်နေမှုတွေကို ပဏာမရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ အစိုးရသစ် စတင်တာဝန်ယူတဲ့အချိန်မှာ စိန်ခေါ်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့မြို့မှာ ပြည်သူလူထုတွေ ရေကြီးရေလျှံမှုတွေနဲ့ တွေ့ကြုံရတယ်။ ရေကြီးရေလျှံမှုဆိုတာ မြစ်ချောင်းတွေကနေ ရေကြီးရေလျှံမှုတွေဖြစ်တာကတစ်ပိုင်းနဲ့ မြို့တွင်းမြောင်းတွေရဲ့ ရေကြီးရေလျှံမှုတွေဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ဖြေရှင်းဖို့ စိန်ခေါ်မှုတွေအဖြစ် ကြုံခဲ့ရပါတယ်။ ဒီအခြေအနေတွေထဲက မြစ်ချောင်းတွေရဲ့ရေကြီးရေလျှံမှု တော်တော်များများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တစ်ချိန်က အမြန်လမ်းမကြီးကလာရင် ထောက်ကြံ့လိုနေရာမျိုးမှာ ရေလျှံနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ယခုဒီလိုအခြေအနေမျိုး မရှိတော့ပါဘူး။ နောက်တစ်ခုက အမှိုက်ပြဿနာဖြစ်ပါတယ်။ နောက်ဖေးလမ်းကြားတွေဆိုရင် အမှိုက်ကတောင်လိုပုံနေတဲ့ အခြေအနေကို ယခုရှင်းလင်းနေပါတယ်။ ဒါတွေရှင်းလင်းနေပေမယ့် အလုံးစုံပြီးမြောက်သွားတဲ့ အခြေအနေကို မရောက်သေးပါဘူး။ တဖြည်းဖြည်းတစ်မြို့လုံးကို တကယ်ရှင်းလင်းသွားပြီး နောက်ဆုံးအမှိုက်ကင်းစင်နိုင်တဲ့ အခြေအနေတစ်ခုအထိရောက်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒါတွေကို တစ်နှစ်၊ နှစ်နှစ်နဲ့ ဆောင်ရွက်နိုင်တဲ့ အခြေအနေမဟုတ်ပါဘူး။ နောက်တစ်ချက်က လူတွေရဲ့အတွေးအခေါ် အယူအဆတွေနဲ့ နိုင်ငံကြီးသားစိတ်ကို ပြုပြင်ပြောင်းလဲပြီး အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်တဲ့ အခြေအနေမျိုးတွေအထိဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မေး။ ။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော် ဖြစ်တဲ့အပြင် လူနေထူထပ်တဲ့ တိုင်းဒေသကြီး ဖြစ်တဲ့အတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍက အဓိကကျပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူသယ်ယူ ပို့ဆောင်ရေးကဏ္ဍအတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေ။

ဖြေ။ ။ အရင်ကမြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ရန်ကုန်မြို့လယ်ကောင်လောက်ကိုပဲ မြို့ပြစနစ်နဲ့ တည်ဆောက်ခဲ့တာဖြစ်တယ်။ လှည်းတန်းကိုရောက်ပြီဆိုရင် စနစ်တကျမြို့ပြတည်ဆောက်ထားတာ မဟုတ်တော့ဘူး။ အင်းလျားလမ်းကနေပြီး ဖြတ်လမ်းတွေ မရှိပါဘူး။ ယာဉ်တွေက လမ်းမကြီးတွေထဲမှာပဲ သွားလာရပါတယ်။ တစ်မိုင်လောက်မှ တစ်ဖြတ်လောက်ရှိသလိုမျိုး တွေ့ရမှာဖြစ်ပါတယ်။ အင်းလျားကနေဆက်သွားရင် အေဒီမီးပွိုင့်ကိုရောက်မှ ပါရမီလမ်းတစ်ဖြတ်ရောက်မှာဖြစ်ပါတယ်။ ရှေ့ဆက်သွားရင် ခုနစ်မိုင်ကနေ ရှစ်မိုင်ရောက်မှ ရှစ်မိုင်လမ်းဆုံ တစ်ဖြတ်ဖြစ်ပါတယ်။ အဲဒီကနေဆက်သွားရင် ကိုးမိုင် ရောက်မှ တစ်ဖြတ်၊ ဆယ်မိုင်ရောက်မှ တစ်ဖြတ်၊ အဲဒီတစ်ဖြတ်တွေက စနစ်တကျလမ်းဖြတ်တွေ တည်ဆောက်ထားတာမျိုး မဟုတ်ပါဘူး။ ပါရမီတစ်ခုလောက်သာ ဟိုဘက်၊ ဒီဘက် တိုးလျှိုပေါက်ဖြတ်ထားတဲ့ လမ်းမျိုးတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြို့ပြကို စနစ်တကျပြန်လည်တည်ဆောက်နိုင်ဖို့အတွက် လိုအပ်ပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့နိုင်ငံမှာ မြို့ပြတွေကို အစိုးရအဆက်ဆက် တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ခဲ့တဲ့ မြို့သစ်တွေက တကယ့်ကို Smart City ကြီးတွေ နိုင်ငံတကာမှာ အနာဂတ်ကို မျှော်ကိုးပြီး တည်ဆောက်ထားတဲ့ မြို့ပြစနစ်မျိုးတွေအထိ မဖြစ်ခဲ့ပါဘူး။ အားနည်းချက်တွေ ရှိခဲ့ပါတယ်။ ဒါတွေကို ပြည်သူတွေက ပြုပြင်ပြီး အစိုးရကနေ လမ်းတွေ၊ တံတားတွေ ထိန်းသိမ်းပေးခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒါ့ကြောင့်မို့ ရန်ကုန်မြို့ကို ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မြို့ပြစနစ်ကို စနစ်တကျ နိုင်ငံတကာအဆင့်အတန်းမီ မြို့ပြတည်ဆောက်မှု လုပ်ဖို့လိုပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လမ်းတွေ စနစ်တကျမရှိဘူးဆိုရင် ကျွန်တော်တို့ ဒီအခြေအနေတွေ ကြုံလာမှာ ဖြစ်ပါတယ်။ ယခုယာဉ်ကြောကျပ်တည်းမှုတွေ ကြုံလာတယ်ဆိုတာ မြို့ပြရဲ့အခြေခံအဆောက်အအုံတွေကို စနစ်တကျ မတည်ဆောက်ခဲ့လို့ ဖြစ်ပါတယ်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားလိုင်းတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ Water Bus ဆိုရင် ရေကြောင်းကနေ ပို့ဆောင်ပေးနိုင်ဖို့ကို ပြင်ဆင်နေပါ တယ်။ ရန်ကုန်မြို့ဟာ ရန်ကုန်မြစ်၊ ငမိုးရိပ်ချောင်းနဲ့ ပဲခူးမြစ်သုံးခုဆုံရာနေရာမှာ တည်ရှိနေတဲ့ မြို့တော်ဖြစ်ပါတယ်။ ဒါ့ကြောင့် ရေကြောင်းရဲ့သယ်ယူပို့ဆောင်ရေးကို ပိုမိုအသုံးပြုနိုင်မယ်ဆိုရင် မြို့ပြရဲ့ယာဉ်ကြောကျပ်တည်းမှု ပြဿနာလည်း လျော့သွားမယ်။ ကုန်စည်စီးဆင်းမှုကို ရေကြောင်းကနေ လုပ်နိုင်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အတွက် Dry Port တွေ တည်ဆောက်နေပါတယ်။ ပင်လယ်ဝကနေ သင်္ဘောတွေနဲ့ ဆွဲထုတ်လာပြီး ကုန်းတွင်းဆိပ်ကမ်းတွေကိုရောက်မှ ကားနဲ့သယ်ယူသွားမယ်ဆိုရင် ကုန်စည်စီးဆင်းမှုကို ပိုပြီးမြန်ဆန်စေမယ့်အပြင် စရိတ်လည်း သက်သာလာမှာ ဖြစ်ပါတယ်။

Water Bus ကို ရန်ကုန်မြစ်ဘက်မှာပဲ ဆောင်ရွက်နိုင်ပါတယ်။ ငမိုးရိပ်ချောင်းဘက်ကို ဆောင်ရွက်နိုင်မယ်ဆိုရင် ဒဂုံလေးမြို့နယ်ဖြစ်တဲ့ ဒဂုံတောင်၊ ဒဂုံအရှေ့နဲ့ ဒဂုံမြောက်ဘက်ကပါ ရေကြောင်းကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ တချို့တံတားဟောင်းတွေကို ရှင်းလင်းနေပါပြီ။ စက်ဆန်းအောဘီစီနားက တံတားဟောင်းတစ်ခုကို ဖျက်ဖို့လုပ်ရမှာ တံတားဟောင်းရဲ့တိုင်တွေခံနေတဲ့အတွက် Water Bus ဖြတ်သန်းရာမှာ ရေကြောင်းအန္တရာယ် ဖြစ်နိုင်ပါတယ်။ ဒါတွေကို ရှင်းလင်းနေရတဲ့အတွက် ငမိုးရိပ်ဘက်ကို မပြေးဆွဲနိုင်သေးဘူး ဖြစ်ပါတယ်။ ငမိုးရိပ်ဘက်ကို ပြေးဆွဲနိုင်ရင် ရန်ကုန်မြို့ကို တစ်ပတ်ပတ်နိုင်မှာ ဖြစ်တဲ့အတွက် ရေကြောင်းသယ်ယူပို့ဆောင်ရေးက အဆင်ပြေလာမှာ ဖြစ်ပါတယ်။

အချပ်ပို(စ)သို့

“ ရန်ကုန်မြို့ကို ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မြို့ပြစနစ်ကို စနစ်တကျ နိုင်ငံတကာအဆင့်အတန်းမီ မြို့ပြတည်ဆောက်မှု လုပ်ဖို့လိုပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လမ်းတွေ စနစ်တကျမရှိဘူးဆိုရင် ကျွန်တော်တို့ ဒီအခြေအနေတွေ ကြုံလာမှာ ဖြစ်ပါတယ်။ ယခုယာဉ်ကြောကျပ်တည်းမှုတွေ ကြုံလာတယ်ဆိုတာ မြို့ပြရဲ့ အခြေခံအဆောက်အအုံတွေကို စနစ်တကျ မတည်ဆောက်ခဲ့လို့ ဖြစ်”

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးစည်ပင်မှုကို ရန်ကုန်မြစ်အတွင်းမှ တွေ့ရစဉ်။

၁၇-၂-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြစဉ်။

အချပ်ပို(င)မှ

ပဲခူးမြစ်ကနေ သန်လျင် Star City နဲ့ သီလဝါအထိ ရေကြောင်းကနေ ပို့ဆောင်ပေးနိုင်ဖို့အတွက် ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်နေတဲ့ အများပြည်သူသယ်ယူ ပို့ဆောင်ရေးကဏ္ဍနယ်ပယ် ဖြစ်ပါတယ်။ ရထားလမ်းဆိုရင် ရထားဘူတာရုံတွေကို အဆင့်မြှင့်တင်ပါတယ်။ ရထားဘူတာရုံတွေကနေ ကားလမ်းနဲ့ ချိတ်ဆက်နိုင်ဖို့အတွက်ကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ မကြာခင် ဒီလုပ်ငန်းတွေ ပြီးစီးသွားရင် ပြည်သူလူထုအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍက ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်မှုတွေကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ သောက်သုံးရေကို လုံလုံလောက်လောက် မြို့ပြကို ဖြန့်ချိပေးနိုင်ဖို့အတွက် လိုအပ်ပါတယ်။ ကျွန်တော်တို့မှာ မြစ်ချောင်းတွေရှိပြီး မြစ်ရေကို စနစ်တကျထိန်းသိမ်းထားနိုင်ခြင်း မရှိပါဘူး။ ရန်ကုန်မြို့ဟာ ပင်လယ်ဝမှာရှိတဲ့အတွက် ဆားငန်ရေရှိတာကြောင့် ရေကောင်းရေသန့်မရရှိတဲ့ နေရာတွေရှိပါတယ်။ ဒီနေရာတွေကို ရေပိုက်စနစ်နဲ့ သွယ်တန်းပြီးရေပေးဝေဖို့ မြို့တော်စည်ပင်သာယာဘက်က ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အစိုးရကနေ စိုက်ထုတ်ပြီး ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ဖြတ်သန်းမယ်ဆိုရင် ရန်ကုန်တစ်မြို့လုံး ရေလုံလောက်စွာရရှိနိုင်ဖို့အတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒီကဏ္ဍကို အစိုးရ၊ ပုဂ္ဂလိကနဲ့ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလိုမှ မပြုပြင်၊ မပြောင်းလဲဘူးဆိုရင် ကြုံလာနိုင်တာက မြေအောက်ရေကို ထုတ်ယူသုံးစွဲနေတဲ့ အခက်အခဲကို ရင်ဆိုင်လာနိုင်ရဖွယ်ရှိပါတယ်။ မြေအောက်ရေကို ထုတ်ယူသုံးစွဲတဲ့အတွက် မြေအောက်မှာ လျော့ကျသွားတဲ့ ရေနေရာကို ပင်လယ်ဆားငန်ရေတွေ ဝင်ရောက်လာတာမျိုးမဖြစ်ဖို့ထိန်းရမယ့် အခြေအနေတစ်ခု ဖြစ်ပါတယ်။

နောက်တစ်ချက်က မြေအောက်ရေကို ထုတ်ယူသုံးစွဲတာကြောင့် မြေတွေနိမ့်ကျမသွားဖို့ ဂရုပြုဖို့လိုပါတယ်။ မြေအောက်ရေသုံးစွဲမှုကို စနစ်တကျထိန်းဖို့ လိုအပ်နေပါပြီ၊ တစ်ဖက်ကနေ ပြည်သူလူထုကို ရေလုံလောက်စွာပေးနိုင်ဖို့အတွက် စနစ်တကျရေကို သန့်စင်ပြီး ပိုက်လိုင်းတွေနဲ့ စနစ်တကျရေပေးဝေဖို့အတွက် ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဒါတွေကိုလည်း တဖြည်းဖြည်းနဲ့ ဆောင်ရွက်နေပါတယ်။ တစ်မြို့လုံး ရေလုံလောက်စွာ ပေးဝေနိုင်မယ်ဆိုရင် မြေအောက်ရေသုံးစွဲမှုက ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒါတွေကို ကြိုးစားဆောင်ရွက်နေပါတယ်။ သုံးနှစ်တာကာလအတွင်း အပြောင်းအလဲတွေ လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

မေး။ ။ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်။

အချပ်ပို(ဆ)သို့

၆-၄-၂၀၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ပေးမည့် ပဲခူးမြစ်ကူးတံတား(ဒါးပိန်-သပြု) ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့က Stand Pipe အား Vibro Hammer ဖြင့် စက်ခလုတ်နှိပ် ရိုက်သွင်းပေးစဉ်။

အချပ်ပို (၈) မှ

ဖြေ ။ ။ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ရင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အင်အားတစ်ခုတည်းနဲ့ ဆောင်ရွက်လို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုရင် လူဦးရေက တိုးပွားလာပါတယ်။ လူဦးရေ ၁၀၀၀ ကို ရဲတစ်ဦးအချိုးနှုန်းလောက်နဲ့ ဆောင်ရွက်မယ်ဆိုရင် လုံခြုံမှုအပိုင်းမှာ၊ တရားဥပဒေစိုးမိုးရေးအပိုင်းမှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။

မီးပွိုင့်တိုင်းမှာ Traffic Control Center ကနေ စောင့်ကြည့်နေနိုင်ဖို့၊ မြို့တွင်းမှာဆိုရင် CCTV ကင်မရာတွေ တပ်ဆင်ထားပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးရဲ့ Common Center ကနေ ထိန်းချုပ်စောင့်ကြည့်သွားဖို့ကို ပြင်ဆင်ဆောင်ရွက်နေတာ ယခုဆိုရင် ထိန်းချုပ်စောင့်ကြည့်မှုတွေကို လုပ်နိုင်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် နေရာအားလုံးကို ထိန်းချုပ်မိပြီလို့ မဆိုနိုင်ပါဘူး။ အားလုံးထိန်းချုပ်မိနိုင်ဖို့အတွက် တစ်နှစ်ချင်းဘတ်ဂျက်ငွေတွေကို လျာထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါမှသာ တရားဥပဒေစိုးမိုးရေးကို ပိုပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မကောင်းမှုပြုသူတွေဟာ ဆိတ်ကွယ်ရာသာမရှိဘူးဆိုရင် မကောင်းမှုကို ထိန်းသွားနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နေတဲ့ ရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးဘက်အတွက် များစွာထောက်အကူပြုမယ်လို့ ယုံကြည်ပါ တယ်။ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာကို ထည့်သွင်းဆောင်ရွက်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ လုံခြုံရေးနဲ့ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ဖို့ တိုင်းဒေသကြီးအတွင်းက မြို့နယ်တွေမှာ CCTV Camera ၀၁၈ လုံးကို တပ်ဆင်ပေးခဲ့ပြီး CCTV Control Centre ယာဉ်ကြောထိန်းချုပ်ရေးစခန်း ဆောင်ရွက်နေမှုက ၇၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။

မေး။ ။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြို့တော်အင်္ဂါရပ်နဲ့အညီ အဆင့်မြှင့်တင်ထိန်းသိမ်းဆောင်ရွက်နေမှုတွေကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ရန်ကုန်မြို့ဟောင်း ဧရိယာတွေကို Smart City ဖြစ်နိုင်ဖို့၊ ရန်ကုန်ရဲ့ မြို့သစ်ဧရိယာတွေကို ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်လာနိုင်စေဖို့ ကြိုးစား နေပါတယ်။ ဒဂုံလေးမြို့နယ်ဆိုရင် မြို့ပြပုံစံတစ်ခု ဖြစ်လာနိုင်စေဖို့အတွက် ဘတ်ဂျက်ခွဲဝေလျာထားတဲ့နေရာမှာ စနစ်တကျသုံးစွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒဂုံလေးမြို့နယ်ဘက်သွားရင် ကွန်ကရစ်ခင်းထားတဲ့ လမ်းမကြီးတွေ၊ ရပ်ကွက်အတွင်းလမ်းတွေ၊ ဒါတွေ ပြုပြင် ဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ချက်ချင်းအပြီးအပြတ် မဆောင်ရွက်နိုင်တာက ဘတ်ဂျက်အကန့်အသတ်ရှိပါတယ်။ စတင်တာဝန် ယူခဲ့ချိန်မှာ ဘတ်ဂျက်ဘီလီယံ ၄၀၀ ကျော်လောက် ရှိပြီး ၂၀၁၈ - ၂၀၁၉ ဖြည့်စွက်ဘဏ္ဍာငွေအတည်ပြု ပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ အခုခန့်မှန်းထားတဲ့ အသုံးစရိတ် အားလုံးက ဘီလီယံ ၆၉၀ ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သုံးနှစ်တာကာလအတွင်း ဘီလီယံ ၂၅၀ လောက် တိုးမြှင့်ရှာဖွေပြီး တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူလူထုရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ပြည်သူလူထုအတွက် အကျိုးရှိမယ့်လမ်းတံတား လုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

၂၀-၁၂-၂၀၁၈ ရက်က ပိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်လမ်းမ၌တပ်ဆင်သော ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အပြာရောင်ကမ္ပည်းပြားအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတစ်ဦးက ဖွင့်လှစ်ပေးစဉ်။

ဒီအခြေအနေတွေကို ဆောင်ရွက်နေခြင်းဟာ ရန်ကုန်မြို့ပြကို မြို့ပြအမွေအနှစ်တွေ ထိန်းသိမ်းမယ်။ စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ရည်မှန်းချက်တွေအတွက်ဆောင်ရွက်နေတာဖြစ်ပါတယ်။ မြို့ပြအမွေအနှစ်အဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အတွင်းဝန်များရုံးကို ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုတွေ ဆောင်ရွက်နေတယ်။ ဆူးလေဘုရားဘေးနားမှာရှိတဲ့ တိုးရစ်ဘားမား အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းနေပြီဖြစ်ပါတယ်။ တချို့အဆောက်အအုံ ၂၈ ခု လောက်ကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) နဲ့ ပူးပေါင်းပြီး အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆင်ခဲ့တာ ၂၈ ခုရှိပါပြီ။

ဒါ့ပြင် မြို့ကိုစိမ်းလန်းစေဖို့အတွက် ကြိုးပမ်းနေပါတယ်။ ရန်ကုန်မြို့ဟာ ဥယျာဉ်မြို့တစ်မြို့လို ဖြစ်လာနိုင်အောင် ပြုပြင်သွားဖို့ လိုပါတယ်။ ဒါကြောင့်မို့ ပန်းခြံတွေကို အများကြီး ပြုပြင်ခဲ့ပါတယ်။ တစ်ချိန်က ပန်းခြံတွေအခြေအနေနဲ့ ယခုအခြေအနေတွေ ကို ကြည့်မယ်ဆိုရင် ပန်းခြံတွေ တော်တော်များများက စိမ်းလန်းပြီး တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဝမ်းသာစရာကောင်းတာက ပြည်သူတွေက ဒီပန်းခြံတွေကို အသုံးပြုပြီး အနားယူအပန်းဖြေ ကြတယ်။ အားကစားလုပ်ကြတာတွေကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

ကျွန်တော်တို့ မြို့ကို စိမ်းလန်းတဲ့မြို့တစ်မြို့အဖြစ် ထိန်းသိမ်းထားနိုင်ဖို့အတွက် ပင်လယ်ကမ်းခြေတစ်လျှောက် ဒီရေတောတွေစိုက်ဖို့အတွက် ကြိုးစားနေပါတယ်။ ဒီရေတောတွေကို ဧကနှစ်သောင်းကျော်လောက် ပျိုးထောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ မြို့ပြကို သဘာဝဘေးအန္တရာယ်ကနေ ထိန်းသိမ်းနိုင်ဖို့၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်ဖို့ဆိုရင် ကျွန်တော်တို့မြို့ဟာ စိမ်းလန်းတဲ့မြို့တစ်မြို့အဖြစ် ကျန်ခဲ့ဖို့ လိုပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ဆက်တည်ဆောက်သွားတဲ့ နေရာမှာ စိမ်းလန်းတဲ့ မြို့ပြတစ်ခုဖြစ်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်တဲ့နေရာမှာလည်း သဘာဝပတ်ဝန်းကျင်ကို မဖျက်ဆီးနိုင်တဲ့ ကျွန်တော်တို့ရဲ့ လေထု၊ ရေထုတွေကို ညစ်ညမ်းမှု မဖြစ်စေနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်နိုင်ဖို့အတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ စိစစ်ပြီးတော့ စနစ်တကျဆောင်ရွက်နေတယ်ဆိုတာ အသိပေးလိုပါတယ်။

မြို့ပြတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်သလို တစ်ဖက်ကနေ သဘာဝတရားကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။ ဒီနှစ်ခုဟာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝတရားကြီးရဲ့ ဖျက်ဆီးသွားမှုဟာ ဆန့်ကျင်ဘက်ကျတတ်ပါတယ်။ ဒါကို အချိုးညီညီမလုပ်နိုင်ဘူးဆိုရင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အတင်းအကျပ်ကိုင်တွယ်ရင်လည်း ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သလို ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး သဘာဝကိုမထိန်းသိမ်းတတ်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ မြို့ပြက တစ်ချိန်ချိန်မှာ ပြည်သူလူထုအတွက် အခက်အခဲကြုံလာနိုင်ပါတယ်။ နေချင်စဖွယ် မြို့ပြကြီးဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့်မို့ ဒီအနေအထားတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆောင်ရွက်နေပါတယ်။

အချပ်ပို (၉) သို့

၅-၁-၂၀၁၉ ရက်က ကျင်းပသည့် သာကေတမြို့နယ် **Fortune Plaza** တွင် သာကေတမြို့တည်နှစ် (၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။

> **“မြို့ကို စိမ်းလန်းတဲ့မြို့တစ်မြို့အဖြစ် ထိန်းသိမ်းထားနိုင်ဖို့အတွက် ပင်လယ်ကမ်းခြေတစ်လျှောက် ဒီရေတောတွေ စိုက်ဖို့အတွက် ကြိုးစားနေပါတယ်။ ဒီရေတောတွေကို ဧကနှစ်သောင်းကျော်လောက် ပျိုးထောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ မြို့ပြကို သဘာဝဘေးအန္တရာယ်ကနေ ထိန်းသိမ်းနိုင်ဖို့၊ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်စေနိုင်ဖို့ဆိုရင် ကျွန်တော်တို့မြို့ဟာ စိမ်းလန်းတဲ့မြို့တစ်မြို့အဖြစ် ကျန်ခဲ့ဖို့ လိုပါတယ်။”**

၈-၁-၂၀၁၉ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးရေပြင်အနီး၌ ကန်သာယာစင်တာဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးစဉ်။

ရန်ကုန်မြစ်အတွင်း ပြေးဆွဲပေးသည့် Water Bus ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အချပ်ပို (ဆ) မှ

မေး ။ ။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော် ဖြစ်တဲ့အတွက် တိုင်းဒေသကြီးအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို သိပါရစေ။

ဖြေ ။ ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ လုပ်နေရတဲ့အခြေအနေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေတွေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီထဲကနေမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှု တစ်ရပ်ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရကနေ ဒေါ်လာငါးသန်းနဲ့ ငါးသန်းအောက် လုပ်ငန်းတွေကို ခွင့်ပြုခွင့်ရလာခဲ့ပါတယ်။ ဒါ့ကြောင့် လစဉ် နှစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုတဲ့အပြင် နိုင်ငံမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီး ဖန်တီးပေးနိုင်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ စက်မှုဇုန် ၂၉ ခုနဲ့ အထူးစီးပွားရေးဇုန်ကြီး တစ်ခုရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက လတိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဆယ်ဂဏန်းလောက် လက်ခံအတည်ပြုပြီး ဆောင်ရွက်ပေးနေတာ ရှိပါတယ်။ ဒါကြောင့်မို့ လစဉ်လတိုင်း အလုပ်သမား ထောင်နဲ့ချီပြီး အလုပ်အကိုင်အခွင့်အလမ်းရဖို့ ဖန်တီးပေးနေပါတယ်။ ဒီဖန်တီးပေးတဲ့ အလုပ်အကိုင် အခွင့်အလမ်းနဲ့ လုပ်သားတွေက ကျွမ်းကျင်လုပ်သားတွေ ဖြစ်လာနိုင်ဖို့ လိုအပ်ပါတယ်။

အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတွေ တိုးပြီးဖွင့်လှစ်နိုင်ဖို့အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ ဒီဆောင်ရွက်မှုကနေ အလုပ်အကိုင်အခွင့်လမ်းတွေ ရလာမယ်။ ကျွမ်းကျင်လုပ်သားတွေ ဖြစ်လာမယ်ဆိုရင် ပြည်သူလူထုရဲ့ လူမှုဘဝတိုးတက်လာစေမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာ ရွှေ့ပြောင်းလာတဲ့ အလုပ်သမားတွေ ရန်ကုန်မြို့မှာ များပြားပါတယ်။ ဒီလိုရွှေ့ပြောင်းလာတဲ့ အလုပ်သမားတွေကို ရန်ကုန်မှာ နေရေးထိုင်ရေး အဆင်ပြေဖို့အတွက် လိုအပ်ပါတယ်။

ပြည်သူတွေရဲ့အဓိက ဘဝက စားဝတ်နေရေး ပြေလည်ဖို့ ဖြစ်ပါတယ်။ နေရေးက ရန်ကုန်အတွက် အင်မတန်အရေးကြီးပါတယ်။ ADB ရဲ့လေ့လာသုံးသပ်ချက်အရ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ရာစီမံကိန်းတွေ တည်ဆောက်ဖို့နဲ့ နေစရာ နှစ်စဉ်အခန်းပေါင်း တစ်သိန်းလောက် ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ဒါမှသာ ဆယ်စုနှစ်တစ်ခုအကြာမှာ ရန်ကုန်မြို့ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ မြို့ကြီးအဖြစ်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ဒီလိုမဟုတ်ရင် ကျူးကျော်နေထိုင်သူတွေနဲ့ မြို့ပြကြီးရဲ့ တင့်တယ်မှုကို ပျက်ပြားသွားနိုင်ပြီး တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာနိုင်စရာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့နေရေးနဲ့ ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုအစိုးရဘက်က ဒီအပေါ်မှာ တွန်းအားပေးပြီး ကူညီဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဘက်ကလည်း ရန်ကုန်မှာ အိမ်ရာစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် တိုင်းဒေသကြီးအစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာတွေ ရှိပါတယ်။

မေး ။ ။ ဝန်ကြီးချုပ်အနေနဲ့ ပြည်သူတွေ သိရှိစေဖို့ ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။

ဖြေ ။ ။ သုံးနှစ်တာကာလအတွင်းမှာ တိုင်းဒေသကြီးအနေနဲ့ ကျွန်တော်တို့ ရန်ကုန်မြို့ကို တကယ့်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် နိုင်ငံတကာ ညှော့သည်တွေ၊ မြို့ပြမှာ နေထိုင်သူတွေက မြို့အပေါ်မှာ ယုံကြည်မှု၊ သူတို့ရဲ့မြို့အပေါ်မှာ သူတို့ ဂုဏ်ယူတတ်မှုကို ဖြစ်စေလိုပါတယ်။ တစ်ဖက်မှာလည်း စိမ်းလန်းတဲ့ မြို့ပြတစ်ခုဖြစ်ဖို့အတွက် ဆက်လက်ထိန်းသိမ်းသွားဖို့ လိုပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး တကယ့်ကို စီးပွားရေးမြို့တော်ကြီးတစ်ခုနဲ့ မြို့သူမြို့သားတွေက နေချင်စဖွယ်ဖြစ်တယ်ဆိုတဲ့ အခြေအနေကို ရည်မှန်းချက်ထားပြီး ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီရည်မှန်းချက်တွေကို ဆောင်ရွက်တဲ့နေရာမှာ သုံးနှစ်အတွင်း ပန်းတိုင်ရောက်လိမ့်မယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ခြေလှမ်းတွေကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ ဒီလိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူတွေရဲ့ လူမှုဘဝကို ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ စားဝတ်နေရေး လုံခြုံစိတ်ချရနိုင်တဲ့ လူမှုဘဝတွေ ဖန်တီးပေးနိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ သုံးနှစ်တာကာလကို ပြန်ကြည့်လိုက်ရင် ကျေနပ်စရာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရတဲ့ အခက်အခဲတွေ များစွာရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ပြည်သူနဲ့အတူ ဆက်လက်ကြိုးပမ်းသွားဖို့အတွက် အမြဲတစေဆောင်ရွက်နေမှာ ဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ရှင့်။ ။

၂၅-၈-၂၀၁၈ ရက် ဖွင့်လှစ်ခဲ့သည့် ဂျပန်အင်ဂျင်နီယာများ အဆင့်မြင့်နည်းပညာများ အသုံးပြုကာတည်ဆောက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်ကြားရှိ ပုဇွန်တောင်ချောင်းကူး ဒေါပုံတံတားသစ်ကို တွေ့ရစဉ်။

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
၂၀၁၉ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့

အနာဂတ်သို့သယ်ဆောင်သွားနိုင်သော
မြို့တော်ရန်ကုန်၏သင်ခန်းစာများ

ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - အာကာစိုး

ယခု အခါ ရန်ကုန်မြို့တော်ကြီးဟာ နှစ်ဟောင်းတစ်ခုကို နှုတ်ဆက်ရင်း နှစ်သစ်ရဲ့ အနာဂတ်ခရီးလမ်းများကို ဆက်လက်လျှောက်လှမ်းနေဆဲကာလဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ကြီးမှာ နေထိုင်တဲ့ မြို့တော်သူ မြို့တော်သားအပေါင်းဟာ ကျက်သရေမင်္ဂလာရှိစွာနဲ့နှစ်သစ်တစ်ခုကို ဖြတ်သန်းနိုင်ခဲ့ကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဟာ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးမှာ သက်ကြီးဘိုးဘွားများကို အမွှေးနံ့သာရည်များ ပက်ဖျန်းရင်း ထောက်ပံ့အလှူငွေများ ပေးအပ်ခဲ့ကြပါတယ်။ ရန်ကုန်မြို့တော်သူ မြို့တော်သား အပေါင်းဟာလည်း ငါးသားပေါက်များနှင့် ကျေးငှက်ကလေးများကို ဇီဝိတဒါနဘေးမဲ့လွှတ်ရင်း ကုသိုလ်ယူခဲ့ကြပါတယ်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ မြို့တော်ရန်ကုန်အနှံ့မှာရှိတဲ့ တန်ခိုးကြီးဘုရား စေတီများမှာ သွားရောက်ကုသိုလ်ယူ အလှူဒါနပြုကြသူများဖြင့် အလွန်စည်ကားခဲ့ရပါတယ်။ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အိမ်များ၊ လမ်းများမှာလည်း နှစ်သစ်ကူးပရိတ်တရားနာယူမှုများဖြင့် စည်ကားခဲ့ပါတယ်။ ရန်ကုန်မြို့သူမြို့သားတွေအနေနဲ့ အနာဂတ်ကို လျှောက်လှမ်းရမယ့် အချိန်မှာ အတိတ်က သင်ခန်းစာယူစရာများကိုလည်း ချန်လှပ်ထားလို့ မရစကောင်းပါ။ ယခုပြီးဆုံးခဲ့တဲ့ သင်္ကြန်ပွဲတော်ကာလမှာ လူငယ်ထုအတွင်း အရင်ကလောက် အရက်သေစာသောက်စားမှု မရှိသည်ကတော့ အမှန်ပါ။

သို့သော်လည်း မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြို့တော်ရန်ကုန်မှာ ရှက်ဖွယ်လိလိဖြစ်ခဲ့ရတဲ့ အကြောင်းအရာတချို့ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါတွေကတော့ အင်းလျားကန်ပေါင်ပေါ်က အလှဆင်ထားတဲ့ ထီးကလေးများကို ဖြုတ်ယူသွားခြင်း၊ ခရီးသည်တင်ယာဉ် အစီးရေနည်းပါးချိန်ကို အခွင့်ကောင်းယူ ဈေးတက်ခဲ့တဲ့ ယာဉ်စီးခဈေးနှုန်းနဲ့ အတန်တန် လူထုလှုပ်ရှားမှုများ အသိပညာပေးမှုများ ပြုလုပ်နေပါလျက်နှင့် ကြုံတွေ့ရာနေရာမှာ စည်းကမ်းမဲ့ စွန့်ပစ်ခဲ့တဲ့ အမှိုက်ကိစ္စများပဲ ဖြစ်ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ မဟာသင်္ကြန်ပွဲတော်ကာလမှာ ရန်ကုန်မြို့အနှံ့မဏ္ဍပ်ကြီး၊ မဏ္ဍပ်လတ်များဟာ ယခင်နှစ်များထက်စာရင် အင်မတန်နည်းပါးခဲ့ပါတယ်။ သို့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရန်ကုန်သူ ရန်ကုန်သားများ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်စေရေးအတွက် လမ်းလျှောက်သင်္ကြန်များကို နေရာငါးနေရာအထိ တိုးချဲ့ခွင့်ပြုပေးခဲ့ပါတယ်။ ယခုနှစ်မှာ လမ်းလျှောက်သင်္ကြန်များ စည်ကားခဲ့သလို မိသားစုရေကစားမဏ္ဍပ်ကလေးများကလည်း နေရာအနှံ့မှာ ပြန်လည်ထွက်ပေါ်လို့လာပါတယ်။ ဒါကြောင့် ရန်ကုန်သင်္ကြန်ဟာ ယခင်နှစ်ကထက် ပိုမိုစည်ကားသက်ဝင်လာပါတယ်။ ဒီလိုအများပြည်သူ စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် နှစ်သစ်ကူးခိုက်မှာ အင်းလျားကန်ပေါင်ပေါ်မှာ အလှဆင်ထားတဲ့ ပုသိမ်ထီးကလေးများကို ဖြုတ်ယူခြင်းခံလိုက်ရပါတယ်။ ထီးဖြုတ်ယူသူတွေအနေနဲ့ ဘယ်လိုသဘောနဲ့ပဲဖြုတ်သည်ဖြစ်စေ အလှအပကို တန်ဖိုးထားမြတ်နိုးသော ရန်ကုန်သူ ရန်ကုန်သားတို့အတွက် စိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်ခဲ့ရသည်တော့ အမှန်ပဲဖြစ်ပါတယ်။

အချပ်ပို (ဃ) သို့

“နှစ်သစ်ကူးကာလအတွင်း နေ့နေ့ညည ရန်ကုန်မြို့အနှံ့မြင်တွေ့ရသော ဝန်ထမ်းများမှာ အစိမ်းရောင်အပေါ်ဝတ်စုံကို ဆင်မြန်းထားသော ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ ဝန်ထမ်းများ၊ ထင်သာမြင်သာ လိမ္မော်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော သန့်ရှင်းရေးဌာနမှဝန်ထမ်းများဖြစ်သည်။”

အခြေခံပြည်သူတွေအတွက် ကျန်စစ်မင်းအိမ်ရာစီမံကိန်း

ဇင်လင်းမြင့်

မြန်မာနိုင်ငံ နေရာဒေသအသီးသီးကနေပြီး အလုပ်အကိုင်ကြောင့် လာရောက်ရွှေ့ပြောင်း နေထိုင်ကြတဲ့သူတွေ တဖြည်းဖြည်းများပြားလာတဲ့ ရန်ကုန်မြို့ဟာ နှစ်စဉ်နေစရာတိုက်ခန်းတွေ လိုအပ်မှုပိုမိုများပြားလာနေပါတယ်။ ဒါကြောင့်မို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရန်ကုန်မြို့မှာ တစ်နှစ်ကို တိုက်ခန်းပေါင်း တစ်သိန်းခန့် တည်ဆောက်ထွက်ပေါ်လာဖို့ လိုအပ်နေတာကို ဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားနေပါတယ်။

"ရန်ကုန်မြို့ဟာ နောင် ၁၀ နှစ်မှာ နေထိုင်ရေးကိစ္စက ထိပ်ဆုံးကို ရောက်လာမှာဖြစ်ပါတယ်။ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေကြောင့် ရွှေ့ပြောင်းလာသူတွေ များပြားလာတာနဲ့အမျှ နေစရာလိုအပ်ချက်တွေလည်း မြင့်မားလာပါတယ်။ ဒါကြောင့်အစိုးရက မြေနေရာထည့်ပြီး ရင်းနှီးမြှုပ်နှံသူက တန်ဖိုးနည်းတိုက်ခန်းတွေ ဆောက်လုပ်နိုင်ဖို့အတွက် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေကိုပါ ဖိတ်ခေါ်ထားတယ်"လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။

အခုဆိုရင် လှိုင်သာယာမြို့နယ်မှာ ကျန်စစ်မင်းအိမ်ရာစီမံကိန်းကို တည်ဆောက်နေတာဟာ အဲဒီစီမံကိန်းအပိုင်း(၁)က ၈၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ သတင်းအချက်အလက်တွေအရ သိရပါတယ်။ အိမ်ခန်းပေါင်း ၂၀၀၀ ကျော်ပါဝင်တဲ့ အဲဒီ ကျန်စစ်မင်းအိမ်ရာစီမံကိန်းဟာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုဖြစ်ပြီး ဝင်ငွေအသင့်အတင့်ရှိတဲ့ အိမ်ထောင်စုတွေ လက်လှမ်းမီနိုင်တဲ့ ဈေးနှုန်း သတ်မှတ်ပေးထားပါတယ်။

လှိုင်သာယာမြို့နယ်မှာ တည်ဆောက်နေတဲ့ ကျန်စစ်မင်းအိမ်ရာစီမံကိန်းဟာ မြေဧက ၅၀ ခန့်ပေါ်မှာ အိမ်ရာအဆောက်အအုံ ၁၁ လုံး ပါဝင်ပြီး လေးခန်းတွဲ ငါးထပ်အဆောက်အအုံများ၊ ခြောက်ခန်းတွဲ ငါးထပ်အဆောက်အအုံများ၊ ၁၂ ထပ် ငါးထပ်အဆောက်အအုံများ ပါဝင်သော အိမ်ခန်းပေါင်း ၂၃၇၂ ခန်းအထိ ဖော်ထုတ်တည်ဆောက်မှာ ဖြစ်ပါတယ်။

အဲဒီကျန်စစ်မင်းအိမ်ရာစီမံကိန်းကို အပိုင်း (၁) တည်ဆောက်ပြီးစီးမှု ၈၈ ရာခိုင်နှုန်း အနေအထားဖြစ်တဲ့ ၂၀၁၉ ခုနှစ် မတ် ၁၀ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ တာဝန်ရှိသူတွေ တက်ရောက်ခဲ့ကြပါတယ်။ အခု ၂၀၁၉ ခုနှစ် ဧပြီလနောက်ဆုံးပတ်အထိ တည်ဆောက်ရေးလုပ်ငန်းတွေဟာ အပိုင်း (၁)မှာ ၉၀ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ပါတယ်။

ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းရဲ့ စုစုပေါင်းလုပ်ငန်းတန်ဖိုးဟာ ငွေကျပ် ၃၆၁၁၀၇ ဒသမ ၄၂ သိန်းခန့်ရှိတယ်လို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရပါတယ်။ တိုက်ခန်းတစ်ခန်းရဲ့ တည်ဆောက်နေတဲ့ ကုန်ကျစရိတ်ကို လျှော့ကျအောင် မြေနေရာကို သုညတန်ဖိုးအထိ သတ်မှတ်ပေးမယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။

မြို့ပြနဲ့အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်နေတဲ့ တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာနှင့်တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ဆက်ပြီး နှစ်ရှည်အရစ်ကျစနစ်ဖြင့် ဝန်ထမ်းတွေ၊ ပြည်သူတွေကို ရောင်းချပေးနေပါတယ်။

အခုဆိုရင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းအိမ်ရာ အပိုင်း(၂)မှ တိုက်ခန်းပေါင်း ၂၈၁ ခန်း၊ ရွှေလင်ပန်းအိမ်ရာ အပိုင်း(၃)မှ တိုက်ခန်းပေါင်း ၁၇၄ ခန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)ရှိ ယုဇနအိမ်ရာစီမံကိန်းမှ တိုက်ခန်းပေါင်း ၆၃၉ ခန်း၊ ကနောင်အိမ်ရာစီမံကိန်းမှ တိုက်ခန်းပေါင်း ၂၄၃ ခန်းစတဲ့

"လှိုင်သာယာမြို့နယ်မှာ တည်ဆောက်နေတဲ့ ကျန်စစ်မင်းအိမ်ရာစီမံကိန်းဟာ မြေဧက ၅၀ ခန့်ပေါ်မှာ အိမ်ရာအဆောက်အအုံ ၁၁ လုံး ပါဝင်ပြီး လေးခန်းတွဲ ငါးထပ်အဆောက်အအုံများ၊ ခြောက်ခန်းတွဲ ငါးထပ်အဆောက်အအုံများ၊ ၁၂ ထပ် ငါးထပ်အဆောက်အအုံများ ပါဝင်သော အိမ်ခန်းပေါင်း ၂၃၇၂ ခန်းအထိ ဖော်ထုတ်တည်ဆောက်မှာဖြစ်"

တိုက်ခန်းတွေကို အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှာ ငွေစုဆောင်းထားတဲ့ ပြည်သူတွေ ဝယ်ယူလို့ရနေပြီဖြစ်ပါတယ်။

တိုက်ခန်းဝယ်ယူသူတွေဟာ တိုက်ခန်းဝယ်ယူနိုင်ဖို့ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID) မှာ ငွေစုထားသူ စုစုပေါင်း ၂၅၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ အတိုးနှုန်းသက်သာတဲ့ ဂျပန်နိုင်ငံရဲ့ ODA ချေးငွေနဲ့လည်း ဝယ်ယူလို့ရနိုင်ပါတယ်။ ဂျပန်ချေးငွေနဲ့ ဝယ်ယူမယ်ဆိုရင် အတိုးနှုန်းက ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေသက်တမ်းကိုတော့ ၁၅ နှစ်အထိ သတ်မှတ်ထားကြောင်း သိရပါတယ်။

ရန်ကုန်မြို့နေပြည်သူတွေ နေထိုင်စရာ အခက်အခဲကို ဖြေရှင်းဖို့အတွက် တန်ဖိုးနည်းအိမ်ရာတွေကို ဖန်တီးဖော်ဆောင်နေတာဟာ အခက်အခဲအချို့ရှိပေမယ့် အောင်မြင်မှုတွေ ရရှိနေပါတယ်။ ပြည်တွင်းက ဆောက်လုပ်ရေးကုမ္ပဏီတွေအပြင် နိုင်ငံတကာက ကုမ္ပဏီတွေလည်း စိတ်ဝင်စားမှုတွေရှိနေတာမို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေတာတွေလည်း ရှိနေပြီဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာနေထိုင်တဲ့ ပြည်သူတွေဟာ အိမ်ခန်းလိုအပ်ချက်မြင့်မားနေတာမို့ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာတွေကို လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့ပိုင်း) စတဲ့နေရာတွေမှာ တည်ဆောက်ဖို့ရှိနေသလို၊ တည်ဆောက်နေဆဲ စီမံကိန်းတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် တည်ဆောက်ဖို့ စီမံကိန်းတွေလည်း ဆွေးနွေးနေပါတယ်။

လှိုင်သာယာမြို့နယ်မှာ တိုက်ခန်းပေါင်း တစ်သိန်းခန့် ထုတ်ဖော်တည်ဆောက်ဖို့အတွက်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ အဲဒီစီမံကိန်း အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင်တော့ ကျူးကျော်နေထိုင်သူတွေ များပြားတဲ့ လှိုင်သာယာမြို့နယ်အပြင် အခြားမြို့နယ်တွေက ကျူးကျော်နေထိုင်သူတွေအတွက်ပါ တိုက်ခန်းတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒီလိုတိုက်ခန်းတွေ ဖော်ထုတ်တည်ဆောက်ပြီးတဲ့အခါ တန်ဖိုးနည်း၊ တန်ဖိုးမျှတတဲ့ တိုက်ခန်းဈေးနှုန်းတွေနဲ့ သာမန်အခြေခံ ပြည်သူတွေ လက်လှမ်းမီဝယ်ယူနိုင်ဖို့ ကျပ်သိန်း ၁၀၀ အောက်ဈေးနှုန်းတွေနဲ့ အသက်သာဆုံး ဝယ်ယူနိုင်ဖို့အတွက်ပါ ကြိုတင်စီစဉ်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ မြေတန်ဖိုးသုညအထိ လျှော့ချနိုင်ဖို့ မြေနေရာတွေ ရှာဖွေစိစစ်နေပါတယ်။

ပြည်သူတွေအနေနဲ့ လစဉ်တိုက်ခန်းတန်ဖိုးအတွက် သွင်းငွေဟာ ပမာဏနည်းပါးပြီး အနည်းဆုံး ၁၅ နှစ်ခန့် နှစ်ရှည်သွင်းနိုင်ဖို့အတွက်လည်း အစီအစဉ်တွေ ချမှတ်နေပါတယ်။ ဒါမှလည်း ဝင်ငွေနည်း သာမန်အခြေခံပြည်သူတွေက ကိုယ်ပိုင်တိုက်ခန်းဝယ်ယူနိုင်ဖို့၊ ပိုင်ဆိုင်နိုင်ဖို့ အိပ်မက်တွေ အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရကလည်း အခြေခံပြည်သူတွေ ကိုယ်ပိုင်တိုက်ခန်းပိုင်ဆိုင်နိုင်ဖို့ ရည်ရွယ်ပြီး အနည်းဆုံး ၁၅ နှစ်အထက် နှစ်ရှည်လစဉ် အရစ်ကျငွေသွင်းစနစ်နဲ့ အကောင်အထည်ဖော် တည်ဆောက်နိုင်မယ့် ပြည်တွင်းပြည်ပကုမ္ပဏီတွေကို ရှာဖွေပြီး ဦးစားပေးဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အခြေခံပြည်သူတွေအတွက် လစဉ်ပေးသွင်းနိုင်တဲ့ တိုက်ခန်းတန်ဖိုးပမာဏဖြစ်ဖို့၊ တိုက်ခန်းဈေးနှုန်းသက်သာဖို့၊ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး ချေးငွေနဲ့ ဝယ်ယူနိုင်ဖို့အတွက်လည်း အစီအစဉ်တွေရှိနေပါတယ်။

ရန်ကုန်မြို့မှာ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းနဲ့ ကျူးကျော်နေထိုင်သူတွေအတွက်ပါဆိုရင် စုစုပေါင်း တိုက်ခန်းသုံးသိန်းကျော် လိုအပ်နေတာမို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ အဲဒီလိုအပ်ချက်ကို

အချပ်ပို(၈)သို့

ဘုရင့်နောင် အမှတ်(၂)တံတားပေါ်မှ တစ်လမ်းမောင်းသံပန်းအကာများကို တိုင်းဒေသကြီးရန်ပုံငွေ ရရှိပါက အစားထိုးတပ်ဆင်သွားမည်

သန်းစိုး

ဘုရင့်နောင် အမှတ်(၂) တံတားကို တွေ့ရစဉ်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ လမ်းနှင့်တံတားများ ခင်းကျင်းတည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ လှိုင်မြစ်ကူး တံတားတစ်စင်းဖြစ်သော ဘုရင့်နောင် အမှတ်(၂)တံတား၏ တစ်လမ်းမောင်းသံပန်းအကာများ ယာဉ်တိုက်မှုကြောင့် ပျက်စီးနေမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် သံပန်းအသစ်များ အစားထိုးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ် သင်္ကြန်ကာလအကြတ်နေ့ ညပိုင်းက ဘုရင့်နောင် အမှတ်(၂) တံတား၏ တစ်လမ်းမောင်းတွင် ကာရံထားသော အရှည်ရှစ်ပေ၊ အမြင့်လေးပေခန့်ရှိ သံပန်းခုနစ်ချပ်အား ယာဉ်တစ်စီးမှ တိုက်ခဲ့ပြီး နှစ်ကုန်ပိုင်းတွင် သံပန်းလေးချပ် ထပ်မံပျက်စီးခဲ့၍ ထိုပျက်စီးသွားသော သံပန်းများကို ယခုနှစ်သင်္ကြန်ကာလ ပြီးဆုံးသွားသည့်တိုင် အစားထိုးတပ်ဆင်နိုင်မှု မရှိသေးရာ တံတားပေါ်တွင် နေ့စဉ်ဖြတ်သန်းနေသောယာဉ်များ အန္တရာယ်ကင်းဝေးစေရန် တစ်လမ်းမောင်းရှိ သံပန်းများကို မြန်ဆန်စွာ တပ်ဆင်ရန်လိုအပ်မှုကြောင့် ယခုနှစ်မေနှင့် ဇွန်လတို့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိပါက တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

“လက်ရှိပျက်စီးနေတာတွေကို မကြာခင် ပြန်လဲမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တင်ပြပြီးတော့ ရန်ပုံငွေ တောင်းခံထားတာရှိတယ်။ ဖြည့်စွက်ရန်ပုံငွေမှာပေးဖို့ လျာထားတယ်ထင်တယ်။ ကောင်းတဲ့သံပန်းတွေချန်ပြီး မကောင်းတာတွေကို အစားထိုးလဲသွားမှာပါ တံတားအဆက်နေရာတွေ မပျက်စီးအောင်နဲ့ ဘလောက်တုံးတွေ ဆေးသုတ်ခြင်းလုပ်ငန်းကို လုပ်ဆောင်နေပါတယ်။ တိုင်းဒေသကြီးဘတ်ဂျက် ဖြည့်စွက်ရန်ပုံငွေရတာနဲ့ နောက်အကျဆုံးဇွန်လဆိုရင် ပြုပြင်လုပ်ဆောင်လို့ ရပါပြီ”ဟု တံတားအထူးအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

ရန်ကုန်မြို့၏လှိုင်မြစ်ကူးတံတားကြီး လေးစင်းတွင် ဘုရင့်နောင်အမှတ်(၁)နှင့် ဘုရင့်နောင်အမှတ်(၂) တံတားနှစ်စင်းသည် ရန်ကုန်-ပုသိမ်ကားလမ်းမကြီး အမှတ်/၅ အမြန်လမ်းအတွက် စီးပွားရေးအရ အချက်အချာကျသော တံတားကြီးနှစ်စင်းလည်းဖြစ်ကာ ထိုတံတားကြီးနှစ်စင်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီးလုံးများ ပျက်နေသည်မှာ နှစ်ချီကြာမြင့်ပြီဖြစ်ရာ ကျန်ရှိသော မီးအလင်းရောင်ဖြင့် ယာဉ်များ ညပိုင်းမှောင်လုလုအောက်တွင် ဖြတ်သန်းသွားလာလျက်ရှိပြီး နှစ်ချီကြာ တစ်လမ်းမောင်းလမ်းပိုင်းရှိ သံပန်းအကာများ ပျောက်ကွယ်နေမှုကိုလည်း ယာဉ်အန္တရာယ်မဖြစ်စေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေရရှိပါက အစားထိုးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ ။

“လက်ရှိပျက်စီးနေတာတွေကို မကြာခင်ပြန်လဲမှာပါ။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှာ တင်ပြပြီးတော့ ရန်ပုံငွေ တောင်းခံထားတာရှိတယ်။ ဖြည့်စွက်ရန်ပုံငွေမှာပေးဖို့ လျာထားတယ်ထင်တယ်။ ကောင်းတဲ့သံပန်းတွေချန်ပြီး မကောင်းတာတွေကို အစားထိုးလဲသွားမှာပါ။ တံတားအဆက်နေရာတွေ မပျက်စီးအောင်နဲ့ ဘလောက်တုံးတွေ ဆေးသုတ်ခြင်းလုပ်ငန်းကို လုပ်ဆောင်နေပါတယ်။ တိုင်းဒေသကြီးဘတ်ဂျက် ဖြည့်စွက်ရန်ပုံငွေရတာနဲ့ နောက်အကျဆုံးဇွန်လဆိုရင် ပြုပြင်လုပ်ဆောင်လို့ ရပါပြီ”

အချပ်ပို(ခ)မှ

ပြည်သူတွေအနေနဲ့ လစဉ်တိုက်ခန်းတန်ဖိုးအတွက် သွင်းငွေဟာ ပမာဏနည်းပါးပြီး အနည်းဆုံး ၁၅ နှစ်ခန့် နှစ်ရှည်သွင်းနိုင်ဖို့အတွက်လည်း အစီအစဉ်တွေ ချမှတ်နေပါတယ်။ ဒါမှလည်း ဝင်ငွေနည်း သာမန်အခြေခံပြည်သူတွေက ကိုယ်ပိုင်တိုက်ခန်းဝယ်ယူနိုင်ဖို့၊ ပိုင်ဆိုင်နိုင်ဖို့ အိပ်မက်တွေ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရကလည်း အခြေခံပြည်သူတွေ ကိုယ်ပိုင်တိုက်ခန်းပိုင်ဆိုင်နိုင်ဖို့ ရည်ရွယ်ပြီး အနည်းဆုံး ၁၅ နှစ်အထက် နှစ်ရှည်လစဉ် အရစ်ကျငွေသွင်းစနစ်နဲ့ အကောင်အထည်ဖော် တည်ဆောက်နိုင်မယ့် ပြည်တွင်းပြည်ပကုမ္ပဏီတွေကို ရှာဖွေပြီး ဦးစားပေးဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ အခြေခံပြည်သူတွေအတွက် လစဉ်ပေးသွင်းနိုင်တဲ့ တိုက်ခန်းတန်ဖိုးပမာဏဖြစ်ဖို့၊ တိုက်ခန်းဈေးနှုန်းသက်သာဖို့၊ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး ချေးငွေနဲ့ ဝယ်ယူနိုင်ဖို့အတွက်လည်း အစီအစဉ်တွေရှိနေပါတယ်။

ရန်ကုန်မြို့မှာ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းနဲ့ ကျူးကျော်နေထိုင်သူတွေအတွက်ပါဆိုရင် စုစုပေါင်း တိုက်ခန်းသုံးသိန်းကျော် လိုအပ်နေတာမို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ အဲဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ အစိုးရသစ်တာဝန်စတင်ယူကတည်းက ဦးစားပေးကြိုးပမ်းနေတာဖြစ်ပါတယ်။

အိမ်ရာစီမံကိန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ဂျပန်နိုင်ငံက ကျပ်ဘီလီယံ ၁၅၀ ကို နှစ်ဆင့်ချေးငွေအဖြစ် ပထမဆုံးထုတ်ချေးဖို့ သဘောတူထားပြီး ဖြစ်ပါတယ်။ အဲဒီချေးငွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ထုတ်ချေးဖို့ စီစဉ်ထားပါတယ်။

ရန်ကုန်မြို့ဟာ လက်ရှိလူဦးရေ ငါးသန်းကျော် နေထိုင်နေပြီး လာမယ့် ၂၀၄၀ ပြည့်ခန့်မှာ လူဦးရေ ၁၀ သန်းခန့်အထိ တိုးပွားလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် အိမ်ရာတိုက်ခန်းတွေ ဖော်ထုတ်တည်ဆောက်နိုင်ဖို့ မဖြစ်မနေ စီမံကိန်းချ ဆောင်ရွက်နေခြင်းဖြစ်ပြီး တတ်နိုင်သမျှ တန်ဖိုးသက်သာစွာနဲ့ အရည်အသွေးမီနိုင်ရေး အလေးထားဆွေးနွေးစီစဉ်နေကြခြင်း ဖြစ်ပါတယ်။

အဲဒီအချိန်မှာ တိုးပွားလာမယ့် လူဦးရေအတွက် နေရာတိုက်ခန်းတွေ အဆင်မပြေရင် မလိုလားအပ်တဲ့ ရာဇဝတ်မှုခင်းတွေ၊ လူမှုဘဝနေထိုင်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ၊ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုတွေနဲ့အတူ ရန်ကုန်မြို့တော်ရဲ့ပုံရိပ်ကို ထိခိုက်စေနိုင်မယ့် ဖြစ်ရပ်တွေ ပေါ်ထွက်လာနိုင်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တာနဲ့အညီ ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ ပေါများတာမို့ အလုပ်အကိုင်အခွင့်အလမ်းလည်း လူငယ်တွေအတွက် များပြားပါတယ်။ ဒ့ါအပြင် ပညာရေးဆိုင်ရာ ဖြည့်ဆည်းမှုတွေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်ကြားမှုတွေအပြင် ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ဖို့ ရန်ကုန်မြို့ဟာ လေကြောင်းခရီးစဉ် အဓိကထွက်ပေါက်လည်း ဖြစ်နေပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးမှာရှိတဲ့ လူငယ်တွေဟာ အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး စီးပွားရေးလုပ်ကိုင်ဖို့၊ အတတ်ပညာသင်ကြားဖို့ ရန်ကုန်မြို့ကို လစဉ်၊ နှစ်စဉ်လာရောက်နေထိုင်ကြသူတွေ တိုးပွားနေဦးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်တွေမှာ လာရောက်လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ မြန်မာနိုင်ငံ နေရာဒေသအသီးသီးကဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတစ်ခုတည်းက ၅၀ ရာခိုင်နှုန်းခန့်ရှိနေတယ်လို့ ဆိုပါတယ်။

လူဦးရေနေထိုင်မှုများပြားလာတဲ့ လှိုင်သာယာမြို့နယ်မှာ ကျူးကျော်နေထိုင်သူတွေလည်း ပေါများတာမို့ ကျန်စစ်မင်းအိမ်ရာစီမံကိန်းကို တန်ဖိုးနည်း၊ တန်ဖိုးသင့် နှုန်းထားတွေနဲ့ ရောင်းချပြီး လာမယ့် ၂၀၂၂ ခုနှစ်မှာ အပြီးတည်ဆောက်အကောင်အထည်ဖော်မှာဖြစ်တာမို့ အိမ်ခန်းပေါင်း ၂၀၀၀ ကျော် ထွက်ရှိလာမယ့် ကျန်စစ်မင်းအိမ်ရာစီမံကိန်းဟာ အိမ်ရာတိုက်ခန်းလိုအပ်နေတဲ့ ပြည်သူတွေအတွက် မျှော်လင့်ချက်ပြည့်ဝစေမယ့် စီမံကိန်းတစ်ခုအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် ဟွာဝေး ICT ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုး

သန်းထိုက်

မြန်မာနိုင်ငံ အင်ဂျင်နီယာတို့၏ အရည်အသွေးမြှင့်တင်ရေးနှင့် အိမ်တွင်းကွန်ရက်လွှမ်းခြုံမှု ထုတ်လွှင့်တိုးတက်ရေး စံချိန်စံညွှန်းမြင့်မားရန် Huawei နှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်နှစ်တာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲကို ဧပြီ ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာပလာဇာ Huawei CSIC ခန်းမတွင် ကျင်းပသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်နှင့် Huawei ပူးပေါင်း၍ အစိုးရနှင့် ဆက်သွယ်ရေး အော်ပရေတာများ၊ လုပ်ငန်းနယ်ပယ်အတွင်းရှိ လေ့လာစမ်းစစ်သည့်အဖွဲ့အစည်းများ၊ အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်တွင်းကွန်ရက်များ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပြီး အိမ်တွင်းကွန်ရက်လွှမ်းခြုံမှုများ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ထိပ်သီးအစည်းအဝေးပွဲများကို ရေရှည်ပူးပေါင်းကျင်းပရန်၊ အိမ်တွင်းကွန်ရက်လွှမ်းခြုံမှုနှင့် FTTH စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် အရောင်းမြှင့်တင်ရေးတို့တွင် အကူအညီပေးရန် သဘောတူညီခဲ့ကြသည်။

Huawei နှင့် ပူးပေါင်း

ထို့အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သည် cloud e-learning ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ပေးသည့် အစီအစဉ်များနှင့် အလုပ်သင်အစီအစဉ်များ အပါအဝင်အခြား လုပ်ငန်းနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Huawei နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဟွာဝေးက ကျွန်တော်တို့အသင်းနဲ့ ICT ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံဆောင်ရွက်ခဲ့ပြီး သဘောတူလက်မှတ်ရေးထိုးတာ ဖြစ်ပါတယ်။ ICT နဲ့ ပတ်သက်ပြီး အဆောက်အဦတွေမှာလည်း လိုအပ်လာတာကြောင့် ဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး ဘယ်လိုထည့်သွင်းဆောင်ရွက်မယ်ဆိုတာ ဟွာဝေးနဲ့ နှစ်နှစ်တာ သဘောတူလက်မှတ်ရေးထိုးတာဖြစ်ပါတယ်။ အတူတကွဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှုဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ်လို့ မြင်ပါတယ်"ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာတို့၏ အရည်အသွေးမြှင့်တင်ရေးနှင့် အိမ်တွင်းကွန်ရက်လွှမ်းခြုံမှု ထုတ်လွှင့်တိုးတက်ရေး စံချိန်စံညွှန်းမြင့်မားရန် Huawei နှင့် ပူးပေါင်းဆောင်ရွက်မှု နှစ်နှစ်တာ သဘောတူညီမှု လက်မှတ်ရေးထိုးစဉ်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သည် မြန်မာနိုင်ငံအတွင်းရှိ အင်ဂျင်နီယာအားလုံးပါဝင်နိုင်သည့် ပထမဆုံးအဖွဲ့အစည်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် ရပ်တည်လျက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် သင်းလုံးကျွတ်ညီလာခံကို ကျင်းပခဲ့ကာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်အဖြစ် တစ်ဆင့်တိုးမြှင့် ဆောင်ရွက်ခဲ့သည်။မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် တိုင်းဒေသကြီးအလိုက် အသင်းခွဲပေါင်း ၂၃ သင်းနှင့် အင်ဂျင်နီယာအသင်းဝင်ပေါင်းခြောက်သောင်းကျော်ရှိကြောင်း သိရသည်။

စံချိန်စံညွှန်းတွေ သတ်မှတ်

"ICT ကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ဖို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နဲ့ နှစ်နှစ်တာ သက်တမ်းရှိ သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့တာကို ဟွာဝေးအနေနဲ့ ဂုဏ်ယူပါတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ကို လိုအပ်တဲ့ အထောက်အပံ့တွေပေးတာဟာ အနာဂတ် ဒစ်ဂျစ်တယ် ကမ္ဘာကို အရောက်လှမ်းနိုင်စေဖို့လည်း အကူအညီဖြစ်စေမှာပါ။ အိမ်တွင်းကွန်ရက်လွှမ်းခြုံမှုရဲ့ အင်မတန်အရေးပါပုံနဲ့ မြန်မာ ICT/FTTH နယ်ပယ်အတွက် စံချိန်စံညွှန်းတွေ သတ်မှတ်ဖို့ လိုနေပြီဆိုတာကို ဒီပွဲကနေ မိတ်ဖက်အဖွဲ့အစည်းတွေကို အသိပေးနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု Huawei Myanmar ၏ CEO ဖြစ်သူ Mr. Zhangliman က ပြောသည်။

ယနေ့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် ဟွာဝေးပူးပေါင်း၍ လက်မှတ်ရေးထိုးရာတွင် အချက်သုံးချက်ကို အဓိက သဘောတူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ။

အနာဂတ်သို့ သယ်ဆောင်သွားနိုင်သော မြို့တော်ရန်ကုန်၏ သင်ခန်းစာများ......မှ

ခရီးသည်တင် ယာဉ်လိုင်းကြီးအချို့ဟာ နှစ်သစ်ကူးအခါသမယမှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ကြပါတယ်။ ထိုသို့ ရပ်တန့်ထားသော ယာဉ်လိုင်းများရှိသလို ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ရှေးရှုထွက်ခွာပြေးဆွဲပေးခဲ့သော ယာဉ်လိုင်းကြီးများလည်းရှိခဲ့သည်။ သင်္ကြန်တွင်း ခရီးသွားများအဆင်ပြေချောမွေ့ရေးဦးစားပေးခဲ့သော ယာဉ်လိုင်းများအနက် အချို့မှာ ယာဉ်စီးခကို ပိုမိုကောက်ခံခဲ့ကြသည်။ အချို့ ယာဉ်လိုင်းများမှာ သတ်မှတ်နှုန်းထားအတိုင်းသာ ကောက်ခံခဲ့ကြသည်။ သို့သော် ထိုယာဉ်လိုင်းက ရှားရှားပါးပါးတစ်လိုင်းသာရှိသည်ဟု ကြားသိခဲ့ရသည်။ ယာဉ်လိုင်းများကောက်ခံသည့်ဈေးနှုန်းက ၅၀၀- ၁၀၀၀ ကျပ်သာဖြစ်သည့်အတွက် ယာဉ်အစီးရေရှားပါးသောကာလတွင် ခရီးသွားများ သည်းခံစီးနင်းခဲ့ရသည်။ မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းတွင် အချို့ယာဉ်လိုင်းများ ဈေးနှုန်းပိုမိုတက်ခဲ့သည်။ နံနက်ပိုင်းနှင့် ယခင်နေ့များက ၅၀၀ ကျပ်တန်ခရီးကို ညနေပိုင်းတွင် ၁၀၀၀ ကျပ်အထိတိုး၍ ကောက်ခံခဲ့ကြသည်။ မည်သို့ဆိုစေ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အနားမယူပြေးဆွဲပေးခဲ့သော ဝိုင်ဘီအက်စ်မှာ ကျေးဇူးတင်စရာကောင်းလှသည်။

နှစ်သစ်ကူးကာလအတွင်း နေ့နေ့ညည ရန်ကုန်မြို့အနှံ့ မြင်တွေ့ရသော ဝန်ထမ်းများမှာ အစိမ်းရောင်အပေါ် ဝတ်စုံကို ဆင်မြန်းထားသော ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းများ၊ ထင်သာမြင်သာ လိမ္မော်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသော သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများဖြစ်သည်။ အများပြည်သူ ပျော်ရွှင်စွာ ရေကစားလည်ပတ်နေချိန်တွင် လည်းကောင်း၊ ပြည်သူများ ညဘက်အိပ်စက်အနားယူချိန်တွင် လည်းကောင်း တစ်နေ့တာကာလ စွန့်ပစ်ခဲ့သမျှသောအမှိုက်ဟူသမျှကို လိုက်လံသိမ်းဆည်းကြရသည်။ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပစေရေးအတွက် လှုပ်ရှားမှုတစ်ရပ်ကို ၂၀၁၇ ခုနှစ် မေလမှစတင်ကာ ယနေ့အထိ ပရဟိတ အသင်းပေါင်း ၅၀ နီးပါးက ပူးပေါင်းဆောင်ရွက်လျက်ရှိကြပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှစတင်ကာ အမှိုက်လျှော့ချရေးနှင့် စွန့်ပစ်အမှိုက်ဆိုင်ရာကျောင်း အသိပညာပေးခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Clean Yangon စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပရဟိတအသင်းများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါတယ်။

ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်မှာ စွန့်ပစ်အမှိုက်များက မဟာသင်္ကြန်ပွဲတော်ရက်အတွင်း နေရာအနှံ့ ပြန့်ကျဲခဲ့သည်။ ရန်ကုန်မြို့တော်သည် အနယ်နယ်အရပ်ရပ်က အကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့နေထိုင်သူတို့၏ ပျော်စရာဘုံနန်းဖြစ်နေခဲ့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လှိုင်သာယာ၊ ရွှေပြည်သာစသော မြို့စွန်မြို့နယ်များမှ လမ်းဘေးဈေးသည်များအဖြစ် ရောင်းချလိုသူများက သင်္ကြန်ပွဲတော်မကျင်းပမီကပင် အင်းလျားကန်ပေါင်ဘေးပြည်လမ်းမတွင် နေရာယူထားပြီးဖြစ်သည်။ ထိုထိုဈေးသည်အပေါင်း၏ နေ့စဉ်ရောင်းချမှု၊ လာရောက်လည်ပတ်သော အနယ်နယ်အရပ်ရပ်က ကာလသားသမီး၏ စွန့်ပစ်အမှိုက်များကြောင့် ရန်ကုန်သင်္ကြန်သည် မျက်နှာမရဖြစ်ခဲ့သည်။သန့်ရှင်းရေးအတွက် လူထုလှုပ်ရှားမှုများ ထပ်မံပြုလုပ်ပါကလူနေထူထပ်သော မြို့တွင်းနေရာများကိုသာမက အနယ်နယ်အရပ်ရပ်မှ လူအများ စုဝေးနေထိုင်ရာ လှိုင်သာယာ၊ ရွှေပြည်သာကဲ့သို့ မြို့စွန်မြို့နယ်များသို့ပါ သွားရောက်ပညာပေးမှုများ ပြုလုပ်သင့်ပါတယ်။

ဤသည်တို့မှာ သတိထားစရာများအဖြစ် အနာဂတ်သို့ သယ်ဆောင်သွားနိုင်သော မြို့တော်ရန်ကုန်၏ သင်ခန်းစာများပင် ဖြစ်သည်။ ။